


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဆွေးကြွေလှသဲ

ရွှေစင်ဖြင့် သွန်းလုပ်ထားသော အရုပ်ကလေးနှင့် တူလှသည်ဟု မိဘနှစ်ပါးက ချစ်စနိုးဖြင့် 'ရွှေစင်' ဟု အမည်ပေးခဲ့သော်လည်း ဆွေဂုဏ်၊ မျိုးဂုဏ်၊ နေဂုဏ် နုံချာသည့် ဘဝသို့ ရောက်ရှိနေရခြင်းကြောင့် 'ရွှေစင်'၏ အမည်မှာ အိမ်အစေအပါး သာမန်ဆင်းရဲသားအမည်အဖြစ်ဖြင့်သာလျှင် အသိအမှတ်ပြုခြင်း ခံရပေတော့သည်။

ဖခင် ဗိန္ဒောဆရာကြီး ဦးရွှေကြုတ်သာ ရှိနေသေးလျှင် အပျိုအရွယ်သို့ ရောက်ကာ အလှကျက်သရေဖြာဝေ တက်ကြွလျက်ရှိသော ရွှေဇင်မှာ ကာလသားများ၏ မျက်တောင်ပေါ်တွင် စကြီလျှောက်နေရမည်ဖြစ်သည်နှင့်အမျှ ချွေးမလောင်းရှာနေကြသော မင်းပိုင်း စိုးပိုင်း လူကုံထံပိုင်းမှ မိဘအများပင် အရေးတယူ ရှိကြမည်ဖြစ်၍ ရွှေဇင်၏ ဘဝမှာ လွန်စွာပင် သာယောင်သာယာ ရှိပေလိမ့်မည်။

သို့သော် ရွှေဇင် ခြောက်နှစ်သမီးအရွယ်လောက်ကပင် ဆရာကြီး ဦးရွှေကြုတ် အနိစ္စရောက်ရှိသွားခဲ့ရာ ရွှေဇင်တို့သားအမိမှာ အားကိုးရာမဲ့ အခြေအနေသို့ ရောက်ရှိခဲ့ကြပြီးမှ ရွှေဇင်၏မိခင်က

www.burmeseclassic.com

www.burmeseclassic.com



နောက်အိမ်ထောင်ပြုလိုက်သဖြင့် ရွှေဇင်မှာ ပထွေး၏ ပေးကမ်းကျွေးမွေးမှုဖြင့် ကြီးပြင်းခဲ့ရကာ အပျိုအရွယ်သို့ ရောက်ရှိလာခဲ့လေသည်။

ရွှေဇင်မှာ ဖခင်ဦးရွှေကြုတ်တို့ဘက်က ဆွေကောင်းမျိုးကောင်းများ ရှိသော်လည်း မိခင်၏ နောက်အိမ်ထောင်ပြုမှုကြောင့် ထိုဆွေမျိုးများက အဆက်ဖြတ်ထားကြသဖြင့် ငယ်စဉ်ကပင် ဆွေနည်းမျိုးနည်း အဖြစ်သို့ ရောက်ကာ မိခင့်တစ်မျက်နှာကိုသာ အားကိုးနေခဲ့ရရှာသည်။

ထိုသို့ နေလာခဲ့ရာက ရွှေဇင် (၁၈) နှစ်သမီးအရွယ်သို့ ရောက်လာရာတွင် မိခင်အနိစ္စရောက်သွားပြန်ရာ ရွှေဇင်မှာ ပထွေးနှင့်လည်း အတူတူမနေနိုင်တော့ဘဲ မျောက်သစ်ကိုင်းလွတ်သည့်အဖြစ်သို့ ရောက်ခဲ့ရပြီးလျှင် ခင်မင်နီးစပ်ရာ သူများအိမ်တွင် မှီခိုကပ်ရပ်နေခဲ့ရရာက အငြိမ်းစား အရေးပိုင်ကြီး ဦးဘသင်နှင့် မင်းကတော်ကြီး ဒေါ်ဒေါ်အုန်းတို့ အိမ်တွင် အိမ်တွင်းမှု ဗာဟီရကိစ္စ လုပ်ကိုင်ပေးရန် အိမ်ကူအဖြစ်ဖြင့် ရောက်လာခဲ့လေ၏။

မင်းကတော်ကြီးအိမ်တွင် အခြားလက်တိုလက်တောင်း အခိုင်းအစေများရှိလေရာ ရွှေဇင်မှာ အလုပ်ကို ပင်ပင်ပန်းပန်း မလုပ်ရပေ။ သူ့ရုပ်ရည်ကလေးကလည်း အခိုင်းအစေနှင့် မတူသဖြင့် မင်းကတော်ကြီးက ချစ်၍နေကာ အရေးပေးထားသည့်အလျောက် အိမ်တံမြက်စည်းလှဲ၊ ဘုရားဆွမ်းတင် ပန်းတင်၊ ဧည့်သည်လာလျှင် လက်ဖက်ရည်သယ်ချ၊ မင်းကတော်ကြီး ဘုန်းကြီးကျောင်း တရားနာသွားလျှင် သူပါ ယောဂီတဘက်ကလေး လောဘတ်ထိုး၍ လိုက်ပါရလေ၏။

သို့အားဖြင့် သူစိမ်းတစ်ရံဆံထဲက တွေ့ရလျှင် ရွှေဇင်အား



မင်းကတော်ကြီး၏ သမီးလား တူမလားဟု ထင်မိကြလေသည်။ တစ်အိမ်လုံးကပင် မင်းကတော်ကြီးအား မေမေကြီးဟု ခေါ်နေကြရာ ရွှေဇင်အဖို့ ထိုသို့ ခေါ်ရသည်မှာ နှုတ်အားဖြင့် အခရာပိုခြင်း မဟုတ်ဘဲ စိတ်ထဲကပါ စေတနာပါလျက် တကယ့်မိခင်ကြီးသဖွယ် ရိုသေလေးစားမိပေ၏။

ဤသို့လျှင် လူ့လောက သံသရာကြီးအတွင်း၌ ခရီးပြင်းလျှောက်လာခဲ့သော ရွှေဇင်မှာ စမ်းရေအိုင်နှင့် အေးရိပ်သာကလေးသို့ ရောက်ရှိလာရသဖြင့် အပန်းဖြေရတော့မည်ဟု ပျော်ရွှင် နှစ်သိမ့်နေခဲ့ရာ 'မယ်ဇင်ရေ··· မနက်ဖြန် မောင်လှဝေ ပြန်လာလိမ့်မယ်။ အပေါ်ထပ်က တောင်ဘက်ခန်းကို ရှင်းထားမှပဲ' ဟု မင်းကတော်ကြီး ပြောလိုက်သည့် စကားသည် ရွှေဇင်၏ ဘဝဇာတ်ခုံတွင် နောက်တစ်ခန်းပြောင်းမည့် အချက်ပေး စကားကဲ့သို့ ဖြစ်သည်ကို ရွှေဇင် မတွေးမိချေ။

ထို့ပြင် မင်းကတော်ကြီး၏သား ပြန်၍ ရောက်လာမည်ဆိုခြင်းကြောင့်လည်း စိတ်ထဲတွင် ထူးထူးခြားခြား လှုပ်ရှားခြင်းလည်း မဖြစ်မိ။ ဘယ်အရွယ်လောက်ရှိလိမ့်မည်။ ချောသလား၊ လှသလား ဟူ၍လည်း စဉ်းစားခန်းမဝင်၊ မင်းကတော်ကြီး၏ အမိန့်စကားအတိုင်း အခန်း ရှင်းလင်းပြင်ဆင်မှုကို ဝတ္တရားတစ်ခုအနေဖြင့်သာ ကျေပွန်စေခဲ့ပေ၏။

သို့သော် မောင်လှဝေ ရောက်လာသည့်အခါ၌ကား မျက်လုံးချင်း ဆုံလိုက်သည့် တစ်ခဏမှာပင် စိတ်ထဲတွင် တစ်မျိုးအမည် လှုပ်ရှားခြင်း ဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှဝေသည် ရွှေဇင်ကို မြင်လိုက်ရသည်တွင် ရုတ်တရက် မျက်နှာ လွှဲခွာ၍မရဘဲ အတန်ကြာစိုက်၍ ကြည့်နေမိပြီးနောက် ဒေါ်အုန်းအုန်းဘက်သို့လှည့်ကာ 'သူဘယ်သူလဲ မေမေ' ဟု တိုးတိုးမေးလိုက်၏။

ထိုသို့မေးလိုက်သည့်အတွက် ဒေါ်အုန်းအုန်းမှာ မျက်စိမျက်နှာမလှ ဖြစ်သွားပြီးမှ ပြန်၍ မျက်နှာဆယ်ကာ 'အို… ခိုင်းတဲ့ကလေးမပါ' ဟု စကားပြတ် ပြောလိုက်ရလေသည်။

ရွှေဇင်မှာ ယခု အသက်အရွယ်သို့ ရောက်ရှိလာသည့်တိုင်အောင် တစ်ခါမျှ ရည်းစားမထားခဲ့၊ ချစ်စိတ်ဆိုသည်မှာလည်း မပေါ်ခဲ့ဖူးပေ။ သို့သော် ဤလောကကြီးမှာ အချစ်နှင့်မကင်း တဏှာရမ္မက်နှင့် မကင်းသည်ကိုကား သူသိ၏။ နားလည်ခဲ့၏။ ထို့ကြောင့်လည်း ပထွေးနှင့်အတူ နေခဲ့ရစဉ်က ယောကျ်ားတို့၏ ဖောက်ပြားတတ်သောသဘောရှိခြင်းကို စဉ်းစားဆင်ခြင်မိသည့်အလျောက် လွတ်လွတ်ကင်းကင်းရှိအောင် အနေအထိုင် အပြောအဆို အစစအရာရာ ဆင်ခြင်လျက် သတိဝီရိယနှင့် အမြဲနေခဲ့၏။ မိခင်ဖြစ်သူကလည်း ရွှေဇင် အရွယ်ရောက်လာသည့် အချိန်ကစ၍ သမီးအတွက် ပထွေး၏ အနှောင့်အယှက် မရှိရအောင် ကာကွယ်ပေးခဲ့လေသည်။

သို့အားဖြင့် အလှရှိ၍ ခနမရှိသော မိန်းကလေးများအဖို့ ကျားရဲခြင်္သေ့တို့၏ အကြားတွင် ခရီးသွားနေရသကဲ့သို့ ဘေးအန္တရာယ်ကြီးမားလှသည်ကို ရွှေဇင် သိရှိ နားလည်ခဲ့သည့်အလျောက် မိမိကိုယ်ကို အကာအကွယ် အစောင့်အရှောက် အမြဲထားခဲ့လေရာ အကျင့်တစ်ခုပင်ဖြစ်၍ လာခဲ့လေသည်။



ထို့ကြောင့်လည်း သီတင်းကျွတ်ကျောင်းပိတ်ရက် တစ်လရ၍ တက္ကသိုလ်မှ ပြန်လာသော မောင်လှဝေက မိမိအပေါ်တွင် အတော်ကလေး ဂရုတစိုက်လုပ်နေသည်ကို တွေ့ရသောအခါ ရွှေဇင်သည် မိမိကိုယ်ကို ကာကွယ်ရန် အမြဲပင် သတိထားနေရလေ၏။

ထိုသို့ ရွှေဇင်က သတိထားနေရခြင်းမှာ လှဝေကဲ့သို့ ဂုဏ်သရေရှိ မိဘများ၏ ပညာတတ်သားတစ်ယောက်ကို မိမိက မချစ်နိုင်မကြိုက်နိုင်၍ မဟုတ်ပေ။ မိမိဘက်က နေ၍ ကြည့်လျှင် မတူမတန်ဟု သဘောမထားနိုင်ချေ။ သို့သော် လှဝေဘက်ကကြည့်လျှင် မိမိမှာ သူနှင့်မတူမတန်ဖြစ်လေရာ မိမိအား တကယ့်မေတ္တာနှင့် ချစ်နိုင်မည်မဟုတ်။ တကယ်ချစ်သည့်တိုင်အောင်လည်း သူ၏မိဘများက သဘောတူနိုင်ကြမည်မဟုတ်။ သို့ဖြစ်သည့်အတွက် မိမိအပေါ်၌ လှဝေ၏ အာရုံစူးစိုက်နေခြင်းမှာ ပန်းဝတ်ရည်ကို သောက်သုံးရန်လောက်သာ နားလည်သော ရွှေလိပ်ပြာ၏ အာသာဆန္ဒရှိမှုမျိုးသာ ဖြစ်ပေလိမ့်မည်ဟု ရွှေဇင် တွေးထင်မိခဲ့လေသည်။

အကယ်၍ လှဝေသည် မိမိ၏ အလှကြောင့် တကယ်တမ်းစွဲလမ်းနေသည်ဟု ဆိုရစေကာမူ မိမိတို့၏ အချစ်လမ်းခရီးမှာ သာယာဖြောင့်ဖြူးနိုင်စရာမရှိ။ သူ၏ မိဘများက မည်သည့်နည်းနှင့်မျှ ကျေနပ်သဘောတူနိုင်စရာ အကြောင်းမရှိသဖြင့် သူသော်လည်း နစ်မွန်းရမည်။ မိမိသော်လည်း နစ်မွန်းရမည်။ သူ နစ်မွန်းလျှင် မိမိလည်း နစ်မွန်းမည်ပင်။ သူအနစ်အမွန်းမခံရစေဘဲ မိမိက အနစ်အမွန်းခံလိုက်လျှင် မိမိ၏ နစ်မွန်းမှုမှာ သာ၍ ဆိုးချေမည်။ မိမိအဖို့ကား ဆူးကျဖက်ပေါက် ဖက်ကျ ဖက်ပေါက် ဆိုသကဲ့သို့ နစ်နာမှုဘက်ကသာ

www.burmeseclassic.com



ရှိနေသည်ဟု တွေးတော ဆင်ခြင်မိ၏။

လှဝေကား ရွှေဇင့်ကို တွေ့ကတည်းကပင် တစ်ခါမျှ မပေါ်ခဲ့ဖူးသော အချစ်စိတ် ပေါ်လာခဲ့မိလေသည်။ ထိုသို့ ပေါ်ခဲ့မိရာတွင် ဆွေဂုဏ်၊ မျိုးဂုဏ်၊ နေဂုဏ်၊ ဘ၀ဂုဏ်တို့ကို စဉ်းစားလိုက်မည်ဆိုပါက မိဘများက မကျေနပ်နိုင်၊ သဘောမတူနိုင်။ မိမိ၏ အချစ်မှာ မပြေပြစ်နိုင်သည်ကို စဉ်းစားမိကာ မချိနိုင် မချနိုင် ဖြစ်ရလေတော့၏။

သို့သော် အချစ်ကား မြင်တတ်သောမျက်စိ မရှိချေ။ သို့ဖြစ်၍ လှဝေသည် ရွှေဇင့်အား နှစ်ကိုယ်ချင်း တွေ့ရန် အမျိုးမျိုး ကြံစည်ချောင်းမြောင်းခဲ့လေ၏။ ရွှေဇင်ကလည်း တတ်နိုင်သမျှ ဝေးအောင်ရှောင်ခဲ့ရလေသည်။ ရွှေဇင့်အဖို့မှာ သက်တူရွယ်တူ လူပျိုတစ်ဦးတစ်ယောက်က တစ်ခါမျှ ရည်းစားစကား အပြောမခံခဲ့ရ။ လက်ဆွဲမခံခဲ့ရ။ ဖက်၍ နမ်းခြင်း မခံရလေရာ ယောကျ်ားပျိုတစ်ယောက်နှင့် နီးနီးကပ်ကပ် နေရလျှင် ထိုအဖြစ်မျိုးကို တွေ့ကြုံရလိမ့်မည်ဟု ထင်မှတ်ထားမိပြီးလျှင် ထိုသို့တွေ့ကြုံရခြင်းပင်လျှင် အပျိုဘ၀ ဆုံးရှုံးရလေမည်ကဲ့သို့ စိုးရွံ့မိခဲ့လေသည်။

မင်းကတော်ကြီး ဒေါ်ဒေါ်အုန်းကား သားမောင်လှဝေရောက်လာကတည်းက အမူအရာ ထူးခြားပြောင်းလဲနေသည်ကို တွေ့ရခြင်းဖြင့် သားကို ဂရုစိုက်၍ ကြည့်ရှုနေခဲ့လေသည်။ ရွှေဇင့်အပေါ်၌ကား ဘာမျှ အပြစ်ရှာ၍ မတွေ့နိုင်သည်ကို သိနေလေသည်။ မည်သို့ပင် ရွှေဇင်၌ အပြစ်မရှိစေကာမူ မိမိသားနှင့်တော့ မှားမှားယွင်းယွင်း အဖြစ်မခံနိုင်ပေ။ မှားစရာရှိလျှင် မိမိသား၏ အမှားသာလျှင် ဖြစ်မည်ကို သိလေသည်။ သို့သော် မိမိသားကိုတော့ဖြင့် ရွှေဇင်နှင့် တစ်စုံတစ်ရာအဖြစ်မခံနိုင်ပေ။



မိန်းမကောင်း မိန်းမမြတ်ဆိုသည်မှာ ကျမ်းဂန်၌ မည်သို့ဆိုထားစေကာမူ လူကုံထံပိုင်း အဖို့၌ကား အရည်အချင်းတစ်မျိုးဖြစ်၍ နေလေတော့သည်။ မည်သို့ပင် တိတ်တိတ်ပုန်းကမြင်း၍သော်လည်းကောင်း၊ ပွတ်သဘင်ပွဲတွင် လူတကာနှင့် တွဲဖက် ကလက်ခဲ့စေကာမူလည်းကောင်း၊ ငွေဂုဏ်၊ လူဂုဏ်၊ ဆွေဂုဏ် ရှိခဲ့လျှင် တန်ဖိုးရှိနေသည့် လောက၌ ရွှေဇင်မှာ အခိုင်းအစေတစ်ယောက်အဖြစ်မှလွဲ၍ လူရာမဝင် ဖြစ်နေလေတော့သည်။

ရွှေဇင်ကား လှဝေနှင့် မမြင်ကွယ်ရာတွင် နှစ်ကိုယ်ချင်း မတွေ့စေရန် တတ်နိုင်သမျှ ကြိုးစား၍ ရှောင်ရှားခဲ့၏။ သို့ဖြစ်စေကာမူ မတွေ့ တွေ့ရန် အစဉ်သဖြင့် ချောင်းနေသော လှဝေကို အဘယ်နည်းနှင့်မျှ ရှောင်ရှား၍ မရနိုင်တော့ပေ။ လှဝေကလည်း မည်သူမျှ မတွေ့မမြင်ဟု အောက်မေ့ကာ ရွှေဇင်၏လက်ကို ရဲရဲတင်းတင်း ဆွဲလျက် သူ၏အသည်းနှလုံးထဲ၌ ရှိသည့် အာသီသကို ထုတ်ဖော်လိုက်မိလေတော့သည်။ ရွှေဇင်မှာ ထိုသို့လက်ဆွဲခံရခြင်းသည်ပင်လျှင် တစ်ခါမျှ မကြုံကြိုက်ခဲ့ဖူးသည့်အလျောက် အပျိုရည်ပျက်သွားဘိသည့်အလား ထိတ်လန့်ကြောက်ရွံ့စွာ ဖယ်ရှား တိမ်းရှောင် ပြေးခဲ့ရလေတော့သည်။

လှဝေအဖို့မှာ အနုနှင့်မရလျှင် အကြမ်းကိုင်နိုင်ပေ၏။ ထိုသို့ အကြမ်းကိုင်သည့်အခါ ရွှေဇင်က မကျေနပ်သည့်တိုင်အောင် သူ့အဖို့ ဘာမျှမဖြစ်နိုင်ချေ။ ဆွေဂုဏ်၊ ငွေဂုဏ်တို့က သူ့အဖို့ ကာယ

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိဖြစ်နေလေသည်။ သို့သော် လှဝေ၏ စိတ်ထဲ၌ ထိုသို့ အခမ္မမှုကို မပြုလို။

'သဇင်ခက်ကယ်နယ်…မဆင်ရက်နိုင်နှင့်၊ ဘဝင်သက်ကယ်… ဆည်နိုင်စေ' ဟူသော ပတ်ပျိုးကလေးဖြင့်သာလျှင် အဆွေးနယ်ချဲ့ခဲ့ရလေသည်။ ထိုသို့ လှဝေက သီချင်းကလေးဖြင့် ညှလိုက်သည်မှာ ရွှေဇင်၏အသည်းစိုင်ကို ဓားကြီးခုတ်သကဲ့သို့ ထိခိုက်လှုပ်ရှားသွားစေသော်လည်း ထိပေါက်မည်ကို သိလျက် လက်မှတ်အတွက် (၂) ကျပ်ဖိုး အကုန်မခံနိုင်သူကဲ့သို့ ကျိတ်မှိတ် မျိုသိပ်ကာ နေရှာလေတော့သည်။

လှဝေနှင့် ရွှေဇင်တို့၏ အရိပ်အကဲကို အမြဲတစေ ကြည့်ရှုနေသော မင်းကတော်ကြီး ဒေါ်ဒေါ်အုန်းမှာ သားအတွက် တစ်နေ့ထက်တစ်နေ့ ရတက်မအေးနိုင်ဘဲ ရှိလေ၏။ ယင်းသို့ရှိနေရာက ကျောင်းတစ်လပိတ်ရက်ကုန်ဆုံး၍ တက္ကသိုလ်သို့ လှဝေပြန်သွားသဖြင့် စိတ်အေးချမ်းသာရှိ၍မှ မဆုံးခင် တန်ဆောင်တိုင်ကျောင်းပိတ်ရက်အနည်းငယ်ကလေးအတွင်းမှာပင် သားဖြစ်သူပြန်၍ ရောက်လာပြန်သည်ကို တွေ့ရလေရာ သားကိုကား တားမြစ်၍ မရနိုင်မှန်းသိသဖြင့် ရွှေဇင်အား အိမ်၌ မနေရစေရန် ဆုံးဖြတ်လိုက်ရလေတော့၏။

သို့ဖြစ်လေရာ ရွှေဇင်မှာ မိမိ၌ ဘာမျှ အပြစ်မရှိဘဲလျက်နှင့် မင်းကတော်ကြီး ဒေါ်ဒေါ်အုန်းအိမ်မှ ထွက်ခွာရတော့မည်ဖြစ်ရာတွင် မည်သူ့ကိုမျှ စိတ်မနာ။ မည်သူ့ကိုမျှ အပြစ်မရှာဘဲ မိမိ၏ ကံအကြောင်း မလှမှုကိုသာ ဝမ်းနည်းမိလျက် မိခင်သဖွယ် အားကိုးခဲ့သော မေမေကြီးအား ကန်တော့ရင်း မျက်ရည်တွေတွေကျမိလေ



တော့၏။

ဒေါ်အုန်းမှာလည်း မလွှဲသာ၍ ရွှေဇင်အား ပြန်လွှတ်လိုက်ရသော်လည်း မွေးစားသမီးတစ်ယောက်ကို ရာသက်ပန် စွန့်လိုက်ရသကဲ့သို့ စိတ်မကောင်းဖြစ်မိကာ မြန်မာထုံးတမ်းစဉ်လာအရ ဆုံးကောင်း ဆုမြွက်ပေးရင်း 'မေမေကြီးတော့ဖြင့် သမီးကို ခွဲရတာ အင်မတန်မှ စိတ်မကောင်းပါဘူးကွယ်၊ သို့ပေမဲ့လည်း ဖြစ်သမျှအကြောင်း အကောင်းလို့သာ သဘောထားဖို့ပဲ ရှိတယ်။ သမီးအဖို့ တစ်ခုပြောချင်တာ ရှိတာက ဒီလိုချောချောလှလှ ရုပ်ရည်ကလေးရှိတဲ့ မိန်းကလေးတစ်ယောက်ဟာ တစ်ကိုယ်ရေတစ်ကာယ အထိန်းအကြပ် အကာအကွယ်မရှိရင် အင်မတန် ဘေးအန္တရာယ်ကြီးလှတယ်ဆိုတာကိုတော့ အမြဲပဲ သတိပြုစေချင်တယ်။ ကဲ…ကဲ… သွားဦးတော့၊ သွားဦးတော့' ဟု သတိပေးလိုက်ရှာလေ၏။

ရွှေဇင်မှာ အလွန်ပူပြင်းလှစွာသော ဘဝလမ်းခရီး သံကန္တာရကြီး၏ အေးရိပ်သာကလေးမှ ဆက်လက်ခရီးထွက်ခဲ့ရရာက တစ်မြို့တစ်ရွာ တစ်ဂေဟာသို့ ရောက်ခဲ့ရပြန်ရှာလေ၏။

ယခု ရောက်လာရသည့် အိမ်တွင် အိမ်ရှင်မှာ အသက် (၄၀) ကျော်မျှသာ ရှိသေးသော်လည်း ဥစ္စာပစ္စည်း ချမ်းသာသလောက် ကျန်းမာမှု ချို့တဲ့ကာ လူမမာတစ်ပိုင်း ဖြစ်နေရှာပေ၏။ လူကလည်း မကျန်းမာ၊ ရုပ်ဆင်းအင်္ဂါကလည်း စိန်၊ ရွှေတို့နှင့် မွမ်းမံမထားပါက တစ်ခါမြင်မိလျှင် နောက်ထပ် ကြည့်ချင်လောက်စရာ မရှိပေ။ သို့သော် စိတ်စေတနာကား အထူးကောင်းမွန်လှသူဖြစ်သည့်အလျောက် မိမိအတွက် အကူအညီရောက်လာသူ ရွှေဇင်အပေါ်တွင် အထူးပင်

www.burmeseclassic.com

www.burmeseclassic.com



ကြင်ကြင်နာနာ ရှိလှပေတော့၏။ ထို့ကြောင့်လည်း ရွှေဇင်မှာ အိမ်မှုကိစ္စတို့ကို ပင်ပင်ပန်းပန်းလုပ်ရသည် မရှိပေ။ လိုအပ်လျှင် လက်ဆုပ်လက်နယ် နှိပ်နယ်လုပ်ကိုင်ပေးရသည်ကလွဲ၍ အခြားအချိန်အခါများတွင် စာဖတ်ပြရခြင်း၊ တစ်ခါတစ်ရံ သီချင်းဆို၍ ဖြေဖျော်ရခြင်း အလုပ်လောက်သာလျှင် ရှိပေ၏။ ဤအလုပ်လောက်နှင့် ရွှေဇင်အဖို့ ဝတ်ရေးမပူရ၊ စားရေးမပူရသည့် ဘဝ၌ ပျော်မွေ့စရာချည်း ဖြစ်ခဲ့ရာက သုံးလေးလလောက် ကြာ၍လာလျှင်ပင် ထိုအိမ်ရှင်မ၏ ယောကျ်ားအတွက်နှင့် စိတ်လက် မချမ်းသာစရာ ပေါ်၍လာခဲ့ရပြန်လေ၏။

ရွှေဇင်၏ အသက်နှင့် စာလျှင် ဦးထွန်းမြတ်ဟု ခေါ်အပ်သော ကိုထွန်းမြတ်မှာ ဒေါ်သန်းနုကို ယူရာတွင် မေတ္တာကြောင့်မဟုတ်ဘဲ ငွေကြောင့်သာလျှင် ဖြစ်ပေ၏။ ထိုအကြောင်းကို စောစောက ရွှေဇင် မသိရသော်လည်း တစ်လ နှစ်လလောက် နေ၍ လာခဲ့သည့်အခါ သူပြော ငါပြောအပြင် ကိုယ်တွေ့မျက်မြင်အရ သိရှိရလေသည်။

ကိုထွန်းမြတ်သည် မသန်းနု၏ ရှေ့မှောက်တွင် သားမယားအပေါ်၌ လွန်စွာ ခင်မင်ကြင်နာ ယုယသူတစ်ယောက်၏ အပြုအမူမျိုးဖြင့် ဂရုတစိုက် ပြုစုလုပ်ကိုင်သည်ကို တွေ့ရပေ၏။

ကိုထွန်းမြတ်မှာ အင်္ဂါရုပ်ကောင်းသလောက် အပြောအဆိုကလည်း အတော်ပင် ရည်မွန်သူတစ်ယောက် ဖြစ်ပေ၏။ ထိုသို့ ဖော်ရွေမှုကြောင့် ရွှေဇင်မှာ ထိုလင်မယားနှစ်ယောက်စလုံးအပေါ်တွင် ခင်မင်တွယ်တာခဲ့မိလေသည်။ သို့သော် ကိုထွန်းမြတ်၏ ဂရုစိုက်မှု၊ ဖော်ရွေမှုမှာ သာမန်ထက် ထူးကဲလာသည်ကို တွေ့လာရသောအခါ



ရွှေဇင်အဖို့ အနှောင့်အယှက်သဖွယ် ဖြစ်လာလေ၏။

အစ၌ ရွှေဇင်သည် ကိုထွန်းမြတ်အား မိမိနှင့် သက်တူရွယ်မျှ မဟုတ်သဖြင့် မသင်္ကာစိတ် မရှိခဲ့ချေ။ တဖြည်းဖြည်း ကိုထွန်းမြတ်၏ အမူအရာ ထူးခြားလာရာတွင် ရွှေဇင်မှာ ကိုထွန်းမြတ်နှင့် နှစ်ယောက်တည်း အလွတ်တွေ့ရမည်ကို ကြောက်ရွံ့ကာ အမြဲလိုလိုပင် ဒေါ်သန်းနု၏ အနီးအပါးတွင်သာ ကပ်ရပ်၍ နေရလေ၏။

ထိုအထဲကပင် မလစ်လိုက်နှင့်၊ လစ်လိုက်လျှင် ရွှေဇင်အနီးသို့ ကိုထွန်းမြတ် ရောက်၍လာကာ ထိကပါးရိကပါး လုပ်လေ့ရှိပေ၏။ လှဝေနှင့် တွေ့ရစဉ်က ထိုသို့ပြုမူခြင်း မခံခဲ့ရပေ။ လှဝေမှာ လူပျိုအစိမ်းသက်သက် ဖြစ်သဖြင့် ဇက်ရဲ လက်ရဲ မရှိလှ။ ထို့ပြင် ရိုးရိုးဖြောင့်ဖြောင့် ချစ်ကြိုက်နေခြင်း ဖြစ်သည့်အတွက် ကောက်ကောက်ကွေ့ကွေ့ ကြံစည်မှုကို မတွေ့ခဲ့ရပေ။

ကိုထွန်းမြတ်ကား နွားပျိုသန်လှ၊ နွားအိုပေါင်ကျိုး ဆိုသကဲ့သို့ မ,ကိစ္စတွင် ကျင်လည်နေပြီးသား ဖြစ်လေရာ လှဝေထက် ရဲတင်းလှပေတော့သည်။ သို့ဖြစ်၍ ရွှေဇင်က မည်မျှ သတိထားကာ ရှောင်နေစေကာမူ အမြဲချောင်းနေသော ကိုထွန်းမြတ်ကို မလွတ်နိုင်အောင် ရှိရလေ၏။

တစ်နေ့တွင် ကိုထွန်းမြတ် အပြင်ထွက်သွားသဖြင့် ရွှေဇင်သည် ဒေါ်သန်းနုအနားမှ ခွာပြီးလျှင် အခန်းတစ်ခုထဲတွင် စိတ်အေးလက်အေး အဝတ်ချုပ်နေစဉ် မမျှော်လင့်ဘဲ ကိုထွန်းမြတ် ပြန်ရောက်၍ လာလေ၏။

ကိုထွန်းမြတ်သည် အပြင်သို့ သွားရာက တစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မေ့ကျန်ရစ်သဖြင့် ပြန်၍ယူရန် လာသကဲ့သို့ ဝင်လာခြင်း ဖြစ်၏။ စင်စစ်သော်ကား တမင်ဟန်လုပ်၍ အပြင်ထွက်သွားခြင်း ဖြစ်ကာ ရွှေဇင်တစ်ယောက်တည်း ရှိနေစဉ်တွင် မိအောင်ဖမ်းရန် ကြံရွယ်ချက်နှင့် ပြန်လာခြင်း ဖြစ်လေသည်။

ရွှေဇင်သည် ထိုအကြံကို ရိပ်မိကာ လက်ထဲက ချုပ်လက်စ အဝတ်ကိုချ၍ ထိုင်ရာမှ ဆတ်ခနဲထ,ပြီးလျှင် အခန်းအပြင်ဘက်သို့ ထွက်သွားမည်အပြုတွင် ကိုထွန်းမြတ် တံခါးဝမှ ကာဆီးထားကာ ရွှေဇင်၏ ကိုယ်ကလေးကို သိမ်းကျုံး၍ ပွေ့ဖက်လိုက်လေ၏။

ရွှေဇင့်အဖို့မှာ အိမ်ရှင်နှင့် အစေခံဖြစ်နေသည့်အတွက် အော်ရမည်မှာလည်းအခက် ငြိမ်နေရမည်မှာလည်း ခက်ကာ ကိုထွန်းမြတ်၏ လက်ထဲမှ ရုန်းကန်ဖယ်ရှားနေရလေတော့၏။

"မင်းကို တကယ်ချစ်လို့ပါ ရွှေဇင်ရယ်။ တကယ့်ကို ချစ်လွန်းလို့ပါ"

"ဟင့်အင်း...ဟင့်အင်း... မသိဘူး၊ ကျွန်မ နားမလည်ဘူး လွှတ်ပါ ဒီလိုမလုပ်ပါနဲ့"

"ဒီလိုနဲ့တော့ မလွှတ်နိုင်ဘူး၊ ချစ်တယ်ဆိုမှ လွှတ်မယ်"

ရွှေဇင်ကား အားအင်ရှိသမျှ တွန်းကန် ရုန်းဖယ်ရှာ၏။ သို့သော် အားချင်းမမျှရှိလေရာ ကိုထွန်းမြတ်၏ လက်ထဲမှ မလွတ်ဘဲ တအားကျုံးပွေ့ကာ ပါးနှစ်ဖက်အား ပူခနဲ ရှိမ်းခနဲ ဖြစ်သွားအောင် မွှေးကြူခြင်း ခံလိုက်ရလေ၏။

ရွှေဇင်မှာ ရုတ်တရက် မှိန်ထူသွားပြီး တစ်မျက်နှာလုံး နီမြန်းလျက်ရှိကာ မိမိအား တင်းကျပ်စွာ ပွေ့ဖက်ထားသော ကိုထွန်းမြတ်



၏ လက်တစ်ဖက်ကို ပါးစပ်နှင့် ကုန်း၍ ကိုက်လိုက်မှ ကိုထွန်းမြတ်၏ လက်ထဲက လွတ်သွားလေတော့၏။

'ကြည့်စမ်း...ကြည့်စမ်း...၊ မင်း ငါ့ကိုကိုက်တယ် ဟုတ်လား၊ အေး... သိကြရောပေါ့' ဟု ဆိုကာ ကိုထွန်းမြတ်သည် သူ့လက်၌ အကိုက်ခံရသည့်ဒဏ်ရာကို ဂရုစိုက်၍ ကြည့်နေစဉ် ရွှေဇင်က အခန်းထဲမှ အလစ်ထွက်ပြေးခဲ့လေ၏။

ရွှေဇင်ကား ဖြစ်ပျက်ခဲ့သည့်ကိစ္စအတွက် မငိုနိုင်။ စိတ်ထဲတွင်သာ ကျိတ်၍ ဒေါသဖြစ်မိရာက တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်လေ၏။ ထိုဆုံးဖြတ်ချက်ကား ထိုအိမ်မှ ထွက်သွားရန် ဖြစ်လေတော့သည်။ မိမိမရှိခဲ့လျှင် ဒေါ်သန်းနု၌ အခိုက်အတန့်အားဖြင့် ကြည့်ရှုပြုစုမည့်သူ မရှိသည်ကို ရွှေဇင် တွေးလိုက်မိသည်။ မိမိအပေါ်၌ အလွန်ကောင်းခဲ့သော ဒေါ်သန်းနုအား ပစ်ထားခဲ့ရမည်ကို ရွှေဇင် စိတ်မကောင်းချေ။ သို့သော် ထိုအိမ်၌ မိမိ ကြာရှည်သဖြင့် နေခြင်းသည် တစ်နေ့နေ့တွင် ဒေါ်သန်းနု၏ အသည်းကွဲစေမည်ဖြစ်ရာ မိမိ ထွက်သွားခြင်းသည် နှစ်ယောက်စလုံး၏ ကောင်းကျိုးပင် ဖြစ်သောကြောင့် ထိုသို့ ဆုံးဖြတ်လိုက်ရခြင်းပင် ဖြစ်လေသည်။

"မမ ကျွန်မ အလုပ်ထွက်ပါရစေ"

ဒေါ်သန်းနုသည် ရွှေဇင်၏ စကားကို ကြား၍ အံ့အားသင့်နေပြီးမှ 'ညည်း တို့နဲ့နေရတာ မပျော်လို့လား' ဟု မေးလိုက်လေ၏။

"ကျွန်မ မပျော်စရာ ဘာမှမရှိပါဘူး၊ အလုပ်လုပ်ရတာလဲ အများကြီး သက်သာပါတယ်။ ဒါပေမဲ့လည်း ကျွန်မစိတ်ထဲက ဘယ်လိုမှန်း မသိဘူး၊ ပြန်ချင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညည်း… သွားချင်တာကိုတော့ မမလည်း မတားနိုင်ဘူး၊ စိတ်လည်း မကောင်းဘူး၊ တစ်ခုတော့ ညည်းကို သတိပေးလိုက်မယ်။ ညည်း အသက်အရွယ်ကလေးနဲ့ ညည်းရုပ်ရေကလေးနဲ့ဟာ လွတ်လွတ်လပ်လပ်နေလို့ မတော်ဘူး။ အကာအကွယ် အစောင့်အရှောက် မရှိရင် ခက်မယ်၊ ဘေးအန္တရာယ်များလှတယ်"

ဒေါ်သန်းနုသည် ရွှေဇင် အလုပ်ထွက်လိုသော အကြောင်းပြချက်ကို ယုံချင်မှ ယုံပေလိမ့်မည်။ မသင်္ကာရှိကောင်း ရှိမည်။ သို့သော် ဒေါ်သန်းနုထံမှ ရွှေဇင်ထွက်လာပြီးသည့်နောက် တစ်ကြိမ်တစ်ခါမျှ ထပ်၍ မတွေ့တော့သဖြင့် ဒေါ်သန်းနု၏ ထင်မြင်ချက်ကိုကား ရွှေဇင် မသိရချေ။

ရွှေဇင်မှာ ဒုက္ခဆင်းရဲမှုများ အကြားဝယ် ယောင်လည်လည် အဖြစ်သို့ ပြန်၍ ရောက်လာခဲ့ရလေပြီ။ အသိအကျွမ်းကို မှီခို၍ နေရသည့်အဖြစ်မှာ ကြာရှည်သဖြင့် ကောင်းလှသည် မဟုတ်ချေ။ စုဆောင်းမိသည့် ငွေကလေးမှာလည်း တစ်စတစ်စနှင့် လျော့ပါးစပြုလာလေရာ အလုပ်ရအောင် ရှာရပေဦးတော့မည်။

အလုပ်ရှာရသည်မှာလည်း မလွယ်လှပေ။ တစ်ကြိမ်က နှစ်ကြိမ် အနှောင့်အယှက် တွေ့လာခဲ့ပြီ ဖြစ်ရာ အလုပ်တွေ့တိုင်းလည်း လက်မခံနိုင်ဘဲ လိုတာမရ ရတာမလို ဖြစ်ရပြန်သေးသည်။ ရွှေဇင့်အဖို့မှာ မိမိ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အတတ်ပညာကလည်း မရှိခဲ့။ ရောင်းဝယ်စားရအောင်လည်း အရင်းအနှီးမရှိ ဖြစ်လေရာ သူတစ်ပါး၏အိမ်တွင် အစေအပါးအဖြစ်ဖြင့်သာလျှင် သူ၏အသက်မွေးမှုအတွက် အလွယ်ဆုံးဖြစ်နေပေတော့၏။



သို့နှင့်ပင် လက်ရှိငွေကလေး ကုန်လုနီးနီးအချိန်တွင် ကလေးထိန်းအလုပ်တစ်ခုကို ရပြန်လေ၏။

ကလေးထိန်းဆိုရာ၌ ကလေးကို ချီရ ပိုးရ အနီးလျှော်အဝတ်ဖွပ်ရသည့် အလုပ်မျိုးမဟုတ်ဘဲ သုံးနှစ်အရွယ် ကလေးတစ်ယောက်နှင့် ငါးနှစ်ရွယ်ကလေးတစ်ယောက်တို့ကို ထမင်းကျွေး၊ ရေချိုး၊ အဝတ်အစားလဲ၊ ညနေလမ်းလျှောက်ထွက်၍ ထိန်းကျောင်းပေးရသော နာနီအလုပ်မျိုးပင် ဖြစ်ပေ၏။

အိမ်ရှင်မဖြစ်သူ မစန်းမြင့်မှာ အသက် (၃၀) ကျော်လောက်သာ ရှိသေးလျက် ခေတ်ဆန်ဆန် ဝတ်စားနေထိုင်တတ်သူ ဖြစ်သဖြင့် ကလေးများအား ကိုယ်တိုင်မထိန်းဘဲ နာနီနှင့် ထားလေ့ရှိရာ ကလေးများ၏ ဆိုးလှခြင်းကြောင့် နာနီအမျိုးမျိုး ပြေးရသည်တွင် လူလိုနေခိုက် ရွှေဇင်မှာ အလုပ်ရခြင်း ဖြစ်ပေ၏။

မစန်းမြင့်မှာ ယောကျ်ားနှင့် ကွဲနေသော ခေတ်ပညာတတ်မိန်းမတစ်ဦးဖြစ်ပြီး သားသမီးများကလည်း ငယ်ငယ်ရွယ်ရွယ်များသာဖြစ်ကြလေရာ ရွှေဇင့်အဖို့မှာ လှဝေကဲ့သို့လည်းကောင်း၊ ကိုထွန်းမြတ်ကဲ့သို့လည်းကောင်း မိမိအား အနှောင့်အယှက်ပေးနိုင်မည့်သူ မရှိသဖြင့် ထိုအိမ်၌ အလုပ်ရသည်ကို များစွာ ရွှင်ပျော်ဝမ်းမြောက်နေမိလေ၏။ မစန်းမြင့်မှာ နဂိုကလည်း ပစ္စည်းရှိသည့်ပြင် ယောကျ်ားဖြစ်သူထံမှလည်း စားစရိတ်မှန်မှန် ရနေလေရာ အလုပ်အကိုင်ဟူ၍ ဘာတစ်ခုမှ မည်မည်ရရ မရှိဘဲ အိမ်တွင် နေ့စဉ်နှင့်အမျှ ပိုကာဝိုင်းဖွဲ့နေလေ့ရှိပေ၏။

တစ်ခါတစ်ရံ လူလိုလျှင် ရွှေဇင် ဝင်၍ ကစားရလေသည်။ ရွှေဇင်မှာ မူလက ဖဲမကစားတတ်သော်လည်း မစန်းမြင့် ထသွား

www.burmeseclassic.com

www.burmeseclassic.com



လာသွားလုပ်သည့်အခိုက် မကြာခဏ ဝင်၍ ဖဲကိုင်ပေးရရာက ထိုပညာမျိုးမှာ အခြားပညာထက် ပို၍ တတ်လွယ်သည့်အတိုင်း ကောင်းစွာ ကစားတတ်နေပေ၏။

ထိုပိုကာဝိုင်းသို့ လာလေ့ရှိသူများအနက် အချိန်မှန် ဝတ်မပျက်သူမှာ ကိုအေးငွေဆိုသူ တစ်ဦးပင် ဖြစ်ပေ၏။ ကိုအေးငွေမှာ အသက် (၄၀) ကျော်ခန့် ရှိ၍ အဝတ်အစားကို ကောင်းမွန်စွာ အမြဲဝတ်လေ့ရှိပြီး ငွေကိုလည်း ရက်ရက်ရောရော ပေးကမ်းသုံးစွဲတတ်သူ ဖြစ်လေသည်။ တစ်ခါတစ်ရံ လူလို၍ ရွှေဇင် ဝင်ရောက်ကစားရသည့်အခါတွင် ကိုအေးငွေကပင် အရင်းထုတ်ပေးလေ့ ရှိပေသည်။ ရွှေဇင်ကိုလည်း ကလေးထိန်းနာနီတစ်ယောက်ကဲ့သို့ သဘောမထားဘဲ အရေးတယူ ပြုလေ့ရှိသည်။

ကိုအေးငွေမှာ ဂုဏ်သရေရှိ လူလတ်တန်းစားတို့၏ အပေါ်ယံလွှာတွင် လှည့်လည်ကျက်စားနေသူတစ်ဦးဖြစ်ပါလျက် ရွှေဇင်ကဲ့သို့ အစေအပါးမိန်းကလေးတစ်ယောက်အား နှိမ့်ချခြင်းမရှိဘဲ တန်းတူသဘောထားသည်ကိုပင် ရွှေဇင်မှာ အလိုလို သဘောကျနေမိလေသည်။

ထိုသို့ အေးငွေ၏ အပေါ်၌ ရွှေဇင်၏ နှစ်သက်မှုမှာ ရိုးရိုးတမ်းတမ်း ခင်မင်မှုထက် ပို၍ ထူးကဲသည်ဟု ရွှေဇင်မထင်မိချေ။ အေးငွေမှာ အိမ်ထောင်မရှိ လူပျိုကြီးတစ်ယောက်ဖြစ်ခြင်းကို ရွှေဇင်သိသော်လည်း မိမိကိုတော့ဖြင့် မှန်းမည်မဟုတ်။ အိမ်သို့ မှန်မှန်လာနေခြင်းမှ မှန်းစရာရှိလျှင် မိမိ၏ အိမ်ရှင်မကလေး မစန်းမြင့်ကိုသာ မှန်းလိမ့်မည်ဟု ယုံကြည်ထားလေသည်။ ထို့ပြင် အေးငွေက မိမိအပေါ်



၌ ဂရုတစိုက်ပြုခြင်းမှာ ယခင်က တွေ့ရကြုံရဖူးသူတို့ကဲ့သို့ ကလိန်ကလက် အမူအရာမပါ။ တည်တည်ကြည်ကြည် ရှိလှပေသည်။

ရွှေဇင်မှာ မိမိအား အေးငွေက သမာဓိပိုး ပိုးပန်းနေခြင်းကို မရိပ်မိရှာပေ။ အကယ်၍သာ မစန်းမြင့်၏ ယောကျ်ားက မစန်းမြင့်အား ပြန်၍ ခေါ်သဖြင့် တောင်ကြီးသို့ လိုက်ပါသွားရန် အကြောင်းဖြစ်ပေါ်မလာခဲ့လျှင် မိမိအပေါ်၌ အေးငွေမျက်စိကျနေခြင်းကို ရွှေဇင်သိရမည် မဟုတ်ပေ။

ယင်းသို့ မစန်းမြင့်တို့ ပြောင်းရွှေ့သွားရန် စီစဉ်နေကြရာတွင် ရွှေဇင်မှာ အတူမလိုက်ပါနိုင်သည့်အလျောက် အလုပ်လက်မဲ့ဘဝထဲတွင် တစ်ဖန် ကျင်လည်ရဦးမည်ကို တွေးကာ ရှေ့ရေးအတွက် ရင်လေးနေမိရှာလေ၏။

ရွှေဇင်သည် ခြံထဲသို့ ဆင်း၍ ထိုအကြောင်းကို တစ်ယောက်တည်း စဉ်းစားနေခိုက် မိမိအနားသို့ ချဉ်းကပ်လာသော ခြေသံများကို ကြား၍ လှည့်ကြည့်လိုက်ရာ အေးငွေဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုသို့ အေးငွေ၏ မျက်နှာကို မြင်လိုက်ရလျှင် အကူအညီအားကိုးအားထားပြုစရာ လူတစ်ဦးရှိနေသေးသည်ကို တွေ့ရသကဲ့သို့ အားတက်မိလေ၏။

"မစန်းမြင့်တို့ တနင်္လာနေ့ ပြောင်းကြတော့မယ်ဆို"

"ဟုတ်ကဲ့" ဟု ရွှေဇင်က တိုတိုပင် ဖြေလိုက်လေ၏။

"ဒီလိုဆိုရင် မင်းတစ်ယောက်တည်း ဘယ်သွားနေမလဲ"

"ကျွန်မ အလုပ်တစ်ခုခုရအောင် ရှာရမှာပေါ့"

အေးငွေသည် ရွှေဇင်အား စိန်းစိန်းဝါးဝါးစိုက်၍ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



မိလေရာ ခါတိုင်းအကြည့်မျိုးနှင့် မတူသဖြင့် ရွှေဇင်၏စိတ်ထဲတွင် မသိုးမသန့်ဖြစ်သွားမိလေတော့၏။

"ဘာပြုလို့ အလုပ်လိုက်ရှာနေတော့မှာလဲ၊ မင်း အေးအေးချမ်းချမ်းနေရအောင် ကျုပ်ကို ယူပါလား။ မင်းကိုလည်း ကျုပ်စပြီး တွေ့ကတည်းက မေတ္တာရှိနေတယ်။ မင်းကို ကျုပ် အစစအရာရာ စောင့်ရှောက်ပြီး တည်တည်တံ့တံ့ပေါင်းမှာပါပဲ"

ရွှေဇင်မှာ မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ရုတ်တရက်သော် လန့်၍ပင် သွားလေသည်။ သို့သော် အေးငွေ၏စကားမှာ မိမိအပေါ်တွင် နိုင်ထက်စီးနင်း စော်စော်ကားကား ပြောခြင်းမဟုတ်ဘဲ အမှန်စိတ်ရင်းအတိုင်း ပြောခြင်းဖြစ်သည်ကို ယုံကြည်မိသည့်အတွက် ဒေါသမထွက်မိချေ။ ထိုစကားမျိုးကို တစ်ခါမျှ မကြားရဖူးခြင်းကြောင့် ရှိုးတိုးရှန့်တန့်သာလျှင် ဖြစ်မိလေ၏။

"ဒီလိုမျိုးတော့လည်း ကျွန်မ မချစ်နိုင်ဘူးထင်တယ်။ အချစ်ဆိုတာ ကျွန်မ နားမလည်ခဲ့ဘူး"

"မင်း ကောင်းစားဖို့အတွက်ဟာ မင်းက ချစ်ဖို့မလိုပါဘူး၊ ကျုပ်က ချစ်တတ်ရင် ပြီးတာပဲ။ မင်းအဖို့ဟာ အချစ်မရှိဘဲ တစ်ယောက်တည်းနေလေသမျှ မင်းရဲ့အလှကြောင့် တစ်နေ့ ဒုက္ခရောက်မှာ စိုးရတယ်"

အေးငွေ၏ နောက်ဆုံးပြောလိုက်သည့် စကားသည် ရွှေဇင်အား ရုတ်တရက် ငြင်းပယ်သည့်စကားကို ထွက်မလာနိုင်စေအောင် စဉ်းစားစရာ ဖြစ်စေလေ၏။

မှန်သည်၊ မိမိအလှအတွက်နှင့် အနှောင့်အယှက်တို့ကို တွေ့



ခဲ့ရပေပြီ။ ဤအတိုင်း နေသွားလျှင် ရှေ့အဖို့ကိုလည်း တွေ့နေရပေဦးမည်။ ထို့ထက် မိမိ၏ အနာဂတ်အရေးမှာ ဘာမျှမရေရာလှဘဲ ဒုက္ခဆင်းရဲထဲတွင် တဝဲဝဲလည်နေရပေမည်။ မိမိကိုယ်ကိုမိမိ ကြည့်ရှုခဲ့ရသည်မှာ ကြာပြီ။ ယခုကဲ့သို့ မိမိအား ကြည့်ရှုထားမည့်သူ ပေါ်လာခြင်းသည် မိမိ၏ သက်သာမှု၊ ချမ်းသာမှုရဖို့သာလျှင် ဖြစ်သည်။ ကိုအေးငွေမှာ မိမိထက် တစ်ဆလောက် အသက်ကြီးသည် ကလွဲလျှင် အဖက်ဖက်တွင် မိမိက ဘာမျှ ငြင်းစရာမရှိ။ နစ်နာစရာ မရှိပေ။ ဂုဏ်ဒြပ်အားဖြင့် လည်းကောင်း၊ ငွေအားဖြင့် လည်းကောင်း မိမိထက် အဆင့်အတန်း များစွာသာနေသည့်အတွက် အသက်ကြီးခြင်းကိုကား လက်ခံရပေလိမ့်မည်။ အချို့ဂုဏ်ရည်တူချင်းပင်လျှင် အသက်ကြီးသူဖြစ်စေကာလည်း ယူကြသေးသည်။ မိမိအဖို့မှာ လောကကြီးထဲတွင် တစ်ကိုယ်တည်း ခရီးသွားနေရမည့် ဘဝဆိုးကြီးကို နောက်ထပ် မတွေ့ကြုံရအောင် ရှောင်ရှားနိုင်ဖို့ လိုသည်ဟူသော အတွေးများကို ထိုတစ်ခဏချင်းမှာပင် ခေါင်းထဲ၌ မူးဝေချာချာလည်နေအောင် ဖြစ်ပေါ်လာကြလေ၏။

"ဘယ့်နှယ်လဲ··· ကျုပ်ပြောတဲ့ စကားကို လက်ခံမယ် မဟုတ်လား"

အနာဂတ်ကို ကြောက်ရွံ့ခြင်းသည် ရွှေဇင်၏စိတ်ကို ပျော့ညံ့သွားစေလေရာ ရွှေဇင်မှာ အေးငွေ၏ အမေးကို နှုတ်ဖြင့် ဖြေရမှာ ရှက်သကဲ့သို့ ခေါင်းကလေးကိုသာလျှင် သာယာဖြည်းညင်းစွာ ညိတ်လိုက်ရှာလေ၏။

အေးငွေနှင့် ရွှေဇင်တို့သည် မစန်းမြင့်တို့ ပြောင်းရွှေ့သွား

www.burmeseclassic.com

www.burmeseclassic.com



ကြပြီးသည့် နောက်တစ်နေ့မှာပင် ရုံးတွင် လက်ထပ်လိုက်ကြလေ၏။ ထိုသို့ လက်ထပ်ကြရာတွင် ရွှေဇင်အား အတိတ်က ဘဝဟောင်းကို မေ့ပျောက်ပစ်လိုက်နိုင်ရန် နာမည်ပြောင်း၍ ခေါ်ဖို့ အေးငွေ၏ အကြံပေးချက်အရ မရွှေဇင်ခေါ် ရီရီလှ ဟူသော အမည်ဖြင့် လက်ထပ်ခဲ့ကြပြီးလျှင် အေးငွေက မိမိ၏ ဇနီးဖြစ်သူအား ရီရီလှဟူသော အမည်ဖြင့်သာ မိမိ၏အသိမိတ်ဆွေများအား မိတ်ဆက်ပေးလေ့ ရှိပေ၏။

ရီရီလှမှာ အိုးသစ် အိမ်သစ် ဘဝသစ်သို့ ရောက်ရှိလာရသဖြင့် သုခတစ်ခု ဖြစ်ရပြန်လေ၏။ အေးငွေကလည်း လက်မထပ်မီက ဂရုစိုက်ခဲ့ဖူးသည်ထက်ပင် ပို၍ အရေးတယူရှိလှသဖြင့် ရီရီလှမှာ အေးငွေအား ကျေးဇူးရှင်အဖြစ်ဖြင့် လည်းကောင်း၊ ခင်ပွန်းသည်အဖြစ်ဖြင့် လည်းကောင်း အမျိုးမျိုး နှစ်သက်မြတ်နိုးမိလေတော့၏။

ချစ်စခင်စ ဘဝကား ဤအတိုင်းပင် အမြဲပျော်ရွှင်စရာကောင်းလှပေသည်။ ထိုအချိန်တွင်ကား ချစ်မှုခင်မှုလောက်သာ အာရုံထားမြဲ ဖြစ်ကြလေရာ တစ်ဦးမကြိုက်သည့်အလုပ်ကို တစ်ဦးက မပြုလုပ်ချေ။ သို့အားဖြင့် တစ်ဦး၏ ချို့ယွင်းချက်ကို တစ်ဦးက မသိရချေ။ အချစ်ပျားရည်ဆမ်းသည့် အချိန်ကာလကို ကျော်လွန်လာသည့်အခါမှ တဖြည်းဖြည်း ချို့ယွင်းချက်များပေါ်၍ လာကြကာ တစ်ယောက်အပေါ် တစ်ယောက် အပြစ်အနာရှာ၍ လာကြပြီးလျှင် 'အစက ဒီလိုမှန်းသိရင် ကျုပ်မယူပါဘူး' ဆိုသော စကားမျိုးပြော၍ ရန်ဖြစ်ကြ၊ ကွဲကြသည်မှာ ဓမ္မတာအတိုင်းပင် ဖြစ်ပေ၏။

ရီရီလှမှာလည်း အေးငွေအား အထင်ကြီးခဲ့သမျှတို့မှာ ငရဲပန်းကို ရွှေပန်းမှတ်၍ အထင်မှားခဲ့သည်ကို တဖြည်းဖြည်း တစ်စတစ်စ



သိလာရလေ၏။ အေးငွေမှာ တိတ်တိတ်ပုန်းအရက်သမား ကစားသမားတစ်ယောက်ဖြစ်လျက် စိတ်နေစိတ်ထား ကြမ်းကြုတ်သူတစ်ယောက်ဖြစ်ခြင်းကို ဟန်ဆောင်မှုတို့ဖြင့် ဖုံးဖိလာခဲ့သော်လည်း ကြာရှည်ဖုံးဖိမထားနိုင်ဘဲ တစ်စတစ်စနှင့် အကုန်ပေါ်၍ လာလေတော့၏။ ထိုသို့ သိရခြင်းအားဖြင့် ရီရီလှမှာ အေးငွေကို အလိုလို ကြောက်ရွံ့လာမိ၏။

"ဟော့ အလှ ဒီညမှာ အလှကိုယ်ကို အစွမ်းကုန် အလှထုတ်ပြီး ဖြီးလိမ်းထားစမ်းပါ။ ဒီည ကိစ္စတစ်ခုဟာ အလှအပေါ်မှာ တည်နေတယ်"

ရီရီလှမှာ ဘာကြောင့် အလှပြင်ထားရမည်ကိုပင် မမေးရဲချေ။ အလှပြင်ထားပြီးသည့်နောက် မိမိအား ဘာလုပ်ခိုင်းဦးမည်နည်းဟု နောက်တစ်ဆင့်တက်ပြီး တွေးတောကြောက်ရွံ့လျက်နှင့်ပင် သူ၏စကားကို မလွန်ဆန်ဝံ့၍ ခိုင်းစေသည့်အတိုင်း အကျအနဖြီးလိမ်းဝတ်စားထားရလေ၏။

ညဘက်တွင် အေးငွေ၏ မိတ်ဆွေများ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြလေ၏။ ရီရီလှကား မျက်လုံးများ ပြူးဝိုင်းနေအောင် ထိုသူတို့ကို ကြည့်ရှုအကဲခတ်နေရလေတော့သည်။ ရောက်လာကြသည့် ဧည့်သည်တို့ကလည်း ရီရီလှကိုပင် အတော်မျက်စိကျမိကြလေသည်။

ထိုသူတို့ကား အေးငွေက မိမိအိမ်တွင် ဖဲကစားရန် ချိန်းဝိုင်းလုပ်ထားသဖြင့် ရောက်လာခြင်း ဖြစ်သည်ကို ဖဲထုပ်ပြင်ကာမှ ရီရီလှမှာ သိရလေတော့သည်။ ချိန်းဝိုင်းဖြစ်သည့်အလျောက်လည်း လောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြေးမှာ အတော်ပင် ကြီးလှပေသည်။ အေးငွေမှာ လက်စဉ်ဖဲကောင်း လျက် ဆက်ကာဆက်ကာ နိုင်လျက်ရှိလေ၏။ စီးကရက်ကို ပါးစောင် ခဲ၍ ထားသော သူ၏မျက်နှာကြီးမှာ ပွယောင်းယောင်းကြီးဖြစ်လျက် လောဘဇောဖြင့် အဆီပြောင်၍ နေတော့၏။

ရီရီလှသည် ထိုမျက်နှာကြီး ကြည့်နေရသည်ကိုပင် ဒေါသ ထွက်နေမိတော့သည်။ ထိုသို့ ဒေါသဖြစ်ရသည့်အထဲ အစေခံတစ်ဦး အား အရက်များကို ယူလာရန် စေခိုင်းပြီး ဖဲကစားရင်း အရက်သောက် ကြပြန်သည့်ကို တွေ့ရသည့်အခါ သာ၍ပင် ဒေါသထွက်လာမိလေ ၏။ ခါတိုင်း အေးငွေ ဖဲရိုက် အရက်သောက်လျှင် မိမိ၏ မမြင်ကွယ် ရာ၌ သွား၍ လုပ်လေ့ရှိသဖြင့် စိတ်ထဲ၌ ခံသာသေး၏။ ယခုမူ မိမိ၏ ရှေ့တွင်ပင် ပြောင်ပြောင်လင်းလင်း လုပ်နေသည်ကို တွေ့ရရာ မိမိအပေါ်၌ နိုင်တိုင်း မင်းမူနေခြင်းပေပဲဟု တွေးမိကာ ကြိတ်မနိုင် ခဲမရ ဖြစ်ရတော့သည်။

သို့သော် ရီရီလှမှာ အေးငွေက ပြုသမျှ နုရမည့်သူ ဖြစ်လေ ရာ တစ်စုံတစ်ရာပြောဝံ့ဖို့ ဝေးစွ၊ မိမိမမြင်လို မကြားလိုသည်တို့ကို ပင် ရှောင်လွှဲ၍ မသွားရဲဘဲ အေးငွေ၏ စကားအတိုင်း အနီးအနား တွင် နေကာ အလုကို ဗန်းပြနေရလေတော့၏။

ကစားနေကြသူများသည် အရက်၏ အရှိန်နှင့် ဝေါခနဲ ရယ် လိုက်ကြ၊ လွှတ်ခနဲ ခပ်ကြမ်းကြမ်း ပြက်လုံးထုတ်ကြနှင့် ရှိကြလေ ရာ ရီရီလှမှာ နားမချမ်းသာ၊ စိတ်မချမ်းသာ ဖြစ်နေရလေတော့သည်။

ထိုသို့ အိမ်တွင် ဖဲဝိုင်း တစ်နေ့စ,မိရာမှ ညစဉ်နှင့်အမျှ ဖဲဝိုင်းဖြစ်၍နေကာ ရီရီလှမှာလည်း ညစဉ် လှလှပပ ဝတ်ဆင်ကာ



မက်လုံးပြနေရလေတော့သည်။ ထိုအခါမှ ရီရီလှမှာ မိမိ၏ ယောကျ်ား အကြောင်းကို ကောင်းစွာသိရှိရကာ သူတစ်ပါးအား အရှေ့ကို ချွတ်၍ ငွေရှာနေသူတစ်ယောက် ဖြစ်ကြောင်းကို ကောင်းစွာ နားလည်လာလေ ၏။ မိမိအား လက်ထပ်ပေါင်းသင်းခြင်းမှာလည်း မိမိကို ချစ်၍ ကြိုက်၍ ကြည့်ရှုပြုစုချင်၍ မဟုတ်ဘဲ မိမိ၏ ရုပ်ရည်ကို အရင်းပြု၍ ကစားသမားများအား မက်လုံးဖမ်းကာ သူ၏ ငွေဝင်လမ်း ထွင်ခြင်းဖြစ် သည်ကိုလည်း စဉ်းစားမိလေ၏။

ရီရီလှမှာ ထိုနည်းဖြင့် အေးငွေ ဝင်ငွေရှာနေသည်ကို စက် ဆုပ်မိလေသည်။

သို့သော် မိမိမှာ အေးငွေအား ဆူနိုင်ပူနိုင် တားမြစ်နိုင်ခြင်း မရှိလေရာ ထိုအလုပ်မျိုး မလုပ်ရန် တောင်းပန်တိုးလျှိုး အသနားခံ ခြင်းကိုသာ ပြုရလေ၏။

"ဒီနည်းနဲ့ပဲ ငါတစ်သက်လုံး ငွေရှာလာခဲ့တာ။ ဒီလိုရှာတဲ့ ငွေနဲ့တင်ပဲ မင်းကို ဒီအခြေအနေရောက်အောင် ပြုစုလာခဲ့တာ မင်း က ငတ်ချင်လို့ သူတော်ကောင်းတရားဟောနေတာလား"

"မကောင်းလွန်းလို့ ပြောနေတာပါ ကိုကိုငွေရာ၊ တခြားရိုး ရိုးဖြောင့်ဖြောင့် အလုပ်တွေလည်း ကိုငွေလုပ်နိုင်သားပဲ၊ ဒီဝင်ငွေ လောက်တော့ ရနိုင်တာပေါ့"

"ဟော့ မင်း ဘာမှ ငါလုပ်တာကို ဝင့်ပြောမနေနဲ့၊ ဝင်ရှုပ် မနေနဲ့၊ အချိန်တန် မင်းဝတ်ရစားရရင် ပြီးရောမဟုတ်လား"

"ဒီလိုဆိုရင်လည်း ကျွန်မ ဖဲဝိုင်းနားမကပ်ဘူး ကိုကိုငွေ၊ ဧည့်သည်တွေကိုလည်း ဆင်းပြီး ဧည့်ခံမနေတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောလိုက်ရာတွင် အေးငွေသည် ထောင်းခနဲ ဒေါသထွက်သွားကာ ရီရီလှ၏ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆွဲကိုင်လှုပ်လျက် 'မင်း ငါ့စကား နားထောင်ရင်ထောင်၊ မထောင်ရင် သတ်ပစ်မယ်' ဟု ဆိုပြီး ထိုင်လျက်သား လဲကျ၍သွားအောင် ဆောင့်၍ တွန်းပစ်လိုက်လေ၏။

ဤကား အေးငွေ၏ ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်း၊ နင်တစ်လုံး ငါတစ်လုံးနှင့် ရင့်သီးစွာ ပြောဆိုခြင်းကို ပထမဆုံး ခံစားရခြင်း ဖြစ်ပေ၏။ ဤအချိန်မှစ၍ အေးငွေ၏ ဇာတိရုပ်မှာ လုံးဝပေါ်၍လာကာ မကြာမကြာ ရိုက်ပုတ်နှိပ်စက်ခြင်းကို ခံနေရလေတော့၏။

တစ်ခါတစ်ရံ အညိုအမဲများ စွဲအောင် ရိုက်နှက်ခံရသည့်အတွက် ရီရီလှမှာ ဒဏ်ရာများကို မျက်နှာမပြရဲအောင်ရှိကာ အခန်းထဲက မထွက်ဘဲ နေသည့်အခါ နေလိုက်ရ၏။

ထိုသို့လျှင် အေးငွေသည် တစ်ဧထက်တစ်စ ကြမ်း၍ လာလေတော့ရာ ရီရီလှမှာ အေးငွေ၏ ခြေသံကြားရုံမျှနှင့် လေခတ်သည့် သစ်ရွက်ကဲ့သို့ တုန်၍ နေပေတော့၏။

ရီရီလှမှာ လေးမှန်ပြီး လှောင်ချိုင့်ထဲတွင် အဖမ်းခံထားရသည့် ငှက်ငယ်သည် အတောင်မှ ဒဏ်ရာကို ပွတ်သပ်ယုယရင်း မဖြစ်နိုင်သောအရာဖြစ်သည့် လွတ်မြောက်ရေးကို မျှော်လင့်သကဲ့သို့သာ မျှော်လင့်နေရရှာလေ၏။ သို့သော် ရီရီလှ၏ လွတ်မြောက်မှုမှာ သေခြင်းသာလျှင် ဖြစ်သကဲ့သို့ ရှိနေလေတော့သည်။

ထိုသို့ စိတ်မချမ်းသာမှုဖြင့် ရီရီလှမှာ ယခင်ကကဲ့သို့ မျက်နှာ



စိုပြည် ဝင်းပခြင်း မရှိဘဲ ညှိုးလျော်လာလေရာ တစ်နေ့တွင် မိမိကိုယ်ကို မဖြီးမလိမ်းဘဲ မှန်ထဲကြည့်လိုက်ရာတွင် လူမမာရုပ်ပေါ်နေသည်ကို တွေ့နေရာက နောက်ထပ် အရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် မျက်လုံးပြူးသွားလေ၏။

မှန်ထဲ၌ လာ၍ ထင်သော အရိပ်မှာ အရက်မူးမူးနှင့် အခန်းထဲသို့ ဝင်လာသော အေးငွေ၏ ရုပ်ပုံပင် ဖြစ်လေ၏။

"ကဲ…မရွှေချော အခုကနေပြီး ဖြီးလိမ်းထားပေတော့၊ ဒီညဝိုင်းသိပ်ကောင်းမယ်၊ တရုတ်သူဌေးတွေ ပါလာလိမ့်မယ်"

အေးငွေ၏ အရက်မူးမူးနှင့် ပြောသည့် အသံကြီးကို ရီရီလှ၏နားထဲတွင် ငှက်ဆိုးထိုးသံကဲ့သို့ပင် ထင်လိုက်မိလေသည်။ ယခုမှပင် မိမိ၏အလှသည် မိန်းမတို့၏ ခနမဟုတ်တော့ဘဲ ဒုက္ခဖြစ်စေရန် ကျိန်စာတိုက်ထားသကဲ့သို့ ဖြစ်ရသည်ကို ကောင်းစွာ စဉ်းစားမိလေတော့၏။ ထိုတစ်ခဏမှာပင် ရီရီလှ၏ စိတ်ထဲ၌ မခံမရပ်နိုင်ဖြစ်၍လာကာ ထိုင်နေရာမှ ဆတ်ခနဲ ရပ်လိုက်ပြီးလျှင် အေးငွေအား ရဲတင်းစွာ မျက်နှာချင်းဆိုင်လျက် 'ကျွန်မ ဒီညတော့ ဘယ်နည်းနဲ့မှ ဆင်းပြီး ဧည့်မခံနိုင်ဘူး' ဟု တင်းတင်းမာမာ ပြောလိုက်မိ၏။

"မင်း ဆင်းရမယ်"

အေးငွေ၏မျက်နှာမှာ ဒေါသဖြင့် မဲပုပ်လျက်ရှိကာ မျက်လုံးများထဲမှလည်း ဒေါသအခိုးအငွေ့တပြောင်ပြောင်ထွက်၍ နေလေ၏။

"မဆင်းဘူးဆို ကျွန်မ မဆင်းဘူး"

ရီရီလှမှာ ပြောသာပြောလိုက်ရသော်လည်း ရင်တွင်း၌ကား ထိတ်လန့်ခြင်းဖြင့် လှုပ်ရှားလျက် ရှိလေ၏။

www.burmeseclassic.com



'မင်းက ငါ့ကို အာခံတယ်ပေါ့လေ' ဟု အေးငွေက တစ်ခွန်းသာ ပြောကာ ရီရီလှ၏ ဆံပင်ကို ဆွဲပြီး အခန်းထဲတွင် မွှေ့ရမ်းပစ်လိုက်လေ၏။ ပါးစပ်မှ ဆဲဆို ရေရွတ်သံတို့မှာလည်း ကြောက်စရာကောင်းလှလေတော့သည်။

ရီရီလှမှာ ဦးရေပြားများ ကျွတ်ထွက်သွားလေရော့သလားဟု ထင်လိုက်မိသည်။ သူ့ခမျာ ကြောက်လန့်သည့်စိတ် မွှန်နေသဖြင့် အော်ပင် မအော်နိုင်တော့ချေ။ ထိုသို့ အသံမထွက်သည်ကို တွေ့ရသဖြင့် အေးငွေလည်း လန့်ဖျပ်သွားကာ ဆွဲထားသော ဆံပင်ကို လွှတ်လိုက်ရာတွင် ရီရီလှလည်း ကြမ်းပေါ်၌ ပုံလျက်သား လဲကျကာ မေ့မြောသွားလေ၏။

ယင်းသို့လျှင် အေးငွေ၏ ဆိုးရွားရက်စက်မှု၊ ရီရီလှ၏ စိတ်မချမ်းမြေ့စရာ ဖြစ်ရမှုတို့သည် နေ့စဉ်နှင့်အမျှ ဆက်ကာ ဆက်ကာ ဖြစ်ပွားနေပေတော့၏။ သို့သော် ရီရီလှ မေ့မြောသွားသည့်နေ့ နောက်၌ကား ကိုယ်ထိလက်ရောက် ရိုက်ပုတ်ခြင်းကိုကား မပြုတော့ပေ။ တစ်ကြိမ် အကြမ်းဖက်လာလျှင် အဆိုးရွားဆုံးနှင့် တွေ့ရလိမ့်မည်ဟူ၍သာ မျှော်လင့်လျက် ရှိလေ၏။

ဖဲဝိုင်းကြီးကား နေ့စဉ်နှင့်အမျှပင် ဖြစ်နေလေသည်။ ဖဲဝိုင်းသို့ ညစဉ်မှန်မှန် လာနေကြသူတို့အထဲတွင် ရီရီလှနှင့် မျက်မှန်းတန်းမိသူတစ်ယောက်မှာ မောင်စောလွင် ခေါ်သူ လူငယ်လူချောတစ်ယောက်ဖြစ်ပေ၏။ စောလွင်မှာ ငွေအတော်များများရှိသူတစ်ယောက်ဖြစ်ပုံရပေသည်။ သူ ကစားပုံမှာ ငွေကို လိုချင်သည့် လောဘကြောင့်မဟုတ်ဘဲ အပျော်သက်သက်နှင့် တူလှသည်။ သူ့အဖို့ကား ညစဉ်



ပင် ရှုံးလျက်ရှိသော်လည်း မျက်နှာပျက်သည်ဟု မရှိချေ။

တစ်ခါတစ်ရံလည်း လာနေကျ လာရမည့် ဝတ္တရားတစ်ခုကဲ့သို့သာ ရောက်၍လာကာ ဖဲကစားချင်စိတ် မရှိလှဘဲ ရီရီလှနှင့် အကျွမ်းတဝင် စကားစမြည်ပြောဆိုလိုချင်စိတ်များက များနေလေသည်။ ထိုသို့ ရီရီလှနှင့် စကားပြောနေသော်လည်း သူ့အဖို့မှာ ကြာကြာပြောခွင့်မရ။ ငွေကြေးထုတ်နိုင်သူတစ်ယောက်ဖြစ်ခြင်းကြောင့် သူ့ကိုသာလျှင် ဖဲဝိုင်းထဲသို့ ဆွဲကြ ခေါ်ကြသဖြင့် အများကျေနပ်အောင် ဝင်၍ ကစားရလေတော့၏။

ရီရီလှကား အေးငွေအပေါ်တွင် စိတ်ကုန်ခမ်းလာသည့်တိုင်အောင် ကြောက်ရွံ့နေရသူတစ်ယောက် ဖြစ်သဖြင့် အများအယွင်းတစ်စုံတစ်ခုမျှ မပြုရဲရှာပေ။ ဖောက်ပြန်ဖို့ ဆိုသည်ကိုကား စိတ်ထဲမှူပင် မကူးဝံ့ချေ။ သို့သော် စောလွင်ကဲ့သို့ လူရိုးလူကောင်းကလေးတစ်ယောက်အား ဝိုင်း၍ အမဲဖျက်နေကြခြင်းကိုမူ နည်းနည်းမျှ မလိုလား။ သူ့အားလည်း သနားမိလေသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ဖဲဝိုင်းထဲ မဝင်ဖြစ်အောင် ညှို့ထောက်ခံ၍ စကားပြောနေမိရာ မကြာမကြာ အေးငွေ၏ မျက်စောင်းထိုးခြင်းကို ခံနေရရှာလေ၏။

တစ်ညဉ့်တွင်ကား ရီရီလှသည် စောလွင်အား ကစားဝိုင်းသို့ ဘယ်အခါမျှမလာရန် ပြောလိုက်မည်ဟု စိတ်ပိုင်းဖြတ်ထားမိပေ၏။ စောလွင်လို လူတစ်ယောက်သည် မိမိတို့အိမ်သို့ လာနေကြသော ကစားသမားများနှင့် မပေါင်းသင်း မရောနှောအပ်ဟု ရီရီလှ၏ စိတ်ထဲတွင် တွေးတော ဆုံးဖြတ်လိုက်ခဲ့လေသည်။

ထိုညတွင် ရီရီလှသည် စောလွင်အား စကားပြောဆိုနိုင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

ကို ချောင်းနေသော်လည်း အေးငွေက သူ့ကို ရိရိလှအနားသို့ ကပ်ခွင့်မရအောင် အမျိုးမျိုး လုပ်နေလေတော့၏။ သို့သော် ရိရိလှကား စိတ်မပျက်ဘဲ အခန်းထောင့်တစ်နေရာမှာ ထိုင်ကာ အချိန်အခါကိုသာလျှင် စောင့်မျှော်နေလေ၏။

ထိုသို့ စောင့်ကြည့်နေရာတွင် စောလွင်၏ ဖန်ခွက်ထဲမှ အရက်ကုန်သွားရာ၌ အေးငွေက ခါတိုင်းကဲ့သို့ တပည့်အစေခံကို ခေါ်ပြီး အရက်မထည့်ခိုင်းဘဲ ကိုယ်တိုင်ပင် ထ၍ စောလွင်၏ ဖန်ခွက်အလွတ်ကို ယူကာ အရက်ထည့်ပေးရန် အိမ်တွင်းခန်းထဲသို့ ဝင်သွားသည်ကို တွေ့ရလေရာ အေးငွေ၏ စေတနာကြီးမားမှုကို မယုံသင်္ကာဖြစ်မိပြီး မလှမ်းမကမ်းမှ တစိတစောင်းလိုက်၍ ကြည့်ရှုအကဲခတ်နေလိုက်လေ၏။

အေးငွေသည် စောလွင်၏ ဖန်ခွက်ထဲသို့ အရက်ငှဲ့ထည့်ကာ ဆိုဒါလောင်းပြီးလျှင် ပြန်၍ မယူလာသေးဘဲ အထုပ်သေးသေးကလေးတစ်ခုကို ဖြေကာ ထိုဖန်ခွက်ထဲသို့ သွန်ထည့်လိုက်သည်ကို တွေ့ရလေ၏။

ယင်းသို့ တွေ့လိုက်ရပြီးသည့်နောက် ထိုအခန်းထဲမှ အေးငွေ ထွက်လာလျှင် မိမိအား ပက်ပင်းပါ မိ၍ မသွားစေရန် စောစောက မိမိထိုင်နေရာသို့ ဟန်မပျက်ပြန်၍ သွားရောက်ထိုင်နေပြီးမှ အေးငွေ အရက်ခွက်ကို ယူကာ စောလွင်ရှေ့၌ အချတွင် စောလွင်၏ အနားသို့ မယောင်မလည်ကပ်၍ သွားလေ၏။

ထိုသို့ ချဉ်းကပ်လာသည်ကို ကစားနေသူများက ဂရုမစိုက်မိကြသော်လည်း ဘေးကထိုင်၍ ကြည့်နေကြသူတို့ကမူ တစ်စုံတစ်ရာ



ဖြစ်ပျက်မည့် အရိပ်နိမိတ်ကို မြင်ထားနှင့်နေကြသည့်အလား ရိရိလှ၏ လှုပ်ရှားမှုကိုသာလျှင် အသက်မရှူနိုင်ဘဲ စိုက်ကြည့်နေကြမိလေ၏။ သူတို့အဖို့ကား တစ်စုံတစ်ရာကို သိမြင်ထား၍လားမသိ။ ရိရိလှ၏ ခြေတစ်လှမ်း တစ်လှမ်းပင်လျှင် သူတို့၏ အသည်းထဲတွင် ပြောဝင်၍ ခေါက်သကဲ့သို့ ရှိနေလေ၏။

အေးငွေမှာကား ရိရိလှ၏ အကြံကို ရိပ်မိသကဲ့သို့ ထိုင်မလိုလို ထမလိုလိုလုပ်ကာ ခက်ထန်သော မျက်လုံးများဖြင့် ရိရိလှကို စိုက်၍ ကြည့်နေလေတော့၏။ ထိုအကြည့်ထဲတွင် မည်သို့မည်မျှအထိ မိမိအား ဆုံးမနိမ်နင်းဖို့ရန် အသင့်ရှိနေသည်ကိုလည်း ရိရိလှ တွေးတောသိမြင်နေရလေ၏။

သို့သော် ရိရိလှသည် ရှေ့ရေးနောက်ရေးကို ဘာမျှ တွေးတော၍မနေ။ စောလွင် ဒုက္ခမရောက်စေမှု တစ်ခုတည်းသာလျှင် အာရုံရှေ့ရှုထားလေရာ အေးငွေ တစ်စုံတစ်ရာ ပြုလုပ်ထားသော ဖန်ခွက်ကို စောလွင် သောက်ရန် ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ရိရိလှက စောလွင်၏ လက်ထဲမှ ဖန်ခွက်ကို ဆွဲ၍ ယူပြီးလျှင် 'ဒီအထဲမှာ ပိုးကောင်ကျနေတယ်၊ အသစ်လဲရအောင်' ဟု ဆိုကာ နောက်ဖေးသို့ ယူသွားပြီး သွန်ပစ်လိုက်လေ၏။ သို့ပြီးသည့်နောက် အိမ်ရှေ့ခန်းသို့ ပြန်အလာတွင် ပွက်လောရိုက်နေကြသည်ကို တွေ့ရလေတော့၏။

''ငါ့မိန်းမ၊ ငါ့သူငယ်ချင်း အရက်ခွက်ကို ယူပြီး သွန်ပစ်တာ ငါ့ကို သက်သက်မယ့် အရှက်ခွဲတာ၊ ဒီကောင်မကို ငါ သတ်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျ၊ သူ့စေတနာဟာ အကောင်းကြီးပါ"

"ဘာ… ခင်ဗျားက ပြောတာလဲ၊ ဒီကောင်မဟာ ကျုပ်သူငယ်ချင်းသောက်မယ့်ခွက်ကို သွန်ပစ်တာ သူ့ကိုရော ကျုပ်ကိုပါ စော်ကားတာပဲ"

"ခင်ဗျား ဒီခွက်ထဲမှာ ဘာထည့်လိုက်သလဲဆိုတာ ကျုပ်မသိဘူးမှတ်သလား"

"မင်းက ငါ့ကို အခြောက်တိုက် ဘာ စွပ်စွဲနေရတာလဲ"

"ခင်ဗျားရဲ့ အကျင့်ယုတ်တာ သူသိလို့ လုပ်တာပေါ့"

"ဒီကောင်မဟာ သစ္စာမရှိဘူး။ စောလွင်ကလည်း ကြာနိုတဲ့ အကောင်"

ယင်းသို့လျှင် တစ်ယောက်တစ်ပေါက်စီ ပြောကြဆိုကြ စွပ်စွဲပြစ်တင်ကြကာ ပွတ်လောရိုက်သွားရာက တစ်ယောက်ကို တစ်ယောက်ဆွဲ၊ တစ်ယောက်ကို တစ်ယောက်ထိန်းနှင့် တဖြည်းဖြည်း တစ်ယောက်ပြီး တစ်ယောက် ထွက်၍ သွားကြရာတွင် အေးငွေနှင့် ရီရီလှတို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြလေတော့၏။

ယင်းသို့ နှစ်ယောက်တည်း ကျန်ရှိသည့်အချိန်တွင် အေးငွေ၏ ဒေါသမှာ လွတ်ကျွတ်၍ ထွက်လာလေ၏။

"နင် ငါ့သောက်ရှက်ကို ခွဲတယ်၊ ငါ့ကို တစ်သက်လုံး လူတောထဲ မတိုးနိုင်အောင် လုပ်တယ်၊ နင့်တော့ အရှင်မထားဘူး၊ ငါကိုယ်တိုင်သတ်မယ်"

ရီရီလှသည် အေးငွေ၏ လက်ထဲကို ကြည့်လိုက်ရာတွင် ဂေါ်ရခါးများကိုင်သည့် ဓားကောက်ကြီးကို တွေ့ရလေရာ အသက်ကို



ပင် ထားစရာ မရှိသကဲ့သို့ အခန်းထဲတွင် ပတ်ချာလှည့်ကာ ပြေး၍ နေမိလေ၏။

သို့သော် ကမူးရှူးတိုးဖြစ်ကာ လူတစ်ယောက်ကို သတ်ရန် လောက်သာ စိတ်ကူးရှိနေသော အေးငွေသည် ရီရီလှအားသာလျှင် မဲ၍လိုက်နေလေရာ လျင်မြန်ဖျပ်လတ်ခြင်း မရှိလှသော မိန်းမသား အဖို့မှာ အေးငွေ၏ ဓားတစ်ချက်မိရုံနှင့်ပင် ပုံ၍ ခွေလျက်သား လဲကျသွားလေ၏။

အေးငွေသည် ရီရီလှအား လဲနေလျက်ပင် ဆင့်ကာ·ဆင့်ကာ ဓားနှင့် ထိုးရာက နောက်ထပ် ဘာမျှ လှုပ်ရှားသည်ကို မတွေ့ရတော့မှ ရပ်လိုက်လေတော့၏။

ရီရီလှသည် သတိပြန်လည်လာသည့်အခါ၌ ဆေးရုံသို့ ရောက်နေသည်ကို သိရသော်လည်း မည်သည့်အကြောင်းကြောင့် ရောက်လာရသည်ကို ခေါင်းထဲ၌ မရှင်းချေ။ အိပ်မက်ထဲ၌ ရှိနေသကဲ့သို့ပင် ထင်မိလေသည်။ စင်စစ်အားဖြင့် ရီရီလှသည် လုံး၀ သတိရလာခြင်း မဟုတ်သေးဘဲ သတိရတစ်ဝက်၊ မရတစ်ဝက် အခြေအနေ၌သာ ရှိနေလေသည်။ သို့သော် ထိုသို့ သတိရလာခြင်းပင်လျှင် လုံး၀မျှော်လင့်စရာ ဖြစ်လာသဖြင့် ပြုစုနေကြသော ဆရာဝန်နှင့် ဆရာမများမှာ အားတက်မိကြလေ၏။

ရီရီလှမှာ မှိန်း၍နေရာက မိမိအနီးတစ်ဝိုက်တွင် တီးတိုး ပြောနေသည့် စကားသံများကို ကြားသယောင်ယောင်ရှိလျက် မိမိကိုယ်ကိုလည်း အသာအယာကိုယ်တွယ်ကြသည်ကို တွေ့ထိခံစားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဆေးရုံတွင် ရက်အတန်ကြာခဲ့ပြီးမှ သတိကောင်းကောင်းရ၍ လာသည့်အခါတွင် အသက် (၅၀) နီးပါးရှိ ခန့်ခန့်ညားညား လူကြီးတစ်ယောက် လျှောက်လာကာ ဆရာဝန်အား 'သူ သတိကောင်းကောင်းရလာပြီး စကားပြောနိုင်ပြီဆိုရင် သူ့ကို မေးစရာရှိတာတွေ မေးချင်တယ်' ဟု ပြောသည်ကို ကြားလိုက်ရ၏။

ဆရာဝန်သည် သူနာပြုဆရာမများနှင့် တိုင်ပင်နှီးနှောပြီးနောက် 'မေးလို့တော့ရပါပြီ' ဟု ဖြေလေ၏။

ထို့နောက် ဆရာမကလေးတစ်ယောက်က ရီရီလှ၏ အနီးသို့ ကပ်ကာ 'ရီရီ အားရှိပြီလား၊ စကားပြောနိုင်မလား' ဟု မေးလိုက်ရာ ရီရီလှသည် မိမိ၏ အဖြစ်ကို ပြန်၍ သတိရကာ 'ကျွန်မကို ရီရီလှလို့ မခေါ်ပါနဲ့၊ ဘယ်တော့မှ ဒီနာမည်ကြီးကို မခေါ်ပါနဲ့တော့၊ ကျွန်မငယ်နာမည်ရှိပါတယ်၊ ရွှေဇင်လို့ ခေါ်ပါ' ဟု တောင်းပန်တားမြစ်ရှာလေ၏။

တရားသူကြီးသည် ရွှေဇင့်ကို ကြည့်ပြီးနောက် ဆရာဝန်ဘက်သို့ လှည့်ကာ 'ဒီအတိုင်းဆိုရင် မကြာခင်ပဲ သူ ဆေးရုံက ဆင်းနိုင်လိမ့်မယ် ဆင်တယ်၊ သေတမ်းစစ်ချက်တောင် ယူဖို့မလိုဘူး။ ဒါပေမဲ့ လိုလိုမယ်မယ် ဆိုသလို မေးထားဦးမယ်' ဟု ပြောပြလိုက်လေသည်။

ရွှေဇင်သည် တရားသူကြီးသိလိုသမျှတို့ကို ပြောပြရလေ၏။ တစ်ခါတစ်ခါတွင် မိမိ၏ ဖြစ်ခဲ့ရပုံတို့ကို ပြန်၍ အသစ်မဖြစ်စေလိုသကဲ့သို့ မပြောချင်ပြောချင်နှင့် ပြောရရှာလေတော့သည်။

ရွှေဇင်မှာ ကောင်းစွာ သတိရလာသည့်နေ့က စ၍ တစ်



ယောက်ပြီးတစ်ယောက် တစ်မျိုးပြီး တစ်မျိုး လာရောက်စစ်မေးခြင်းခံရလေ၏။

ထိုသို့ စစ်မေးသမျှတို့ကို ဖြေကြားရသည်မှာ မိမိ၏ ယောကျ်ား အေးငွေအပေါ်တွင် အပြစ်ရအောင် သက်သေခံထွက်ချက်ပေးနေရခြင်း ဖြစ်သည်ကို သိရာ မလွှဲမရှောင်သာနိုင်ဘဲ မေးသမျှတို့ကို ပြောပြရလေတော့၏။

အေးငွေ၏အမှုမှာ ရွှေဇင် ဆေးရုံတက်နေရသည့်အတွင်းမှာပင် ရုံးတင် စစ်ဆေးလာခဲ့ရာ အခြားသက်သေများ၏ ထွက်ချက်နှင့်ပင် အမှုမှာ ထင်ရှားနေခဲ့ပြီ ဖြစ်ရကား နောက်ဆုံးတွင် ရွှေဇင်၏ ထွက်ချက်ကို ရယူပြီးသည့်နောက် အေးငွေမှာ အလုပ်ကြမ်းနှင့် ထောင်သုံးနှစ် အပြစ်ပေးခံရလေ၏။

ထို့နောက် ရွှေဇင်သည် ဒဏ်ရာများ ပျောက်၍ ဆေးရုံမှ ဆင်းကာ မိမိ၏အိမ်သို့ ပြန်ခဲ့ရာတွင် ထိုအိမ်ကြီးကို အေးငွေ၏ ဆွေမျိုးသားချင်းထဲက တက်ရောက်နေလျက်ရှိကာ ရွှေဇင်၏ လက်ဝတ်လက်စားများနှင့် အိမ်ထောင်ပရိဘောဂအချို့တို့ကို အေးငွေ၏ အမှုအတွက် ကာကွယ်ရန် ထုခွဲရောင်းချပစ်လိုက်ရသည်ဟု ပြောပြသိရှိရလေ၏။ ထိုသို့ သိရသည့်တိုင်အောင် ရွှေဇင်မှာ စိတ်ထဲတွင် ဘာမျှ ထိခိုက်ခြင်း မဖြစ်မိ။ အေးငွေ၏ ပိုက်ဆံကိုလည်း တစ်ပြားတစ်ချပ်မျှ မလိုချင်။ စိတ်မချမ်းမြေ့ဖွယ်ရာ အမျိုးမျိုးဖြစ်ခဲ့ရသော ထိုအိမ်ကြီးပေါ်တွင်ပင် ဆက်လက်နေလိုသောစိတ် မရှိတော့ချေ။ အေးငွေ ထောင်က လွတ်လာသည့်တစ်နေ့တွင် မိမိအား မတွေ့တွေ့ရအောင် လိုက်၍ ရှာကာ ထပ်မံ၍ နှိပ်စက် ညှဉ်းဆဲဦးမည်ကိုလည်း ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလေသည်။

သို့ဖြစ်၍ မိမိအား အေးငွေလိုက်၍ မရှာနိုင် မတွေ့နိုင်စေရန် အေးငွေနှင့် ဝေးရာသို့ ရှောင်တိမ်းသွားပါတော့မည်ဟု စိတ်ပိုင်းဖြတ်ပြီးလျှင် မိမိ၏ ကိုယ်ပိုင်ရှိစုမဲ့စု ပစ္စည်းကလေးများကို ထုပ်ခွဲရောင်းချပြီးလျှင် ရောက်ချင်ရာရောက်စေတော့ နှလုံးပြုကာ မန္တလေးမီးရထားဖြင့် ရန်ကုန်မှ ထွက်ခဲ့လေ၏။

ရွှေဇင်မှာ ရန်ကုန်နှင့် ဝေးလျှင် ပြီးရော ဟူသော စိတ်ကူးတစ်ခုတည်းသာ ရှိ၍ မန္တလေးသို့ ရောက်လျှင် ရှေ့ဆက်၍ မည်သို့စခန်းသွားဖို့ရန်ကို ဘာမျှရည်ရွယ်ချက်မရှိဘဲ နောင်ခါလာ နောင်ခါချေးဟူ၍သာ နှလုံးပြု၍ လာခဲ့သော်လည်း မီးရထားကြီးစ၍ ထွက်လာလျှင်ပင် မိမိ၏ ရှေ့ရေးအတွက် လေးလေးနက်နက် အကြံထုတ်မိလေ၏။

"တူမကြီးက ဘယ်အထိ သွားမလဲ"

ထိုသို့ မေးသံကို ကြားရမှ ရွှေဇင်၏ အတွေးမှာ အမျှင်ပြတ်၍ သွားကာ မေးသူအား ရွှေဇင်ကြည့်လိုက်ရာတွင် အသက် (၅၀) ကျော်မျှ ရှိပြီး ခန့်ညားသန့်ပြန့်သော မိန်းမကြီးတစ်ဦးဖြစ်သည်ကို တွေ့ရလေ၏။

"ကျွန်မ မန္တလေးကို သွားမလို့ပါ"

"တူမကြီးတစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

အဒေါ်ကြီးသည် ရွှေဇင်အား သေချာစွာ အကဲခတ်၍ ကြည့်နေပြီးမှ 'အခုလိုတစ်ယောက်တည်း မကြောက်မရွံ့ ခရီးသွားရတာအံ့စရာပဲ၊ တူမကြီးလို ချောချောလှလှ မိန်းကလေးတစ်ယောက်အဖို့အင်မတန် အန္တရာယ်များတယ်။ အခု ခရီးသွားရတဲ့ ကိစ္စက အတော်အရေးကြီးလို့လား' ဟု မေးလေ၏။



ရွှေဇင်မှာ ရုတ်တရက် အဖြေပေးရန် ခက်နေပြီးမှ 'ကျွန်မအလုပ်အကိုင်ရှာရအောင် သွားမလို့ပါပဲ' ဟု ဖြေရလေ၏။

"မန္တလေးမှာ အလုပ်ရမယ် ဆိုလို့လား"

"ဘာအလုပ် လုပ်ရမယ်ဆိုတာ စိတ်မကူးရသေးပါဘူး၊ ဟိုကျမှ ရှာရမှာပဲ"

"တူမကြီးသွားတဲ့ ကိစ္စကလည်း မရေမရာကြီးပါလား၊ ဟိုမှာ တူမကြီးအတွက် အလုပ်ရှာပေးမယ့်သူ ရှိသလား"

ရွှေဇင်သည် ခရီးသွားဖော်အချင်းချင်း နှိုက်နှိုက်ချွတ်ချွတ်အမေးအမြန်းထူသည်ကို များစွာ မနှစ်သက်လှသော်လည်း ထိုအဒေါ်ကြီး၏ မျက်နှာမှာ ညို့ဓာတ်ပါ၍ နေလေရာ မဖြေဘဲ မနေနိုင်ဘဲ 'မန္တလေးမှာ ကျွန်မအသိလည်း မရှိပါဘူး၊ စွန့်ပြီးသွားရတာပဲ' ဟု ဖွင့်၍ ပြောလိုက်မိလေ၏။

"အို... အခုလို ဆင်ကန်းတောတိုး သွားနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ တူမကြီးဥစ္စာ နည်းလမ်းမဟုတ်သေးပါဘူး"

ရွှေဇင်မှာ ဘာမျှပြန်၍ ပြောစရာမရှိသကဲ့သို့ အဒေါ်ကြီး၏ မျက်နှာကိုသာ စိုက်၍ ကြည့်နေလေ၏။

"တူမကြီး အလုပ်လိုချင်လို့ ထွက်လာတာ သက်သက်ဖြစ်ရင်တော့ မန္တလေးကို သွားနေဖို့ မလိုပါဘူး၊ အဒေါ်နဲ့လိုက်ခဲ့"

ရွှေဇင်ကား စိုက်၍ ကြည့်မြဲပင် ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်နဲ့နေပြီး အဒေါ့်ဆီမှာပဲ အလုပ်လုပ်ပေါ့၊ ဒေါ်ဒေါ်က မိတ္တီလာမှာဆင်းမယ်၊ နေတော့ မလှိုင်မှာနေတယ်။ ဟိုမှာ လယ်တွေ ချောင်းတွေ ရှိတယ်။ နို့စားနွားတွေလည်း မွေးထားတယ်။ တူမကြီး အလုပ်ကတော့ နွားတွေ ကြည့်ဖို့ရှုဖို့၊ နို့ညှစ် ထောပတ်ချက်ဆိုတဲ့ အလုပ်မျိုး လုပ်ရမှာပဲ လုပ်နိုင်ပါ့မလား"

"ကျွန်မ နေရ စားရရင် ပြီးတာပါပဲ၊ အလုပ်ကတော့ ဒေါ်ဒေါ် ခိုင်းတာလုပ်ရမှာပေါ့"

သို့အားဖြင့် ရွှေဇင်မှာ နေရာအသစ်၊ ဘဝအသစ်သို့ ရောက်ရှိရပြန်လေ၏။ အလုပ်မှာ လုပ်နေကျအလုပ်မျိုး မဟုတ်သဖြင့် အစ၌ အတော်ကလေးပင်ပန်းလှပေ၏။ သို့သော် ဦးစံကြူး၊ ဒေါ်အိတို့မှာ စိတ်ထား၊ နှလုံးထားကောင်းသူများ ဖြစ်ကြပြီး ရွှေဇင်အား သွေးသားအရင်းအချာကဲ့သို့ ပြုစုစောင့်ရှောက်ကြသည့်အတွက် ရွှေဇင့်အဖို့ မိမိ၏အလုပ်ကို ပင်ပန်းသည်ဟုမထင်။ ထိုအလုပ်မှာပင် စိတ်ဝင်စားကာ ပျော်ရွှင်မိလေ၏။

တစ်လ နှစ်လလောက် ကြာလျှင်ပင် ရွှေဇင်သည် နေသားထိုင်သားကျလာသည်နှင့်အမျှ မိမိ အလွန်ထိတ်လန့်ကြောက်ရွံ့သော ဘဝဟောင်းကို မေ့ပျောက်ပစ်လိုက်နိုင်လေတော့၏။

တစ်နေ့တွင် ရွှေဇင်သည် ရေတွင်းမှ ရေခပ်၍ အိမ်သို့ပြန်အလာ အိမ်ရှေ့သို့ မရောက်မီ ယောက်ျားပျိုတစ်ယောက်နှင့် ရင်ဆိုင်တွေ့လေ၏။ လုလင်ပျိုကား အရွယ်အားဖြင့် အသက် (၃၀) နီးပါးမျှရှိမည်ဟု ခန့်မှန်းရ၍ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းမှာ နှပျို၍ ထွားကျိုင်းလေသည်။



"ဦးစံကြူးရှိသလား"

"ရှိပါတယ် အိမ်မှာ"

ရွှေဇင်သည် ယောက်ျားပျိုကို တစ်ခါမျှ မမြင်ဖူးချေ။ တစ်နည်းအားဖြင့်ဆိုလျှင် သတိမထားခဲ့မိချေ။ သို့သော် မိမိသည် ဦးစံကြူးအိမ်၌ နေသည်ကို သူသိနေသည်ကို ထောက်ချင့်ရခြင်းအားဖြင့် မိမိအား သူ ဂရုစိုက် သတိထားခြင်းကြောင့်ပင် ဖြစ်ရမည်ဟု တွေးလိုက်မိလေ၏။

"ပေးလေ ရေပုံးကို ကျုပ်ဆွဲခဲ့မယ်"

"အို... နေပါစေ ကျွန်မ နိုင်ပါတယ်"

ထိုသို့ တားလိုက်စေကာမူ ယောက်ျားပျိုက သွက်လက်စွာဆွဲယူလိုက်သဖြင့် ရေပုံးကို ပေးလိုက်ရကာ သူ့နောက်က လိုက်ခဲ့ရလေ၏။ အိမ်သို့ ရောက်သောအခါ ရေထည့်ရန် နေရာကို မေး၍ ရွှေဇင် ညွှန်ပြသည့်နေရာတွင် ရေလောင်းထည့်လိုက်ပြီးမှ ရေပုံးကို ရွှေဇင်၏ လက်ထဲသို့ ပြန်၍ အပ်လေ၏။

ရွှေဇင်ကား ကျေးဇူးတင်စကားကိုပင် ပြောရန် မေ့နေကာ စိုက်၍ ကြည့်နေလိုက်ပြီးမှ ရေလိုသေးသဖြင့် ထပ်၍ ရေခပ်ရန် သွားရလေ၏။

ရေခပ်ပြီးမှ အိမ်ထဲသို့ ဝင်ခဲ့ရာတွင် ယောက်ျားပျိုကို အိမ်ထဲ၌ မတွေ့ရတော့ပေ။ မိမိ နောက်ထပ် ရေခပ်သွားနေခိုက်မှာပင် ပြန်၍ သွားသည်ကို တွေ့ရလေ၏။

"ရွှေဇင် ညည်းနဲ့ မောင်ချစ်ထွန်း ဘယ်တုန်းက သိကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



“အရင်က မသိပါဘူး၊ မြင်လည်း မမြင်မိဘူး၊ ခုမှ ရေခပ်ကအပြန် ဘကြီးအိမ်မှာ ရှိနေသလားလို့ မေးရင်း ရေကူပြီး ဆွဲပေးတာပါ” ဟု ရွှေဇင်က ဒေါ်အိ၏ အမေးကို ဖြေလိုက်ရလေ၏။

“သော်… အခုမှ သိကြတာလား၊ ညည်း သူ့ကို ဂရုမစိုက်မိလို့ ဖြစ်ပါလိမ့်မယ်။ အရှေ့ပိုင်းက နွားခြံဟာ သူ့နွားခြံပေါ့။ အလုပ်အကိုင်ကောင်းတဲ့ သူငယ်တစ်ယောက်…စိတ်ကောင်းလည်း ရှိတယ်”

ရွှေဇင်၏ စိတ်ထဲတွင် ဘာကို ရည်ရွယ်၍ ထိုစကားကို ဒေါ်အိပြောပါလိမ့်မည်နည်းဟု မတွေးတတ်တော့ချေ။ သို့သော် ထိုစကားကြားလိုက်ရခြင်းဖြင့် ချစ်ထွန်း၏ အကြောင်းကို စဉ်းစားနေမိလေတော့၏။

ရွှေဇင်မှာ ချစ်ထွန်းကို နောက်တစ်ကြိမ် ထပ်၍ မတွေ့ချင်သလိုလို တွေ့ရမှာ ရှက်သလိုလိုရှိကာ ချစ်ထွန်းနှင့် တွေ့လျှင် ရှောင်တိမ်းသွားလိုက်မည်ဟု အောက်မေ့မိ၏။ သို့သော် အိမ်သို့လာတိုင်းလာတိုင်း ရှောင်မနေဖြစ်ဘဲ ချစ်ထွန်းနှင့် တွေ့ရ စကားပြောရသည်ကိုပင် စိတ်ကြည်နူး နှစ်သိမ့်စရာတစ်မျိုးဟု ထင်မိလေ၏။

ရွှေဇင်သည် ချစ်ထွန်းနှင့် ပတ်သက်၍ မိမိစိတ်ထဲ၌ မတည်ငြိမ်ဘဲ ရှိသည်ကို ရိပ်စားမိ၏။ သို့သော် ဘာကြောင့် ထိုသို့ ဖြစ်ရသည်ကို အဖြေရှာမရသကဲ့သို့ ရှိလေ၏။

ချစ်ထွန်းသည် ရွှေဇင်နှင့် အသိဖွဲ့၍ စကားစတင်ပြောမိသည့်နေ့မှစ၍ အိမ်သို့ နေ့စဉ်လိုလိုပင် အလည်လာလေ့ရှိရာ ထိုသို့လာခြင်းမှာ မရိုးလှသည်ကို ရွှေဇင် စဉ်းစားမိ၏။ ထိုသို့ ရိုးရိုးတမ်းတမ်း မဟုတ်ခြင်းကြောင့် ချစ်ထွန်းအား အိမ်သို့ မလာစေချင်ပေ။ သို့သော် မလာပြန်လျှင် မျှော်မိလေသည်။



တစ်နေ့တွင် ရွှေဇင်သည် နွားခြံထဲ၌ နွားနို့ညှစ်နေစဉ် တစ်ယောက်တည်းရှိနေခိုက် ချစ်ထွန်းရောက်၍ လာကာ ‘ရွှေ့ကို စကားတစ်ခွန်း ပြောချင်တယ်’ ဟု စလာလေသည်။

ရွှေဇင်ကား ချစ်ထွန်းပြောမည့်စကားကို ရိပ်မိပြီး ဖြစ်ပေ၏။ ထိုစကားကို ကြားရလိမ့်မည်ဟု မျှော်လင့်နေသည်မှာလည်း ကြာပြီဖြစ်၏။ ထိုစကားကို ကြားရမည်ကိုလည်း ကြောက်ရွံ့ခဲ့၏။ မပြောပါစေနှင့်ဟုလည်း ဆုတောင်းခဲ့၏။ သို့သော် ချစ်ထွန်းက ယခုကဲ့သို့ စကားစ၍ လာသည့်အခါ မတားမြစ်သာဘဲ ရှိလေ၏။

သို့ဖြစ်၍ အင်းမလုပ် အဲမလုပ်ဘဲ ချစ်ထွန်း၏မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ခေါင်းကလေးကို ငုံ့ကာ ငြိမ်နေမိလေ၏။

“ဘယ့်နှယ်လဲ ကိုချစ်ထွန်း ပြောမယ့်စကားကို မကြားချင်လို့ ခေါင်းငုံ့နေတာလား”

ရွှေဇင်မှာ စကားမပြောဘဲ နေ၍ မဖြစ်နိုင်တော့သဖြင့် မျက်နှာကလေးကို မော်၍ ကြည့်လိုက်ပြီးလျှင် ‘ကိုချစ်ထွန်းဘာကို ပြောမယ်ဆိုတာ ကျွန်မရိပ်မိပါတယ်။ အဲဒီစကားကို ကိုချစ်ထွန်း မပြောရင် မဖြစ်ဖူးလား’ ဟု မေးလိုက်လေ၏။

“ဒီစကားကို မျိုသိပ်ထားလို့ကို မဖြစ်နိုင်လွန်းလို့ပါ ရွှေရယ်၊ ကိုချစ်ထွန်း ရွှေ့ကို တကယ်ပဲ ချစ်နေတာပါ။ ဖွဲ့နွဲ့ပြီးလည်း မပြောတတ်ဘူး။ ချစ်တာကို ချစ်တာလို့သာ ပြောတတ်တာပဲ။ အဲဒါ ရွှေက ကိုချစ်ထွန်း ချစ်သလို ချစ်တယ် မချစ်ဘူးဆိုတာ သိပါရစေ”

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်ရသည်တွင် အဘယ်ကြောင့် ထိုသို့ ကြားရမည်ကို မိမိကြောက်ရွံ့နေကြောင်း စဉ်းစားမိလေတော့သည်။ စင်စစ်အားဖြင့် ရွှေဇင်၏ ကြောက်ရွံ့မှုမှာ ထိုစကားကြားရမည်ကို ကြောက်ရွံ့နေခြင်း မဟုတ်ဘဲ ချစ်ထွန်းအား မိမိက ချစ်ရမည်ကို ကြောက်ရွံ့နေခြင်းပင် ဖြစ်ပေ၏။

ရွှေဇင်၏ တစ်သက်တွင် တကယ့်အချစ်စိတ်သည် ယခင်က မပေါ်ခဲ့ချေ။ ချစ်ထွန်းနှင့် တွေ့ရမှ တကယ့်အချစ်စိတ်ပေါ်ခဲ့သည်ကို ရွှေဇင့်ကိုယ်ရွှေဇင် သိလေသည်။ သို့သော် အတိအလင်း ချစ်ဖို့မှာ မဖြစ်နိုင်။ ထိုသို့ ချစ်ရန် အရေးကို တွေးလိုက်သည့်အခါတွင် လူယုတ်မာ လင်ဆိုးကြီး အေးငွေ၏ မျက်နှာကြီးပေါ်၍ လာလေတော့သည်။

အေးငွေမှာ ထောင်ကျနေသော်လည်း တရားဥပဒေအရ မိမိ၏လင်ယောကျ်ားဖြစ်၍ နေသေးရာ ထောင်က လွတ်လာသည့်နေ့တွင် မိမိအား လိုက်၍ရှာကာ သူ၏ မယားအဖြစ် တောင်းဆိုပေလိမ့်မည်။ မိမိက အေးငွေအား ပြတ်စဲကွာရှင်းလိုသည့်တိုင်အောင် အေးငွေက မိမိအား ကွာရှင်းမည် မဟုတ်။ အေးငွေ သဘောတူခွင့်ပြုမှု မရှိသမျှ သူ့လက်က လွတ်နိုင်မည် မဟုတ်ရာ အချစ်စစ် အချစ်မှန်ကို ယခု တွေ့နေရသော်လည်း 'သဇင်ခက်ကယ်နှယ်... မဆွတ်ရက်နိုင်နှင့်... ဘဝင်သက်ဝယ် ဆည်နိုင်စေ...' ဆိုသလို မပန်နိုင် မဆွတ်ရက်ဖြစ်နေရလေ၏။

"ပြောပါရွှေရယ်... ချစ်...မချစ် သိပါရစေ"

"ကျွန်မ ဒီစကားကို အဖြေမပေးပါရစေနဲ့ ကိုချစ်ထွန်းရယ်၊ အဖြေရခက်လွန်းလို့ပါ"

"ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူးပြောရတာ ဘာခက်လို့လဲ၊ ကိုယ့်စိတ်ထဲမှာ ရှိတာကို သိမှာပေါ့"

ရွှေဇင်သည် မိမိ၏ အတိတ်က အဖြစ်ကို ဖွင့်၍ ပြောလိုက်လျှင် သူ၏ဖြေဆိုရေး ခက်ခဲမှု ပြဿနာမှာ ရှင်း၍ သွားပေမည်။ ထိုသို့ ရှင်းသွားသည်နှင့်အမျှ ချစ်ထွန်း၏ အချစ်ကိုလည်း လက်လွှတ်လိုက်ရပေတော့မည်။ ထိုအချစ်ကိုလည်း လက်လွှတ်မခံနိုင်ပေ။

"ကျွန်မ စိတ်ကို ကျွန်မ သိလို့ အပြောရခက်နေတာပေါ့ ကိုချစ်ထွန်းရယ်"

"ဘယ်လိုလဲ မချစ်နိုင်လို့လား၊ ဒီလိုဆိုလည်း ရှင်းရှင်းပဲ ပြောပါ၊ ကိုချစ်ထွန်း စိတ်မဆိုးပါဘူး၊ အနှောင့်အယှက်လည်း မပေးပါဘူး၊ ဝမ်းနည်းရုံပါပဲ"

"ကျွန်မ ကိုချစ်ထွန်းကို ဘယ်တော့မှာ မမုန်းဘူး၊ မမုန်းတဲ့အတွက် မချစ်ဘူးဆိုတဲ့ စကားကိုတော့ ဘယ်ခါမှမပြောပါဘူး၊ ချစ်တယ်ဆိုတဲ့ စကားကိုသာ မပြောနိုင်လို့ပါ"

"ရွှေ့စကားကလည်း မတင်မကျကြီးပါလား၊ ကိုချစ်ထွန်း ဘယ်လို နားလည်ရမှာလဲ"

"ရှင်းရှင်း ပြောရမယ်ဆိုရင် ကိုချစ်ထွန်းလိုချင်တဲ့အဖြေကို ကျွန်မ အခု မပေးနိုင်သေးဘူး"

"ဘယ်လောက်ကြာအောင် စဉ်းစားနေဦးမှာလဲ"

"ဘယ်လောက်ကြာမယ်ဆိုတာလဲ ကျွန်မ မမှန်းနိုင်ဘူး၊ ဒါပေမဲ့ ကျွန်မ အဖြေပေးနိုင်တဲ့အခါကျရင် ကိုချစ်ထွန်းရဲ့ အမေး



www.burmeseclassic.com

www.burmeseclassic.com



စောင့်မနေဘဲ ကျွန်မကိုယ်တိုင် ပြောပါ့မယ်''

''ချစ်ပါတယ်ဆိုတဲ့ အဖြေသာရမယ်ဆိုရင်တော့ တစ်သက်လုံးပဲ စောင့်ချင်စောင့်ရပါစေ စောင့်ပါ့မယ်''

''ကျွန်မ အဖြေပေးနိုင်တဲ့ တစ်နေ့ကျရင်တော့ ကိုချစ်ထွန်းလိုချင်တဲ့ အဖြေပဲ ရဖို့များပါတယ်''

''ဒါလောက်သိရရင်ပဲ ဝမ်းသာပါဘိ မြွေရယ်''

ချစ်ထွန်းအဖို့မှာ တကယ်ပင် ဝမ်းသာမိခြင်းဖြစ်လေသည်။ တစ်သက်လုံးစောင့်ရသည့်တိုင်အောင် မြွေဇင်၏ အဖြေကို မရဘဲ ရှိချင်ရှိမည်ကိုကား သူထည့်၍ မတွက်ချေ။ မိမိ၏ မေတ္တာမှာ အစစ်အမှန်ဖြစ်သည့်အတွက် မြွေဇင်၏ အဖြေကို တစ်နေ့နေ့တွင် မုချရရှိရမည်ဟု သူ့စိတ်တွင် စွဲမှတ်ထားလိုက်လေသည်။

ဤအတွင်းဝယ် မြွေဇင်ကိုကား အမြဲမပြတ် သူတွေ့၍ တွေ့၍ နေသော်လည်း အချစ်နှင့် ပတ်သက်၍ နောက်ထပ် သူ ဘာမျှ မပြောတော့ချေ။ ရိုးရိုးတန်းတန်းပြောစရာရှိသည်ကိုသာ ပြော၍ မြွေဇင်၏ အလုပ်ကိုပါ သူ ကူညီ၍ လုပ်စရာရှိသည့်အခါ လုပ်၍ ပေးလေသည်။ သို့ဖြစ်သည့်အလျောက် မြွေဇင်နှင့် ချစ်ထွန်းတို့၏ အနေမှာ တစ်ယောက်ကို တစ်ယောက် ချစ်စကား ကြိုက်စကား မပြောဘဲ ကျိတ်ပိုးပိုးနေသည့် အနေမျိုး၌ ရှိနေကြကာ ထိုသို့နေရသည့် ဘဝကလေးသည်ပင် ကြည်နူးစရာကလေး ဖြစ်နေလေ၏။

ဦးစံကြူး၊ ဒေါ်အိတို့ကား မြွေဇင်ကို အခိုင်းအစေတစ်ယောက်ကဲ့သို့ သဘောမထားဘဲ အိမ်သူအိမ်သားတစ်ယောက်ကဲ့သို့ပင် မြွေဇင်အား အခွင့်အရေးပေးထားလေရာ မြွေဇင်မှာ သမီးတစ်ယောက်ကဲ့သို့



ပင် ဖြစ်နေပေ၏။

သို့ဖြစ်၍ စာပေးစာယူရှိလျှင် မြွေဇင်ပင် စာဖွင့်ဖတ်ပြရ၊ တစ်ခါတစ်ရံ မြွေဇင်ကိုယ်တိုင် စာပြန်ရသည့်အထိ အခွင့်အရေးရလေ၏။ သတင်းစာများလာသည့်အခါ၌ မြွေဇင်ပင် ဒေါ်အိအား သတင်းများကို ဖတ်၍ ပြရလေ၏။

တစ်နေ့တွင် ရန်ကုန်ထောင်ကြီးဖောက်သည့် သတင်းတစ်ခု ပါ၍ လာလေရာ မြွေဇင်မှာ တထိတ်ထိတ်နှင့် ထိုသတင်းကို ဖတ်ပြနေရာက ထောင်ဖောက်၍ ထွက်ပြေးရန် ကြံသော အကျဉ်းသားတစ်ယောက်ကို စန္ဒလီအစောင့်က သေနတ်နှင့် ပစ်လိုက်သဖြင့် မျက်နှာကို ထိမှန်၍ ပွဲချင်းပြီး သေဆုံးသွားရာတွင် ရုပ်ပျက် ဆင်းပျက်ဖြစ်နေ၍ မျက်နှာကို မမှတ်မိလောက်အောင် ရှိသော်လည်း အကျဉ်းသားနံပါတ်အမှတ်အသားအရ အေးငွေဆိုသော အလုပ်ကြမ်း အကျဉ်းသမားတစ်ယောက်ဖြစ်နေသည်ဟု သိရသည့်တွင် သတင်းစာကို ဆက်၍ မဖတ်နိုင်တော့ဘဲ ငေးငိုင်သွားမိလေ၏။

''မမြွေ ဘာဖြစ်တာလဲ ဆက်ဖတ်လေ၊ အကျဉ်းသား ဘယ်နှစ်ယောက် လွတ်သွားသေးသတဲ့လဲ''

''တစ်ယောက်ပဲ လွတ်သွားတယ်တဲ့''

မြွေဇင်သည် သတင်းစာကို ဆက်၍ ဖတ်ပြနေရသော်လည်း စိတ်မဝင်စားဘဲ အေးငွေအကြောင်းကိုသာ စဉ်းစားနေမိလေ၏။ ထောင်ထဲတွင် အေးငွေ သေသွားပြီဆိုသော သတင်းမှာ မြွေဇင့်အား ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားစေပြီးမှ မိမိ၏ တစ်ကိုယ်လုံးအား တုပ်နှောင်ထားသော သံကြိုးကွင်းများ ပြတ်သွားသလို လွတ်လပ်ရေးသတင်း

www.burmeseclassic.com



ကောင်းတစ်ခု ဖြစ်၍ ကျိတ်ပြီး ဝမ်းသာရလေတော့၏။

ရွှေဇင်ကား အေးငွေ၏ အချုပ်အချယ် အနှောင်အဖွဲ့မှ လွတ်ခဲ့ပြီး ဖြစ်သည်သာမက မိမိ၏ အတိတ်က အဖြစ်အပျက်များကို မည်သူမျှ မသိစေနိုင်တော့ပြီဖြစ်၍ ဝမ်းမြောက်မဆုံးတော့ပေ။ ထိုသို့ ဝမ်းမြောက်ခြင်းကို အထင်အရှား မပြနိုင်သည့်အတွက်သာလျှင် ဝမ်းမြောက်ခြင်းကို မျိုသိပ်ထားရလေ၏။

ထိုသတင်းကို ဖတ်၍ပြီးသည်နှင့် တစ်ပြိုင်နက် ရွှေဇင်သည် ချစ်ထွန်းထံ ပြေး၍ အဖြေပေးလိုက်ချင်မိ၏။ သို့သော် တကယ်တမ်း ပြောရမည် ဆိုသည့်အခါ ရှက်၍နေလေတော့သည်။ သို့ဖြစ်၍ ဘယ်ပုံဘယ်နည်းနှင့် ဖွင့်၍ ပြောရမည်ကို အကြံထုတ်ရလေ၏။

ထိုသို့ တွေးလိုက်ရာတွင် ချစ်ထွန်းအား ကိုယ်တိုင်ဖွင့်၍ ပြောသည်ထက် ထိုအကြောင်းကို ဒေါ်အိအား ပြောပြခြင်းက တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်နိုင်ခြင်းကို စဉ်းစားကာ 'ဒေါ်ဒေါ် ကျွန်မကို ကိုချစ်ထွန်းက မေတ္တာရှိဖို့ စကားပြောနေတယ်။ ကျွန်မကလည်း ဒေါ်ဒေါ်တို့ဆန္ဒကို မသိရသေးတာနဲ့ ဘာမှအဖြေမပေးလိုက်ဘူး' ဟု တီးတိုး တိုင်ပင်သလို ပြောပြလေ၏။

"ညည်းစိတ်ကူးမလွဲနဲ့၊ ချစ်ထွန်းဟာ တော်တယ်ဟဲ့၊ ချစ်ထွန်းကိုရရင် ညည်း ကံကောင်းတာပဲ၊ ညည်းက မကြိုက်ရင်တော့ဖြင့် မပြောတတ်ဘူး"

"ကျွန်မကတော့ ဒေါ်ဒေါ်တို့ကိုပဲ မိလိုဖလို အားကိုးနေရတော့ ဒေါ်ဒေါ်တို့ သဘောတစ်ခုပါပဲ၊ ဒေါ်ဒေါ်တို့က ကောင်းတယ်ဆိုရင် ငြင်းဖို့ မရှိပါဘူး"



"သူကကော ဘာထပ်ပြောသေးသလဲ"

"ဘာမှတော့မပြောဘူး၊ ကျွန်မဆီက အဖြေစောင့်နေတာပဲ"

"ညည်း ဒီလိုအေးနေလို့ မဖြစ်ဘူး၊ လက်လွတ်သွားဦးမယ်၊ ဒီကိစ္စ ဒေါ်ဒေါ်ကိုယ်တိုင် ဝင်ပြီး လုပ်ပေးမှ အေးမှာပါပဲ"

ရွှေဇင်မှာ လူကြီးများအား နားဖောက်ပြီးသားလည်းဖြစ်၊ နားပူပြီးသားလည်းဖြစ်၊ မိမိတို့နှစ်ဦး၏ အလိုဆန္ဒလည်း ပြည့်ဝစေနိုင်တော့မည် ဖြစ်သွားသည့်အတွက် ဝမ်းမြောက်မဆုံး ဖြစ်နေလေတော့၏။

သို့လျှင် ရွှေဇင်နှင့် ချစ်ထွန်းတို့၏ ချစ်ကိစ္စသည် ထိမ်းမြားမင်္ဂလာဆောင်သည့် အဆင့်သို့ လှမ်းတက်နိုင်ခဲ့လေတော့ရာ 'သူတို့ညားကြလေတော့သတည်း' ဟူသော စကားဖြင့် ဇာတ်သိမ်းဖို့ရန်သာ ရှိသော်လည်း မမျှော်လင့်ဘဲ ဖြစ်ပေါ်လာတတ်သော အကြောင်းတရားတို့ကြောင့် ဆက်ရန် ရှိနေလေတော့၏။

တစ်နေ့တွင် ချစ်ထွန်းသည် မိမိငယ်စဉ်က ရိုက်ကူးထားသော ဓာတ်ပုံများကို ရွှေဇင်အား ထုတ်ပြနေစဉ် ဦးစံကြူး ဒေါ်အိတို့ အလည်ရောက်လာကြလေ၏။ သို့ဖြစ်၍ ဦးစံကြူးတို့ကိုပါ ဓာတ်ပုံများကို ပြနေရ၏။

"ဒါစောလွင် မဟုတ်လား"

ဦးစံကြူး၏ စကားကို ကြားလိုက်ရသည်တွင် ရွှေဇင်သည် ထိုနာမည်ကို မိမိကြားဖူးသလိုလို မှတ်ထင်လိုက်မိလေ၏။

"ဟုတ်တယ်… ကျောင်းနေတုန်းက ရိုက်ထားတဲ့ပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း… စောလွင်တစ်ယောက်လည်း အခုတော့ ကောင်းသွားပြီ ထင်တယ်"

"ဟုတ်ကဲ့ ပိုက်ဆံက ပေါတော့ ထင်ရာလျှောက်လုပ်နေတာပဲ။ ဒါပေမဲ့ ကစားသမား အေးငွေ ဓားထိုးမှုဖြစ်ပြီးကတည်းက ငြိမ်သွားပြီလို့ ကြားတယ်။ အဲဒီတုန်းက သူဟာ အရေးအကြီးဆုံး အစိုးရသက်သေတစ်ယောက်ပေါ့"

ရွှေဇင်သည် ချစ်ထွန်း၏ စကားကို ကြားလိုက်ရသည်တွင် မျက်နှာပျက်သွားလေ၏။

**စောလွင်…**

ထိုနာမည်ကို ရွှေဇင် ကြားဖူးရုံသာမက လူကိုပါ သိကာ သူ့အသက်ကို ကယ်မိသည့်အတွက် မိမိမှာ မသေရုံကလေး ခံလိုက်ရသည့် အတိတ်ကအဖြစ်ကြီး ပေါ်လာလေ၏။ ထိုအကြောင်းကို ချစ်ထွန်းနှင့် ဦးစံကြူးတို့ ဆွေးနွေးပြောဆိုနေကြခြင်းသည် ရွှေဇင်၏ ခေါင်းထဲတွင် မူးဝေသွားစေလေတော့၏။

မိမိ၏ အတိတ်က အဖြစ်ကို ဇာတ်လှန်နေကြသည့်အတွက် ရွှေဇင်မှာ နေရာကထ၍ ပြေးလိုက်ချင်မိ၏။ သို့သော် ပြေး၍မဖြစ်။ မိမိ မျက်နှာပျက်၊ ဣန္ဒြေပျက်သည်ကို မရိပ်မိစေဖို့ လိုသည့်ပြင် အေးငွေကိစ္စနှင့် ပတ်သက်၍ သူတို့ မည်မျှသိကြသည်ကို အကဲခတ်ရန်လည်း လိုနေပေ၏။

"သူ အခု ရန်ကုန်မှာပဲလား"

"ဟုတ်ကဲ့ တစ်လောတုန်းက သူ့ဆီက စာရတယ်၊ သူ ဒီကိုလာမယ်လို့ ဆိုတယ်၊ သူနဲ့ မတွေ့ရတာလည်း အတော်ကြာ



သွားပြီ"

"နေပါဦး သူပါနေတဲ့ အမှုထဲမှာ ဓားထိုးခံရတဲ့ မိန်းမဟာ ဘယ်ရောက်သွားသလဲ"

"အဲဒီမိန်းမအကြောင်းဟာ သတင်းစာထဲမှာ လုံးဝပျောက်နေတယ်။ ဆေးရုံက ဆင်းပြီးတဲ့နောက် တစ်ခါတည်း ထွက်ပြေးပြီနဲ့တူတယ်။ အတော်ချောတဲ့ မိန်းမဆိုပဲ"

"ဒါကတော့ သူ ဘယ်ရောက်ရောက် တို့နဲ့တော့ မဆိုင်ပါဘူးလေ၊ ဒီအမှုမှာ စောလွင်ပါနေလို့သာ တို့က စိတ်ဝင်စားခဲ့ရတာကိုး"

ရွှေဇင်မှာ ထိုသို့ပြောနေသည့်စကားကို ကြာရှည်စွာ နားထောင်မနေနိုင်တော့ပေ။ မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြစ်ရာမှ မူးမိုက်သွားပြီးလျှင် ခွေ၍ကျသွားလေတော့၏။

ချစ်ထွန်းမှာ သူ၏ဇနီး ထိုသို့ တစ်ခါမျှ မဖြစ်ဖူးသည့်အတွက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတော့၏။ ဒေါ်အိသာ ရွှေဇင်၏ဘဝင်ကို ဖိထားပြီးလျှင် သတိရအောင်လုပ်၍ ပေးရလေ၏။

ရွှေဇင် သတိရလာသည့်အခါ မိမိ ရုတ်တရက် မူးဝေသွားခြင်းကြောင့် မသင်္ကာဘဲ မေးမြန်းကြမည်ကို စိုးရိမ်နေလေ၏။

သို့သော် ဒေါ်အိက "ညည်း ဘယ်နှလရှိပြီလဲ"ဟု မေးလိုက်သည့်အတွက် မိမိ၌ ပဋိသန္ဓေရှိနေသောကြောင့် မူးဝေခြင်းဖြစ်သည်ဟု ထင်မှတ်ယုံကြည်ကြသည်ကို သိရှိရကာ စိတ်သက်သာရာ ရလေတော့၏။

ချစ်ထွန်းမှာ ရွှေဇင် မူးဝေသွားသည့်အတွက် စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရရာက ပြန်၍ သတိရလာသည့်အခါတွင် ရွှေဇင်၌ ကိုယ်ဝန်ရှိနေခြင်းကို သိရ၍ ချစ်စရာသားသမီးကလေး ရဦးတော့မည့်အရေးကြောင့် ရွှင်မြူးရပြန်လေ၏။ ရွှေဇင်မှာမူ စောလွင်ကိုသာ တွေးမိကာ သူရောက်လာလျှင် မိမိ၏ အတိတ်ကဖြစ်စဉ်တွေ ပေါ်ကုန်တော့မည်ကိုသာ ပူပန်နေရှာလေ၏။

ထိုသို့ဖြစ်နေရသည့်အထဲမှာပင် ရွှေဇင်နှင့် ချစ်ထွန်းတို့၏ ဇာတ်လမ်း၌ ကြိုးရှုပ်စရာ အကွက်တစ်ကွက်ကို ချစ်ထွန်း၏ နှမက ဖန်တီးပေးလိုက်ပြန်လေ၏။

ချစ်ထွန်း၏နှမ မိမိလေးမှာ မိတ္ထီလာမြို့ပေါ်တွင် နေ၍ ချစ်ထွန်းနှင့် ရွှေဇင် မင်္ဂလာဆောင်စဉ်က သူနှင့် သူ့ယောကျ်ားပါ လာရောက်ရာတွင် သူတို့၏ သုံးနှစ်ရွယ်ရှိ သမီးကလေးကြူကြူကို ရွှေဇင်က အလွန်ချစ်ခင်နေခဲ့မိ၏။ ကြူကြူကလည်း ရွှေဇင်ကို အနားက မခွာဘဲ အမြဲပင် ကပ်၍ နေခဲ့လေသည်။

ယခု မိမိလေးမှာ မျက်စိရောဂါကြောင့် ရန်ကုန်သို့ သွား၍ ကုသရမည်ဖြစ်ရာ သူတို့လင်မယားနှစ်ယောက် ရန်ကုန်က ပြန်ရောက်လာသည့်တိုင်အောင် ကြူကြူအား ခေါ်၍ ထားရန် စာပေးလိုက်သဖြင့် မိမိလေးတို့ ရန်ကုန်သို့ သွားမည့်နေ့မှာပင် ရွှေဇင်နှင့် ချစ်ထွန်းတို့ မိတ္ထီလာသို့ လိုက်သွားကြရလေ၏။

မိတ္ထီလာသို့ ရောက်သည့်အခါတွင် မိမိလေးတို့ လင်မယားကို ဘူတာရုံသို့ လိုက်ပို့ကြလေ၏။ မန္တလေးရထားကြီး ဆိုက်လိုက်သည်နှင့် ဆင်းသူဆင်း တက်သူတက်ကြရာတွင် ရွှေဇင်မှာ မိမိလေးတို့ကို ဂရုမစိုက်နိုင်တော့ချေ။ ရထားပေါ်မှ ဆင်းလာသော လူတစ်



ယောက်ကို မြင်လိုက်ရခြင်းဖြင့် ပြေးစရာ ရှာမတွေ့သလို ဖြစ်သွားလေ၏။

ရထားပေါ်မှ ဆင်းလာသူကား ရွှေဇင်၏ ယောကျ်ားဟောင်း အေးငွေပင် ဖြစ်လေ၏။ ရွှေဇင့်အဖို့မှာ သူ့ယောကျ်ား၏ မျက်နှာကို မမှတ်မိနိုင်စရာမရှိချေ။ အေးငွေမှာ ယခင်ကလောက် မဝဖြိုးတော့ဘဲ အနည်းငယ် ပိန်သွားသည်မှတစ်ပါး ရုပ်ရည် ဘာတစ်ခုမျှ ပြောင်းလဲခြင်းမရှိချေ။

ဝတ်ပုံစားပုံမှာ ယခင်ဝတ်နေကျအတိုင်းပင် ဖြစ်သော်လည်း အဝတ်အစားမှာ ယခင်ကဲ့သို့ မတောက်ပြောင်ဘဲ ခပ်နွမ်းနွမ်းရှိနေလေသည်။ ထိုသို့ ရှိနေရခြင်းအကြောင်းကိုကား ရွှေဇင် ကောင်းစွာနားလည်နိုင်ပေ၏။ အေးငွေမှာ ထောင်ပြေးတစ်ယောက်ဖြစ်လေရာ မည်သည့်နည်းနှင့်မျှ ဟန်ကျပန်ကျနေနိုင်မည် မဟုတ်ပေ။ ထောင်ကျလိုက်သည့်အတွက်လည်း အလုပ်ကြမ်းဒဏ်ပိ၍ အသားအရေ ယုတ်လျော့သွားခြင်း ဖြစ်မည်။ သတင်းစာထဲတွင် လူတစ်ယောက်လွတ်ပြေးသည်ဆိုခြင်းမှာ အေးငွေလွတ်သွားခြင်းပင် ဖြစ်မည်။ သေနတ်ထိမှန် သေဆုံးရသူမှာ အေးငွေမဟုတ် လူရုပ်ကို မမှတ်မိအောင်ဖြစ်ခြင်းကြောင့် အေးငွေက သူ၏ ထောင်နံပါတ်ဖြင့် လဲ၍ တပ်သွားကာ လွတ်ပြေးခဲ့ခြင်း ဖြစ်ရပေမည်။ ယခု မီးရထားပေါ်မှ ဆင်းလာသူမှာ အေးငွေပင် အမှန်စင်စစ်ဖြစ်ကာ မိမိရှိရာကို စုံစမ်းပြီး လိုက်လာခြင်းဖြစ်သည်ဟု ရွှေဇင် တစ်ထစ်ချ တွေးလိုက်မိလေ၏။

ရွှေဇင်သည် မိမိအား အေးငွေ မြင်သွားမည်ကို အလွန်စိုးရိမ်ထိတ်လန့်ကာ ချစ်ထွန်း၏နောက်တွင် ကွယ်နေရလေသည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



ပုန်းကွယ်နေသော်လည်း မလွတ်ချေ။ ရထားတွဲပေါ်မှဆင်း၍ လျှောက်လာသော အေးငွေသည် ရွှေဇင်အား လူအများကြားထဲမှ ကွက်၍ မြင်မိကာ ခေတ္တမျှစိုက်ကြည့်နေလိုက်သည်။ ထိုနောက်မှ ရွှေဇင့်ကို မသိသကဲ့သို့ ဆက်၍ လျှောက်သွားလေရာ မိမိအား မြင်လျက်နှင့် မမြင်ဟန်ဆောင်သွားသည်ဟု ရွှေဇင် တွေးလိုက်မိလေ၏။ မည်သည့်အကြံဖြင့် ထိုသို့ မမြင်ဟန်ဆောင်သွားသည်ကို ရွှေဇင် မတွေးတတ်အောင်ဖြစ်ရကာ သာ၍ပင် ကြောက်လန့်မိလေ၏။

"ပြန်ကြပါစို့ ကိုချစ်ထွန်းရယ်"

"မြန်လှချည်လား၊ မီးရထားထွက်မှပဲ ပြန်ကြပါစို့လား"

"ကျွန်မ ခေါင်းထဲက မူးတူးတူးကြီးဖြစ်နေတယ်။ ပြီးတော့လည်း မီးရထားပေါ်မှာ သူ့အမေ အဖေပါသွားတာ မြင်နေရရင် ကြုံကြုံဝမ်းနည်းနေမယ်"

ချစ်ထွန်းသည် ရွှေဇင်၏ စကားကို အဟုတ်မှတ်ထင်မိသဖြင့် "ဒီလိုဆိုရင်လည်း ပြန်တာပေါ့" ဟု ဆို၍ မိမိလေးတို့ လင်မယားကို နှုတ်ဆက်ပြီး ဘူတာရုံမှ ပြန်ခဲ့ကြလေ၏။

အိမ်သို့ ပြန်၍ ရောက်သည့်တိုင်အောင် ရွှေဇင်မှာ အကြောက်အလန့်မပြေသေးဘဲ အေးငွေ၏ မျက်နှာကိုသာ မြင်ယောင်နေမိလေသည်။ ဤအရပ်သို့ မိမိရောက်နေသည်ကို ဘယ်နည်းနှင့် အေးငွေသိသွားပါလိမ့်မည်နည်းဟု ရွှေဇင်မှာ စဉ်းစား၍ မရနိုင်ပေ။

ဘယ်နည်းနှင့်ပင်သိသိ မိမိကို အေးငွေ တွေ့သွားပြီဖြစ်ရာ မိမိအား လိုက်၍ နှောင့်ယှက်ချေတော့မည်။ ချစ်ထွန်းနှင့် မိမိအား ခွဲပစ်ချေတော့မည်။ မိမိ၏အတိတ်က အဖြစ်ကို အားလုံးသိကုန်ကြ



တော့မည်။ ထိုသို့မဖြစ်ရအောင် မည်သို့ကာကွယ်ရပါမည်နည်းဟု ကြံရာမရ ရှိလေ၏။

ရွှေဇင်သည် အေးငွေအကြောင်းကို ချစ်ထွန်းအား မသိစေချင်။ ပြောလည်းမပြရဲရှိကာ တိုင်ပင်ရမည့်သူ မရှိသကဲ့သို့ ဖြစ်နေလေ၏။

ထိုသို့ အေးငွေ၏ အကြောင်းကို တွေးလေ တွေးလေ မိမိသည် ချစ်ထွန်း၏ မယားမဟုတ်သည်ကို တရေးရေး မြင်လာလေ၏။ ထို့နောက် ချစ်ထွန်းနှင့် ရ၍ထားသော ပဋိသန္ဓေရှိနေသည့် ကလေးကို တွေးလိုက်သည့်အခါ ခေါင်းထဲမှာ ချာချာလည်၍ သွားလေတော့၏။ အားလုံးခြုံ၍ စဉ်းစားလိုက်သည့်အခါ မိမိ၏အမှား မိမိ၏အပြစ်ချည်းသာ ဖြစ်နေသည်ကို တွေ့ရလေ၏။ အကယ်၍သာ ချစ်ထွန်းနှင့် လက်မထပ်ရသေးမီက အဖြစ်မှန်ကို ချစ်ထွန်းအား ဖွင့်၍ ပြောခဲ့ပါမူ ယခုကဲ့သို့ အခါမျိုးတွင် ချစ်ထွန်း၏ အကာအကွယ်ကို ရနိုင်ပေမည်။ ယခုမူကား ထိုအကြောင်းကို ပြောပြရန် အချိန်နှောင်း၍နေပြီ ဖြစ်လေရာ ရှေ့တွင် ဖြစ်လာမည့်အရေးတို့ကို ကျိတ်၍ ပူနေရလေတော့၏။

နောက်နေ့တွင် ချစ်ထွန်းအလုပ်သွားနေခိုက် အိမ်တွင် ရွှေဇင်နှင့် ကြုံကြုံတို့ချည်းသာ ရှိနေစဉ် ဧည့်သည်တစ်ယောက် အိမ်ထဲသို့ လာနေသည်ကို တွေ့ရ၏။ ထိုသူမှာ အသက်အရွယ် မကြီးလှသေးသော ယောကျ်ားတစ်ယောက် ဖြစ်ပြီးလျှင် လက်ဆွဲသားရေအိတ်နှင့် အထုပ်အပိုးအချို့တို့ ပါလာသည်ကို အဝေးမှလှမ်း၍ မြင်ရလေရာ မိမိတို့အိမ်တွင် တည်းခိုရန် လာရောက်သူတစ်ဦး ဖြစ်သည်ကို သိရပြီး

www.burmeseclassic.com

www.burmeseclassic.com



မည်သူများပါနည်းဟု အိမ်ရှေ့သို့ ထွက်ကြည့်လိုက်ရာတွင် မျက်နှာချင်းဆိုင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ရွှေဇင်မှာ ကြက်သေ,သေပြီး တွေတွေဝေဝေ ဝင်၍လာသူမှာ စောလွင် ဖြစ်နေပေ၏။ စောလွင်သည် ရွှေဇင့်အား မမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့အားသင့်နေပြီးမှ 'ဟာ… ရှိရှိလှပါကလား' ဟု နှုတ်ဆက်လိုက်လေ၏။

"ကျွန်မကို ဒီနာမည်မခေါ်ပါနဲ့. ကျွန်မနာမည်အမှန်က မရွှေဇင်ပါ"

"ဩော်… ကိုချစ်ထွန်းနဲ့ လက်ထပ်တယ်ဆိုတာ ဘယ်သူများလဲ မှတ်တယ်၊ လက်စသတ်တော့ ခင်ဗျားနဲ့ကိုး"

"ဟုတ်ကဲ့… ဒါထက် ကျွန်မ တစ်ခုတောင်းပန်ပါရစေ၊ ကျွန်မတို့ အရင်ကအကြောင်းတွေကို ကိုချစ်ထွန်း မသိပါစေနဲ့။ ကျွန်မ အကုန်လုံးဖုံးထားတယ်။ ကျွန်မမှာ အရင်က ယောကျ်ားရှိတာကို သူမသိဘူး။ အဲဒါ ကျွန်မက အပျိုပါပဲလို့ လိမ်ချင်လို့တော့ မဟုတ်ပါဘူး။ အရင်က မကောင်းတဲ့အဖြစ်ဆိုးတွေကို ပြန်ပြီး မဖော်ချင်လို့ပါပဲ"

"ဒါကို စိတ်ချပါလေ၊ မသိစေရပါဘူး"

"ရှင်… အခု ရောက်လာတာ တစ်နည်းတော့ ကောင်းတယ်။ ကျွန်မမှာ တိုင်ပင်စရာလူမရှိ ဖြစ်နေတာ အခုတော့ တိုင်ပင်ဖော်ရပြီ၊ ရှင့်ကို တိုင်ပင်စရာတစ်ခု ရှိနေတယ်"

"ဘာတိုင်ပင်ချင်သလဲ"

"မနေ့က ကျွန်မ မိတ္ထီလာရောက်သွားတော့ မန္တလေးကလာတဲ့ မီးရထားပေါ်က ကိုအေးငွေ ဆင်းလာတာ တွေ့ရတယ်။ သူလည်း



ကျွန်မကို မြင်သွားတယ်"

"ဟုတ်တယ် ကျွန်တော်လည်း သူ့ကို ဒီနေ့ တွေ့ခဲ့တယ်၊ သို့ပေမဲ့ သူက ကျွန်တော့်ကို မသိသလိုလို လုပ်နေတယ်။ ဘာအကြံနဲ့လဲတော့ မသိဘူး"

"ကျွန်မက ကိုအေးငွေ သေပြီဆိုတာ ယုံလို့ ကိုချစ်ထွန်းနဲ့ ယူလိုက်တာပဲ၊ အခုတော့ ကိုအေးငွေ ပြန်ပေါ်ပေါက်လာတဲ့အတွက် အခက်တွေ့နေရပြီ ဘယ်နှယ့်လုပ်ရပါ့မလဲ"

ရွှေဇင်မှာ ဧည့်သည်ကို ဧည့်ဝတ်ပြုဖို့ သတိမရနိုင်။ ချစ်ထွန်းမရှိခိုက် ပြောစရာစကားတို့ကိုသာ စောလွင် ခရီးရောက်မဆိုက် အရေးတကြီး သုတ်သီးသုတ်ပျာ မှာထားတိုင်ပင်ရလေတော့၏။

"ကောင်းပြီလေ ကြည့်ပြီးလုပ်ကြတာပေါ့။ ကျွန်တော် ကူညီပါ့မယ်။ ခင်ဗျားကျေးဇူး ကျွန်တော့်အပေါ် အများကြီး ရှိပါတယ်"

ထိုသို့ ပြောဆိုတိုင်ပင်၍ စကားအဆုံးလောက်မှာပင် ချစ်ထွန်းပြန်၍ ရောက်လာကာ ရွှေဇင်နှင့် စောလွင်တို့ စကားလက်ဆုံကျနေသည်ကို တွေ့ရ၍ 'ဩော်… ကိုချစ်ထွန်းမရှိတုန်း ဧည့်သည်ကို ရွှေက ဧည့်ခံနေသလား၊ အဲဒါ ကိုချစ်ထွန်းပြောပြောနေတဲ့ သူငယ်ချင်းပေါ့' ဟု မိတ်ဆက်ပေးလေ၏။

"ကျွန်တော် ပြောပြလို့ သိပြီးပါပြီ၊ ကျွန်တော် ခင်ဗျားရှိရာကို လိုက်လာမလို့၊ ခင်ဗျားမိန်းမက လာခါနီးပါပြီ ပြောတာနဲ့ပဲ စောင့်နေတာ"

"ကဲ… အခုလို တစ်ခါတလေမှ ရောက်လာတဲ့အခိုက် ခပ်ကြာကြာလေးတော့ နေရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အို… စိတ်ချပါ၊ ပျော်သလောက်နေမှာပါပဲ၊ ကျွန်တော်က တစ်နေရာရာမှာ ပျော်မိပြီဆိုရင်တော့ ဆွေမျိုးပါ မေ့တဲ့လူစားပါ"

"ကောင်းပြီ…ကောင်းပြီ တစ်သက်လုံးနေရင် ပိုတောင် ဝမ်းသာသေးတယ်"

ထိုသို့ နှစ်ပေါင်းများစွာ ကွဲနေသော သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရ စကားပြောကာ ရေးဖြစ်ဟောင်းများကို စမြုံ့ပြန်နေကြစဉ် ရွှေဇင်သည် ကြူကြူကို ကြည့်ရန် ရှိသည့်အနေဖြင့် ၎င်းတို့အနားမှ ရှောင်၍သွားလေ၏။

ထိုတစ်ညနေလုံး ရွှေဇင်မှာ စိတ်ထဲတွင် ဂဏာမငြိမ်ဖြစ်၍ နေတော့၏။ ချစ်ထွန်းကို ကြည့်လိုက်တိုင်း မိမိအား တစိတစောင်း အကဲခတ်ကာ လိုက်၍ ချောင်းနေသလားဟု ထင်မိ၏။ သို့ဖြစ်၍ ချစ်ထွန်း၏ အကြည့်ကို မခံရဲသကဲ့သို့ ရှိနေကာ အခန်းထဲဝင်ပြီး ကြူကြူကလေးနှင့်သာ အဖော်လုပ်၍ နေရလေ၏။

သို့အတွက် ရွှေဇင်၏ အမူအရာမှာ ထူးခြားသလိုလို ရှိသည်ဟု ချစ်ထွန်း ထင်စရာဖြစ်ရပြန်လေ၏။ သို့သော် ချစ်ထွန်းက ဘာမျှ မေးခြင်းမြန်းခြင်းမရှိ။ ကြူကြူကလေးကို ဂရုစိုက်နေခြင်းကြောင့် ဖြစ်သည်ဟု ယူဆမိလေ၏။

ရွှေဇင်မှာ အနာဂတ်ရေးကို တွေးလိုက်တိုင်း ဆွေးစရာဖြစ်နေတော့သည်။ မိမိ၏ ချစ်ရိပ်မြုံဖြစ်သော သာယာပျော်မွေ့ဖွယ်ကောင်းသည့် ဤအိမ်ကြီးကို စွန့်သွားရဖို့ရန် အကြောင်းကြောင်းတို့ ဖြစ်ပေါ်ဖန်တီးလာလေပြီ။ မိမိအပေါ်တွင် အမျိုးမျိုး ကြင်နာစောင့်ရှောက်ခဲ့သော ချစ်သူခင်ပွန်းနှင့်လည်း ကွဲရပေတော့မည်။



အေးငွေမှာ ထောင်ပြေးတစ်ယောက်ဖြစ်သဖြင့် ဆိုင်ရာက ဖမ်းဆီး အရေးယူနိုင်စေကာမူ မိမိမှာ သူ၏အနှောင်အဖွဲ့မှ မလွတ်နိုင်။ ရွှေဇင်မှာ အေးငွေ၏ မယားအဖြစ်က မလွတ်သေး။ ထိုသို့ မလွတ်သေးသမျှ မိမိအား ချစ်ထွန်းက ပိုင်ဆိုင်နိုင်ခွင့်မရှိ။ ထိုအကြောင်းကိုလည်း ချစ်ထွန်းအား ဖွင့်၍ ပြောပြရန် ခက်၍နေလေရာ အေးငွေ၏ ရန်နှင့် ကင်းဝေးအောင် ထိုအိမ်ကြီးကို စွန့်ခွာ၍ မိမိ၏ ပြေးလွှားနေရသော ဘဝခရီးလမ်းကို ပြန်၍ ဆက်ရဦးမည်ကဲ့သို့ ရှိနေပေ၏။

ရွှေဇင်သည် ထိုအကြောင်းကို တွေးမိတိုင်း တွေးမိတိုင်း မျက်ရည်ကျမိလေ၏။ ယခင်က အစဉ်ရွှင်ပြုံးနေသော မျက်နှာကလေးမှာ ညှိုးခြောက်စပြုလာတော့၏။

ထိုသို့ မရွှင်မပျဖြစ်နေခြင်းကို ချစ်ထွန်းမှာ မစဉ်းစားတတ်အောင် ရှိရလေ၏။ အထူးသဖြင့် စောလွင်ရောက်လာသည့် အချိန်ကစပြီး ရွှေဇင်က မိမိအား ဟက်ဟက်ပက်ပက် စကားမပြော။ စောလွင်နှင့်မူ တိုးတိုးတိတ်တိတ် စကားပြောနေကြသည်ကို တွေ့ရသည့်ပြင် ထိုသို့ သူတို့နှစ်ဦး စကားပြောနေကြသည့်အခါတိုင်း စောလွင်၏မျက်နှာမှာလည်း မကြည်မလင်ဖြစ်နေသည်ကို တွေ့ရသောကြောင့် မသင်္ကာစရာဖြစ်ရလေ၏။

သို့ဖြစ်သည့်အတွက် ရွှေဇင်၏ အပေါ်တွင် ချစ်ထွန်း၏ အပြောအဆို အပြုအမူများသည်ပင် အနည်းငယ် ပြောင်းလာလေရာ ရွှေဇင်အဖို့ ပို၍ပင် စိတ်မချမ်းသာစရာ ဖြစ်ရလေ၏။

ရွှေဇင်သည် ချစ်ထွန်းရှေ့တွင် စောလွင်နှင့် စကားပြောအဆိုတတ်နိုင်သမျှ ရှောင်ပါသော်လည်း တစ်အိမ်ထဲတွင် နေကြရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် အစဉ်သဖြင့် ရှောင်၍ မလွှတ်နိုင်ရှိလေရာ အေးငွေ၏ကိစ္စကို တိုင်ပင်ရေးအတွက် အကြပ်ရိုက်နေလေတော့၏။

စောလွင်ကလည်း ချစ်ထွန်းက မိမိအား ရွှေဇင်နှင့် တစ်မျိုးတစ်မည် အထင်လွဲမည်ကိုလည်း စိုးရိမ်မိလေသည်။ ထို့ကြောင့် ရွှေဇင်အား နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်စကားပြောနိုင်ရန် ကြံစည်ကာ စာရွက်ကလေးတစ်ခုပေါ်တွင် စာရေးပြီး ချစ်ထွန်း၏ အလစ်တွင် ရွှေဇင်၏ လက်ထဲသို့ ပေးလိုက်လေ၏။

ရွှေဇင်သည် မိမိ၏ အခန်းထဲ ဝင်သွားပြီး စာကို ဖတ်ကြည့်လိုက်ရာ **'ဒီဒုက္ခကြီးထဲက လွတ်ရအောင် ကြိုးစားပါ့မယ်၊ ပူမနေပါနဲ့၊ မနက်ဖြန် မိတ္ထီလာကို သွားပြီး အေးငွေကို တွေ့အောင်ရှာပါ့မယ်။ ပြန်လာတော့ အကျိုးအကြောင်း သိရပါလိမ့်မယ်'** ဟု တွေ့ရလေ၏။

ထိုစာကို ဖတ်၍အပြီးတွင် စာရွက်ကလေးကို ဖြဲပစ်နေစဉ်မှာပင် အခန်းထဲသို့ ချစ်ထွန်း ဝင်လာသဖြင့် ရွှေဇင်မှာ မျက်နှာပျက်သွားလေ၏။ ချစ်ထွန်းကလည်း မိမိ မသိစေလိုသော စာဖြစ်သည့်အတွက် ဆုတ်ဖြဲဖျောက်ဖျက်ပစ်ခြင်း ဖြစ်သည်ဟု နားလည်ကာ တိုး၍ မသင်္ကာဘဲ ဖြစ်နေလာလေ၏။

"ရွှေ အခုတစ်လော အခန်းထဲချည်း ဝင်ဝင်နေတယ် ဘာလုပ်နေတာလဲ"

ရွှေဇင်သည် မိမိအား ချစ်ထွန်းက ဘယ်အခါမျှ လေသံတင်းတင်းနှင့် စကားမပြောဘူးဘဲ ပထမဆုံး ထိုစကားမျိုးကို ကြားလိုက်ရာတွင် ထူပူသွားလေ၏။

"ဘာဖြစ်သလဲ မသိဘူး၊ အလိုလိုနေရင်း စိတ်မကောင်းဖြစ်ပြီး တစ်ယောက်တည်းပဲ နေချင်နေတယ်"

"အို... အလကားသက်သက်တော့ စိတ်မကောင်းစရာဖြစ်ပါ့မလား၊ မဟုတ်တာပဲ"

ရွှေဇင်က ဘာမျှမပြောဘဲ ငြိမ်နေလိုက်သဖြင့် ချစ်ထွန်းကလည်း ဆက်၍ မပြောတော့ဘဲ ပြန်ထွက်သွားလေ၏။

နောက်နေ့တွင် ရွှေဇင် အိပ်ရာမှ မနိုးသေးမီပင် စောလွင် မိတ္ထီလာသို့ ထွက်သွားလေ၏။ ရွှေဇင်မှာ ညက ကောင်းစွာအိပ်မပျော်သဖြင့် မနက်တွင် အိပ်ရာထ အနည်းငယ် နေမြင့်သွားကာ အိပ်ရာမှ နိုး၍အလာတွင် အပြင်သို့ ထွက်ရန် ပြင်နေသော ချစ်ထွန်းကို တွေ့ရလေ၏။

"အပြင်သွားဦးမယ်၊ စပါးတွေလှဲတိုက်ဖို့ လူသွားခေါ်ဦးမယ်၊ ရွှေတော့ အိမ်မှာ စောလွင်ပဲ မရှိတာနဲ့ တစ်ယောက်တည်း ပျင်းနေမယ် ထင်တာပဲ"

ချစ်ထွန်း၏ စကားမှာ ထေ့သံကလေးပါသည်ဟု ရွှေဇင်၏ စိတ်ထဲတွင် ထင်လိုက်မိလေ၏။

"ကြုံကြုံတစ်ယောက်လုံး အဖော်ရှိနေသားပဲ မပျင်းပါဘူး"

'အင်း... ဟုတ်သားပဲ' ဟု ပြောပြီး ချစ်ထွန်းထွက်သွားလေ၏။

ချစ်ထွန်း အပြင်သို့ သွားမည်ဟု ပြောလိုက်သည့် စကားမှာ တစ်နေ့ကုန်လောက် ကြာကြာသွားရမည့် အလုပ်မျိုးကဲ့သို့ ရွှေဇင် အောက်မေ့မိရာ တစ်နာရီလောက်အကြာမှာပင် ချစ်ထွန်းပြန်လာသည့်အတွက် မိမိပျင်းနေမည်ကို တကယ်ပင် စိုးရိမ်၍ ပြန်လာခြင်းလော။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် အပြင်သို့ အကြာကြီးသွားဟန်လုပ်ပြီး မိမိအား ပြန်၍ ချောင်းခြင်းလောဟု မတွေးတတ်အောင် ရှိလေ၏။

ရွှေဇင်မှာ မိမိ၏ အရုပ်တော်ပုံကို မြန်မြန်ရှင်းပစ်ချင်ကာ စောလွင်ပြန်အလာကိုသာလျှင် မျှော်နေရလေသည်။

စောလွင်ကား တစ်နေ့တည်းနှင့် ပြန်၍မလာ။ နောက်နေ့ ညနေဘက်လောက်မှ ပြန်၍ရောက်လာလေ၏။ ထိုသို့ရောက်၍ လာလျှင်လာခြင်း အကျိုးအကြောင်းကို ဆီး၍ မေးလိုက်ချင်သော်လည်း ချစ်ထွန်းရှေ့တွင် အမေးရခက်နေတော့၏။ ချစ်ထွန်းကလည်း အလစ်မပေးဘဲ တစ်ယောက်ယောက်ကို အမြဲကပ်နေသည့်အတွက် မျက်ရိပ်မျက်ကဲဖြင့်သာလျှင် တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်နေရလေ၏။

ညအိပ်ခါနီးလောက်မှ ချစ်ထွန်း ခြံထဲသို့ ဆင်း၍ နွားများကို ကြည့်နေခိုက် ရွှေဇင့်အနားသို့ စောလွင်ကပ်လာကာ 'သူနေတဲ့နေရာကိုတော့ သိခဲ့ပြီ။ လူချင်းတော့ မတွေ့ခဲ့ရသေးဘူး။ တခြားကို ခဏသွားနေတယ် ပြောတယ်။ သုံးရက်လောက်ကြာမှ ပြန်လာမတဲ့။ သူပြန်လာရင် တွေ့ဖို့ ချိန်းထားတယ်။ သူ့နာမည်ကို အောင်စိုးလို့ ပြောင်းထားတယ်' ဟု သုတ်သီးသုတ်ပျာ ပြောရလေ၏။

ထိုသို့ ပြောရသည်မှာပင် ချစ်ထွန်းပြန်အလာနှင့် လွတ်ရုံမျှသာ ရှိလေ၏။

"ရွှေ အိပ်တော့မယ်ဆို မအိပ်သေးဘူးလား"

'အခုပဲ အိပ်ရာဝင်မလို့ပါပဲ' ဟု ရွှေဇင်က ပြန်၍ပြောကာ အခန်းထဲသို့ ဝင်ခဲ့ရလေ၏။



ရွှေဇင်သည် အိပ်ရာထဲတွင် လှဲမအိပ်နိုင်သေးဘဲ ခုတင်ပေါ်၌ တင်ပါးလွှဲထိုင်ကာ တွေဝေငေးငိုင်နေမိလေ၏။ သူ၏ လျှို့ဝှက်ထားသော အတိတ်သည် သူ၏စိတ်ကို ညှဉ်းဆဲလျက် ရှိပေ၏။ သေအောင် ညှဉ်းဆဲလိုက်လျှင်လည်း ဝဋ်ကျွတ်သွားမည် ဖြစ်၏။ ယခုမူ မသေမရှင် စိတ်ဆင်းရဲရရုံမျှ ညှဉ်းဆဲနေခြင်းကြောင့် ရွှေဇင်မှာ အနေရခက်နေလေတော့၏။

ထိုအခိုက်တွင် ချစ်ထွန်းအခန်းထဲသို့ ဝင်လာကာ မျက်နှာခပ်တင်းတင်းနှင့် 'ဘာဖြစ်နေတာလဲ အခုလို ဘယ်လောက်ကြာအောင် လုပ်နေမှာလဲ' ဟု မေးလေ၏။

"မပြောနိုင်ဘူး၊ တစ်သက်လုံး ဒီလိုပဲ ဖြစ်ချင်ဖြစ်နေတော့မှာပဲ"

"ရွှေဟာ ကျုပ်နဲ့ကျတော့ ကောင်းကောင်းစကားမပြောချင်ဘူး၊ စောလွင်နဲ့မှ စကားပြောချင်တယ်နဲ့ တူတယ်' ဟု ပြောပြောဆိုဆို ထွက်၍သွားလေ၏။

ချစ်ထွန်းသည် ကြူကြူရောက်လာကတည်းက ရွှေဇင်နှင့် တူတူမအိပ်ချေ။ ရွှေဇင်နှင့် ကြူကြူတို့သာလျှင် အတူတူအိပ်ရာ ချစ်ထွန်း ထွက်အသွားတွင် ရွှေဇင်သည် အိပ်ရာပေါ်တွင် လှဲ၍ ကြူကြူ အား ပွေ့ဖက်ရင်း မျက်ရည်တွေတွေကျမိလေ၏။ ရွှေဇင်မှာ ဘာမျှ အကူအညီမပေးနိုင်သော ကလေး ကလေးအား ဖက်ပွေ့ထားရခြင်းကိုပင် မိမိ၏ ဒုက္ခမှ နှစ်သိမ့်ဖြေဖျော်စရာ ရသကဲ့သို့ ထင်မိလေ၏။

နောက်သုံးရက်အတွင်း ရွှေဇင်မှာ ကျိတ်၍သာ စိတ်ဆင်းရဲခြင်းဖြစ်နေရလေ၏။ ထိုသုံးရက်မြောက်နေ့တွင် စောလွင်သည် အောင်

www.burmeseclassic.com



စိုးခေါ် အေးငွေနှင့် တွေ့ရန် သွားမည်ဖြစ်ရာ မိမိပါ အတူလိုက်၍ သွားရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်လေ၏။ ထိုသို့ သွားလျှင် ပြန်၍မလာတော့။ ချစ်ထွန်းအား နောက်ဆုံးနှုတ်ဆက်သည့် စာကလေးတစ်စောင် ရေးထားခဲ့ရတော့မည်။

သို့သော် ဘာအကြောင်းကြောင့် ထွက်သွားခြင်းကိုကား စာထဲ၌ မဖော်။ အတိတ်က အကြောင်းကို ဖော်လိုက်ခြင်းအားဖြင့် ချစ်ထွန်းအား စိတ်ဒုက္ခမရောက်စေချင်။ ယခုအထိ ချစ်ထွန်း စိတ်မချမ်းမသာမှု ဖြစ်နေရခြင်းပင် လွန်နေပြီ။ နောက်ထပ် တိုး၍ကား ဒုက္ခမပေးလို။ မိမိအပြစ်ကို မိမိတစ်ယောက်တည်းသာ ဒဏ်ခံလိုက်တော့မည်။

မိမိနှင့် စောလွင်အပေါ်တွင် ချစ်ထွန်း၏ မသင်္ကာမှုကိုကား စောလွင်ကိုပင် ချစ်ထွန်းအား ပြန်၍ ရှင်းပြခိုင်းရပေတော့မည်။ မိမိမှုကား ထိုအကြောင်းကို ကိုယ်တိုင် မရှင်းချင်။ ထိုအကြောင်းကို ရှင်းရင်း အတိတ်ကအကြောင်းတွေ ပေါ်ကုန်မည်ကို စိုးရိမ်မိတော့သည်။

မိတ္ထီလာသို့ သွားမည့်နေ့ မနက်တွင် ရွှေဇင်သည် စောစောထကာ အဝတ်အစားများကို ပြင်ဆင်ထုပ်ပိုးထားလေ၏။

ထိုနေ့မှာပင် ချစ်ထွန်းမှာ စောစောအလုပ်သွား၍ လုပ်ရန်ရှိနေလေရာ ရွှေဇင်က ဦးစံကြူး၊ ဒေါ်အိတို့အိမ်သို့ သွား၍ နေမည်ဟု ပြောထားလေ၏။ ရွှေဇင်၏ အကြံမှာ ကြူကြူအား ဒေါ်အိထံ ထားခဲ့ပြီး ချစ်ထွန်းအိမ်က ထွက်သွားမှ အိမ်သို့ ပြန်၍ အထုပ်အပိုးယူကာ စောလွင်နှင့်အတူ လိုက်သွားရန် ဖြစ်ပေ၏။



စောလွင်သည် အိမ်ကထွက်မည်အပြုတွင် ရွှေဇင်တစ်ယောက်တည်း ပြန်၍ ရောက်လာကာ 'ကျွန်မပါ လိုက်မယ်'ဟု ပြောလိုက်ရာတွင် အံ့အားသင့်သွားလေ၏။

''အို… ဘာလို့လိုက်မှာလဲ၊ ကျွန်တော်တစ်ယောက်တည်း သွားလည်း ဖြစ်တာပဲ''

''ပြီးပြတ်အောင် စီစဉ်လို့ရရင် ကျွန်မ ပြန်လိုက်လာမှာပေါ့။ မရရင်လည်း ကျွန်မ ပြန်လာဖို့ ဘာလိုလဲ။ တစ်ခါတည်း သွားတော့မယ်''

စောလွင်သည် အနည်းငယ် စဉ်းစားနေလိုက်ပြီးမှ 'လိုက်တာတော့ လိုက်ခဲ့လေ… မျက်နှာစုံညီ ပြောရတာပေါ့။ တစ်ခါတည်း ထွက်သွားဖို့ ဆိုတာကတော့ နောက်မှ စဉ်းစားပါ' ဟု ပြောပြီး လိုက်ရန်ကို သဘောတူလိုက်ရလေ၏။

ရွှေဇင်ကား ဘယ်နည်းနှင့်မျှ ပြန်၍ လာဖို့ရန် မဖြစ်နိုင်ဟု စိတ်ပိုင်းဖြတ်ပြီး ဖြစ်သည့်အလျောက် ချစ်ထွန်းအား စာတစ်စောင် ရေးထားခဲ့လေ၏။

> ''ကျွန်မ ကိုချစ်ထွန်းကို နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မမှာ ရှိသမျှအပြစ်တွေကို ခွင့်လွှတ်ပါ။ ကျွန်မအဖို့မှာ ကိုချစ်ထွန်းနှင့် ဆက်လက်ပေါင်းသင်း၍ မဖြစ်နိုင်တော့၍ သွားရခြင်း ဖြစ်ပါသည်။ ကျွန်မတို့ လက်ထပ်မိကြတာဟာ အမှားကြီးမှားခဲ့တာပဲ''
>
> သချစ်
>
> ရွှေ

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ရွှေဇင်သည် မိမိအလွန်ချစ်မြတ်နိုးသူနှင့် ပျော်မဆုံးဖြစ်ခဲ့သော အိမ်ကြီးကို စွန့်ပစ်ခဲ့ပြီးလျှင် စောလွင်နှင့်အတူ ထွက်ခွာခဲ့ရလေ၏။

မိတ္တီလာသို့ ရောက်ကြပြီးနောက် ချိန်းဆိုထားသည့် နေရာသို့ သွားကြရာ အေးငွေကို အသင့်ပင် တွေ့ကြရလေ၏။ ရွှေဇင်မှာ အေးငွေ၏ မျက်နှာကို ရဲရဲမကြည့်ဝံ့ချေ။ စက်ဆုပ်ဖွယ်ကောင်းသော မျက်နှာကြီးကို ပြန်၍တွေ့နေရသည့်အတွက် တုန်တုန်ရီရီနှင့် ရှိနေတော့သည်။

အေးငွေကလည်း ရွှေဇင်၏ မျက်နှာကို တစ်ချက်လောက်သာကြည့်လိုက်ပြီး ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသည့်ဟန်ဖြင့် မျက်နှာလွှဲသွားရာ ထိုသို့ပြုမူပုံမှာ တမင်ဟန်ဆောင်ခြင်းပင် ဖြစ်သည်ဟု ရွှေဇင်၏ စိတ်ထဲ၌ တွေးမိကာ ကြောက်လည်းကြောက် ရွံလည်းရွံရှာမိလေတော့၏။

အေးငွေက ရွှေဇင်ကို ကြည့်ပြီးနောက် စောလွင်ဘက်သို့လှည့်ကာ 'ကျုပ်ကို တွေ့ချင်တာ ဘာကိစ္စနဲ့လဲ' ဟု မေးလိုက်လေ၏။

"တခြားဟာ မရှိပါဘူး၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲဆိုတာ သိချင်တာပါပဲ"

"ခင်ဗျားတို့ ကျုပ်ကို လူမှားနေပြီ ထင်တယ်"

"ခင်ဗျား ဟန်ဆောင်မနေပါနဲ့၊ ခင်ဗျားနာမည်ကို ဘယ်လိုပဲပြောင်းထားထား ရုပ်ကို ပြောင်းလို့မရဘူး။ ကိုအေးငွေ ဆိုတာ လူတိုင်းသိတယ်"

ထိုသို့ ပြောလိုက်ရာတွင် မျက်နှာထားတစ်မျိုး ပြောင်းသွားကာ 'အဲဒါ ကျုပ်မှာ အများဆုံး ဒုက္ခတွေ့နေရတာပဲ၊ ခင်ဗျားတို့ပြောတဲ့ အေးငွေဆိုတာ ကျုပ် မဟုတ်ဘူး၊ ကျုပ်နဲ့ ညီအစ်ကို အမြွှာပူးဗျ' ဟု ပြောပြလေသည်။



ရွှေဇင်မှာ မိမိကြားရသည့် စကားကိုပင် တကယ်ပင် ကြားရသည်မှ ဟုတ်ပါလေစဟု ထင်မိတော့၏။

"ပြောစမ်းပါဦး ဟုတ်ရဲ့လား၊ တကယ်လား"

"အဟုတ်ပါ…ကျုပ်နာမည်က အောင်စိုးလို့ ခေါ်တယ်။ သူအမှုဖြစ်လိုက်တာဟာ ကျုပ်အဖို့ တစ်မြို့တစ်ရွာ ပြောင်းနေရအောင်ဖြစ်ရတယ်ဗျ။ သူနဲ့ ကျုပ်နဲ့က ရုပ်ချင်းအလွန်တူနေတော့ ကျုပ်နဲ့ သူနဲ့ အမြဲတမ်း လူမှားကြပြီး သူမဟုတ်တာယုတ် လုပ်တာတွေဟာ ကျုပ်အပေါ်မှာ လာ,လာထိခိုက်နေပြီး မနည်းမနည်း ရှင်းရ၊ ဒုက္ခဖြစ်ရတယ်။ အခု သူသေသွားတာတောင် ကျုပ်မှာ မအေးဘူး၊ ဒါကြောင့် ဒီအရပ်ကို ပြောင်းပြေးလာခဲ့ရတာ မကြာသေးပါဘူး၊ သူသေတာ အမှန်ပါပဲ၊ ကျုပ်ကိုယ်တိုင် သူ့အလောင်း သွားကြည့်ခဲ့ရတာပါ၊ ခင်ဗျားတို့နဲ့ သူနဲ့ သိကြသလား"

ရွှေဇင်က ခေါင်းညိတ်ကာ 'ကျွန်မ…သူ့မိန်းမပဲ' ဟု ပြောပြလေ၏။

"ဪ… ဟုတ်လား၊ အခုတော့ သူသေလို့ ဝမ်းနည်းကြောင်းပြောရမလဲ…" 

"ဪ… ဟုတ်လား၊ အခုတော့ သူသေလို့ ဝဋ်ကျွတ်ရောပေါ့၊ သူသေတာပဲ အေးတယ်၊ ညီအစ်ကိုချင်းပေမဲ့ သူ့အတွက်နည်းနည်းမှ ဝမ်းမနည်းဘူး၊ အမြွှာပူးဆိုပေမဲ့ စိတ်ချင်းက မတူ၊ သဘောချင်းမတိုက်ဆိုင်လို့ သူ့ဆီ အသွားအလာ လုပ်ခဲ့တဲ့အတွက် အရင်က မတွေ့ကြရတာပါ။ လက်စသတ်တော့ ခင်ဗျားက ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မရီးဟောင်းကိုး''

ထိုအခါမှ စောလွင်က 'အခုလို သိရတာ ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားတို့နှစ်ယောက်ဟာက သိပ်တူတာပဲ၊ ကျွန်တော်တို့ အခုလာရတဲ့ကိစ္စက ခင်ဗျားမရီးကလည်း နောက်အိမ်ထောင်ပြုလိုက်ပြီဖြစ်တော့ ခင်ဗျားကို တွေ့ရတဲ့အခါ ကိုအေးငွေ သေတယ်ဆိုတာ မဟုတ်သေးပါကလား။ ဒီလိုဆိုရင် ခက်ကုန်ကြပြီဆိုပြီး ဘယ်လိုဒီကိစ္စရှင်းရရင် တော်မယ်ဆိုတာ တိုင်ပင်ကြရအောင် လာခဲ့တာပဲ၊ အခုတော့ ရှင်းသွားတာပေါ့' ဟု ပြောပြလေ၏။

ရွှေဇင်ကား ရင်ထဲမှ အပူလုံးကြီး ကျသွားပြီဖြစ်ရာ ရှင်းနေပြီးဖြစ်သော ပြဿနာကို ကြာကြာ ဆွေးနွေးမနေလိုတော့ဘဲ ချစ်ထွန်းထံ အမြန်ပြန်၍ ပြေးလိုသောဆန္ဒတစ်ခုတည်းသာ ရှိလေ၏။

''ကဲ··· ကိုစောလွင် မြန်မြန်ပဲ ပြန်ကြစို့''

ရွှေဇင်မှာ ပျော်၍မဆုံးတော့ပေ။ မိမိ၏ အချစ်ဆုံးသူနှင့် ပြန်ပေါင်းထုပ်ရမည့်အရေးကို တစိမ့်စိမ့်တွေးကာ တစ်လမ်းလုံး ပျော်၍လာလေ၏။ ထိုသို့ ပျော်စရာကိုသာ ရွေး၍ တွေးနေမိသည့်အတွက် ချစ်ထွန်းထံ မိမိရေးထားခဲ့သည့် စာကိုပင် သတိမရမိချေ။ မိမိမှာ မိန်းမမိုက် ဖြစ်သည်ဟုလည်း မိမိကိုယ်ကို အပြစ်တင်မိ၏။ သို့သော် မိန်းမမိုက်ဖြစ်၍ မိန်းမယုတ် မဟုတ်သည့်အတွက် ချစ်ထွန်းက လုံးဝ အပြစ်လွှတ်လိမ့်မည်ကိုလည်း ယုံကြည်မိလေ၏။

ချစ်ထွန်းမှာ ရွှေဇင်၏ စာကိုလည်း တွေ့ရ၊ ရွှေဇင်နှင့် စောလွင်တို့နှစ်ယောက် အတူထွက်သွားကြသည်ကိုလည်း ကြားရသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်၊ ဝမ်းလည်းနည်းနှင့် စိတ်



အညစ်ကြီး ညစ်နေရာက နှစ်ယောက်သား အတူပြန်၍လာသည်ကို တွေ့ရသည့်အခါ ထောင်းခနဲ ဒေါသဖြစ်သွားမိလေ၏။

သို့သော် ဤကိစ္စမှာ ရပ်ကျော် ရွာကြား ဒေါသနှင့် ဖြေရှင်းခြင်းထက် ဦးနှောက်အေးအေးနှင့် ဖြေရှင်းမှ ဖြစ်မည်ကို တွေးမိသည့်အလျောက် စိတ်ကို ချုပ်တည်းထားပြီးလျှင် နှစ်ယောက်သား အိမ်ထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် 'ကဲ··· မရွှေဇင် မင်း တစ်နေရာသွားနေ မင်းနဲ့ နောက်မှရှင်းမယ်၊ သူနဲ့ အရင်ဆုံးရှင်းရမယ်။ ဒီကိစ္စကို တစ်ခါတည်း အပြီးအပြတ် ရှင်းပစ်မှဖြစ်မယ်' ဟု ခပ်ထန်ထန် ဆိုလိုက်လေ၏။

ရွှေဇင်သည် ချစ်ထွန်း ဒေါသဖြစ်နေမှန်းသိ၍ ဘာမျှစကားပြန်မပြောဘဲ သူ့အမိန့်အတိုင်း အခန်းထဲသို့ ဝင်နေလိုက်ရလေ၏။ ထိုသို့ ဒေါသဖြစ်နေခိုက်တွင် အမှန်ကို ပြော၍လည်း ယုံမှယုံကြည်ပါ့မလားဟု စိုးရိမ်မိ၏။ မိမိအပေါ်၌ အထင်လွဲနေခြင်းကို အမြင်မှန်မရဘဲ မိမိတို့၏ ပြဿနာ ရှင်းကာမှ ချစ်ထွန်းနှင့် ပြတ်ကြရမည်ကိုလည်း ပူမိလေ၏။

အပြင်၌ ချစ်ထွန်းနှင့် စောလွင်တို့ ပြောနေကြသည့် စကားများကို ရွှေဇင် အလွန်ကြားချင်လှ၏။ သို့သော် ဆူဆူညံညံမပြော၊ အသံမှန်နှင့်ပင် ပြောနေကြသည့်အတွက် ဘယ်လိုများ ဖြစ်ဦးမှာလဲဟု တထိတ်ထိတ်နှင့် ရှိကာ ဘုရားကိုသာလျှင် သစ္စာတိုင်နေရလေတော့၏။

အတန်ကြာသည့်အခါမှ အခန်းတံခါးကို တွန်းဖွင့်၍ ချစ်ထွန်း ဝင်လာလေရာ ဘယ်လိုများ ပြောတော့မှာလဲဟု ကြိုးမိန်မျှော်နေသူ

www.burmeseclassic.com



ကဲ့သို့ အသည်းထိတ်နေလေ၏။ သို့သော် ချစ်ထွန်း၏ မျက်နှာမှာ စောစောကကဲ့သို့ ခက်ထန်ခြင်း မရှိသည်ကို မြင်ရ၍ အနည်းငယ် စိတ်သက်သာမိလေ၏။

ချစ်ထွန်းသည် သွက်လက်စွာ အခန်းထဲသို့ ဝင်လာပြီးလျှင် ရွှေဇင်၏ ကိုယ်ကလေးကို ပွေ့လိုက်လေ၏။

"အချစ်ရယ် ဒီအကြောင်းတွေ စောစောက ပြောပြပါတော့လား၊ အခု စောလွှင်ပြောပြမှပဲ အကုန်သိရတော့တယ်။ စောစောက ပြောထားရင် အခုလို စိတ်မကောင်းဖြစ်ကြရမှာ မဟုတ်ဘူး၊ အချစ်ဟာလည်း ဒါလောက်အကြာကြီး စိတ်ဆင်းရဲနေခဲ့ရမှာ မဟုတ်ဘူး"

"ဩော်... ကိုချစ်ထွန်း အထင်လွဲသထက် လွဲနေမှာစိုးလို့ အပြောရခက်နေတာပါ ကိုချစ်ထွန်းရယ်"

"အခုလို မပြောတော့ သာပြီး အထင်လွဲမိတာပေါ့၊ နှစ်ယောက်တည်း တိတ်တိတ် ကျိတ်ပြီး ပြောနေတာက တစ်မျိုး၊ သူက စာပေးတာ တွေ့ရတာကတစ်မျိုး၊ နောက်ဆုံးပိတ် အချစ်က စာရေးပစ်ခဲ့တာ တစ်မျိုးနဲ့ဟာ ဒီလိုပဲ တွေးမိတာပေါ့ အချစ်ရယ်၊ အခုတော့ ကိုချစ်ထွန်းကို ခွင့်လွှတ်ဖို့ တောင်းပန်ရတော့မှာပေါ့။ ကဲ...ကဲ... ခွင့်လွှတ်တယ်ဆိုရင် ကိုချစ်ထွန်းကို မွှေးမွှေးကလေးပေးစမ်း"

ရွှေဇင်၏ မျက်နှာမှာ ကြည်လင်ရွှင်ပြုံး၍ သွားကာ ချစ်ထွန်းက မျက်စိကလေးမှေး၍ ဖိမ်ခံရန် မှိန်းနေသော မျက်နှာကို လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်ပြီးလျှင် ချစ်ထွန်း၏ ပါးပြင်ပေါ်တွင် မေတ္တာတံဆိပ် ခတ်နှိပ်ပေးလိုက်ရလေတော့၏။

* * *

# မိုက်မလင်းနိုင်ဘု

www.burmeseclassic.com

www.burmeseclassic.com

## မိုက်မလင်းနိုင်ဘု

ကျွန်တော်မှာ အသက်အားဖြင့် (၄၅) နှစ်ကျော်ကျော်မျှသာ ရှိသေးသော်လည်း ကျွန်တော်၏ ဖြူကြောင်သော ဆံပင်များနှင့် ငွေကိုင်းတပ်မျက်မှန်တို့က အသက်ကြီးရင့်သည့်အသွင်ကို ဆောင်လျက်ရှိကြသည်။ ယင်းသို့ အသက်ကြီးခါမှ ရန်ကုန်မြို့ကြီး၏ အုတ်တံတိုင်း၊ တိုက်နံရံရှိသမျှ ကြော်ငြာပိုစတာကပ်သည့် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေရလျက်ရှိရာ ကော်ရည်စင်၍ ပေကျံနေသော ကျွန်တော်၏အလုပ် အဝတ်အစားနှင့် အသွင်အပြင်တို့မှာ မက်မက်မောမောကြည့်ချင်စရာတစ်ကွက်မျှ ရှိမည်မဟုတ်ပါ။ ဤသို့ ကျွန်တော့်အားမြင်ရသူမှန်သမျှ တိမ်မြုပ်နေပြီ ဖြစ်သော ကျွန်တော်၏ အတိတ်ကကြီးကျယ်ထည်ဝါခဲ့ခြင်းကို ပြောပြလျှင် ယုံကြည်ကြလိမ့်မည် မဟုတ်ပါ။

ဤနေ့ ဤည ဤအချိန်တွင် ကျဉ်းမြောင်းလှသော ကျွန်တော်၏ အခန်းကလေးထဲတွင် ထိုင်၍ ကျွန်တော်၏ ဘဝနောက်ကြောင်းကို ပြန်ပြောင်း စဉ်းစားမိရာက ကျွန်တော်၏ ကိုယ်ရေး ဝတ္ထုကို

www.burmeseclassic.com

www.burmeseclassic.com



ရေးသားလိုသောစိတ်ဆန္ဒများ ပြင်းထန်စွာ ဖြစ်ပေါ်၍ လာလေသည်။ လူတိုင်းပင် မိမိတို့၏ ဖြစ်စဉ်များကို ပြောပြချင်ကြလိမ့်မည်ဟု ထင်ပါသည်။ သို့သော် ပြောပြစရာ ပရိသတ်ကင်းမဲ့နေလျှင် စာဖြင့် ရေးသားဖော်ပြခြင်းပင် အကောင်းဆုံးနည်းလမ်းဖြစ်ပေတော့သည်။

ကျွန်တော်မှာ ရန်ကုန်တွင် အခြေကျနေပြီဖြစ်သော်လည်း ရတနာပုံမင်းနေပြည်တွင် မွေး၍ မန္တလေးမှာပင် ကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ မန္တလေးဟု ဆိုလျှင်ပင် မြန်မာဘုရင်တို့နှင့်တကွ ရွှေနန်းတော်၊ မြို့တံခါး၊ တံတား၊ ကျုံးမြောင်း စသဖြင့် ရှေးခေတ်ဟောင်းကို အောက်မေ့လွမ်းဆွတ်မိကြပေလိမ့်မည်။ ထိုမြို့ကြီးကား မင်းဆွေမင်းမျိုး မင်းရိုး မတ်ရာ စသဖြင့် ဂုဏ်ပကာသနကို အထူးအရေးထားပေသည်။

ကျွန်တော်ကား မျိုးရိုးကြီးမြင့်၍ ပစ္စည်းဥစ္စာ ပြည့်စုံကုံလုံသော မိဘများမှ မွေးဖွားခဲ့ပါသည်။ ကျွန်တော်တို့၏ မျိုးရိုးမှာ သုခုမပညာဘက်တွင် ထူးချွန်သော ဂီတ၊ စာပေ၊ ပန်းချီ၊ အနုပညာသည်များ ဖြစ်ကြ၍ မြန်မာဘုရင်များရှိစဉ်က ချီးမြှောက်သူကောင်းပြုခြင်း ခံခဲ့ကြရပါသည်။ ကျွန်တော်ကား ပန်းချီသွေးပါလာခဲ့ပါသည်။ ဤကဲ့သို့ မွေးသန္ဓေပါလာသည့်အတိုင်း ပညာပါရမီ ရင့်သန်သော ပန်းချီဆရာကြီးဖြစ်လာမည့် အရိပ်နိမိတ်များကို ကျွန်တော် ငယ်ငယ်ကပင် လူကြီးများက တွေ့ရှိကြပါသည်။ ယခုအခါမှာမူကား ကျွန်တော်သည် ပန်းချီကျော်ကြီးတစ်ယောက် ဖြစ်ခဲ့ခြင်းကို ပိုစတာကပ်နေရသူ ဘဝမှနေ၍သာ ပြန်ပြီး လွမ်းရပါတော့သည်။ ငါ ပန်းချီကျော်ကြီးတစ်ဦးပဲ ဟူ၍ကား ဂုဏ်ယူမော်ကြွားခြင်း မပြုနိုင်တော့ပါ။



ကျွန်တော်၏ မိဘများက ကျွန်တော့အား အထူးမျှော်လင့်ကာ ပညာပြည့်စုံမှုကို အမျိုးမျိုး ပြုစုပျိုးထောင်ပေးကြပါသည်။ သို့သော် ကျွန်တော့်မှာ မိဘအလိုလိုက်သဖြင့် ပျက်စီးနေတော့သည်။ ကျွန်တော်၏ ရုပ်ရည်မှာ လူချောလူလှတစ်ယောက်ဟု ဆိုရလောက်အောင် သန့်ပြန့်ခြင်းကို အခြောက်တိုက် သွေးကြီးလျက် ကျွန်တော်၏ ပညာအရည်အချင်းကိုလည်း ထိုက်သင့်သည်ထက် ပို၍ မာနတက်ခဲ့မိပေသည်။

ကျွန်တော်မှာ သံပရာသီးချဉ်သကဲ့သို့ ကြီးပြင်းလာလေလေ စရိုက်ပေါ့ပျက်လေလေဖြစ်ကာ မိန်းမဆိုလျှင် ကျွန်တော်၏ ကစားစရာလောက် အောက်မေ့မိခဲ့ပေသည်။ လူကြီးမှန်း လူငယ်မှန်း မသိတတ်။ ဟီရိဩတ္တပ္ပတရား နားမလည်။ ကိုယ်ကျင့်တရား ဆိုသည်မှာ ဘာသာရေးအားဖြင့် လှည့်စားထားသည့် အဓိပ္ပာယ်မရှိသော ချုပ်ချယ်မှုများဟု ငယ်ငယ်ကတည်းကပင် အထင်ရှိလာခဲ့မိသည်။

ကျွန်တော်၏ မိဘများ ကွယ်လွန်သွားကြပြီးနောက် ကျန်ရစ်ခဲ့သော ပစ္စည်းများကို ကျွန်တော်တို့ သားသမီး (၁၀) ယောက် ခွဲဝေယူကြပြီးသည့်အခါတွင်ကား ကျွန်တော့်မှာ ရရှိသည့်အမွေကို ကိုယ့်သဘောနှင့်ကိုယ် ထင်သလို သုံးစွဲကာ သာမဏေန-သမဏော၊ ဂေါဏေန-ဂေါဏော ဆိုသလို ကိုယ်နှင့် စရိုက်တူသည့် လူငယ်အပေါင်းအသင်းများနှင့် လွတ်လွတ်လပ်လပ်ကြီး သောက်စားပျော်ပါးနိုင်ခဲ့လေတော့သည်။

သို့ဖြစ်စေကာမူ ကျွန်တော် နှစ်သက်မြတ်နိုးသော ပန်းချီပညာကိုကား ကျွန်တော် ပစ်ပယ်၍ မထားပါ။ ထိုပညာဖြင့် ထူးချွန်

www.burmeseclassic.com

www.burmeseclassic.com



ရမည် ဟူသော ရည်မှန်းချက်နှင့် ထိုပညာကို စွဲလမ်းမြတ်နိုးမှုမှာကား ကျွန်တော်၏ စိတ်ထဲတွင် အမြဲကိန်းဝပ်သည့် အလျောက်လည်း ကြိုးစားခဲ့ပါသည်။ ကျွန်တော် အသက် (၂၄) နှစ်အရွယ်တွင် မြန်မာပြည်လုံးဆိုင်ရာ ပန်းချီပြပွဲပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ချီးမြှင့်ခံခဲ့ရပြီး ဤသတင်းပြန့်လွင့် ကျော်ကြားကာ ထိုတစ်နှစ်တည်းမှာပင် ဆီဆေးပုံတူ သုံးကား ရေးဆွဲခဲ့ရပေသည်။

ပုံတူကား ရေးဆွဲသူတစ်ဦးမှာ အထူးပင် လှပချောမော၍ ယောကျ်ားများကို တပ်မက်လာအောင် ဆွဲဆောင်နိုင်သော အဆင်းအင်္ဂါနှင့် ပြည့်စုံသည့် မိန်းမတစ်ဦးပင် ဖြစ်ပေသည်။ သူ၏ အသားအရေ မျက်လုံးမျက်ဖန် နှာတံတို့ကို ကြည့်ရလျှင် မြန်မာစစ်သည်ဟု မည်သူမျှ ပြောမည်မဟုတ်ပေ။ သူ့ကို ကျွန်တော်တွေ့ရသည့်အချိန်၌ကား သူမှာ ဗိုလ်ကတော်ကျတစ်ယောက် ဖြစ်နေပေသည်။ သူ၏ခင်ပွန်းသည်မှာ မျက်နှာဖြူ အရေးပိုင်တစ်ဦးဖြစ်၍ ဘိလပ်သို့ အပြန်တွင် ပစ္စည်းအမြောက်အများ ပေးခဲ့သည်။ လက်ထပ်မယားမဟုတ်သည့်အတွက် သူ့အား ဘိလပ်သို့ ခေါ်မသွားသော်လည်း လစဉ်ပေးကမ်း ထောက်ပံ့နေသည်။

ထိုဗိုလ်ကတော်ကျ မမြခက်မှာ ကျွန်တော့်ထက် အနည်းဆုံးအသက် (၆) နှစ်ခန့်မျှ ကြီးပေလိမ့်မည်။ အလွန်ဆုံးရှိလျှင် သုံးဆယ်ကျော်လောက်ပင် ရှိပေလိမ့်မည်။ ရုပ်ချောသလောက် အပြုအပြင်အဖြီးအလိမ်း လိမ္မာပါးနပ်သည့်ပြင် စိန်ရွှေကလည်း သီး၍ နေရကားသူ့အား မက်မက်မောမော ပိုးပန်းနေကြသူများမှာ အရာရှိပိုင်း၊ ကုန်သည်ပိုင်းထဲကပင် မနည်းလှပေ။ သို့သော် မမြခက်မှာ သူ၏ ရှေ့



အဖို့တွင် အတည်တကျ အိမ်ထောင်ပြုရန် ရည်ရွယ်ဟန် မတူပေ။ တစ်ကြောင်းမှာလည်း ဘိလပ်ပြန်သွားသည့် လင်တော်မောင့်ထံမှ လစဉ် ထောက်ပံ့နေသည့်အတွက် အထင်အရှား ယောကျ်ားယူလိုက်လျှင် ထောက်ပံ့မှုလည်း ရပ်စဲသွားမည့်ပြင် သူ ယခုလို လွတ်လွတ်လပ်လပ် နေရသွား့ရတော့မည် မဟုတ်ပေ။

ထိုသို့ လူကုံထံပိုင်းက လိုချင်သူတွေ ဝိုင်းနေသည်ကို လျစ်လျူရှုခဲ့သော မမြခက်မှာ ကျွန်တော်နှင့် တွေ့ရသည့်အခါတွင် ကျွန်တော့်ထံသို့ နေ့စဉ် မလာဘဲ မနေနိုင်တော့ပေ။ ကျွန်တော့်မှာလည်း သူနှင့်အတူတကွ ရှိနေရသည့်အချိန်တွင် အလွန်စိတ်ချမ်းသာ ကြည်လင်မိပေသည်။ သို့အားဖြင့် သူနှင့် ကျွန်တော်မှာ ရင်းနှီးသည်ထက် ရင်းနှီးလာကြရာက ကျွန်တော်ကလည်း အသက် (၂၄) နှစ်အရွယ် သန်တုန်းမြန်တုန်း၊ သူကလည်း လင်နှင့် ကွဲနေသည်မှာ အတန်ကြာခဲ့ပြီ ဖြစ်ရသည့်အထဲ ကျွန်တော်ကလည်း ဇက်ရဲ လက်ရဲရှိလှပေရာ ကျွန်တော်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ငြိစွန်းမိကြလေတော့သည်။

မမြခက်ကား ကျွန်တော့်အား အစွဲကြီး စွဲနေလေပြီ။ သို့သော် ကျွန်တော်ကား သူနှင့်တော့ဖြင့် ထင်ထင်ပေါ်ပေါ်မနေလို။ ကျွန်တော်၏ နဂိုဝါသနာအတိုင်း မိန်းမဆိုလျှင် အိုင်တွေ့၍ ခြေဆေးသည့်သဘောမျိုးလောက်သာ အာရုံထားမိပေသည်။ သူကမူကား ကျွန်တော့်ကို အပိုင်စီးရန် အမျိုးမျိုး ဖန်တီးလာလေသည်။ သူသည် ဗိုလ်ကတော်ကျတစ်ဦးဖြစ်သည်နှင့်အညီ မျက်နှာဖြူအရာရှိ အရာခံတို့နှင့် အကျွမ်းဝင်သည့်အလျောက် ရှုမျှော်ခင်း၊ ရေဆေးပန်းချီကားကအစ ပုံတူ

www.burmeseclassic.com

www.burmeseclassic.com



ဆီဆေးကားအထိ ကျွန်တော် ရေးဆွဲရောင်းချရအောင် လှော်လှယ်၍ ပေးပေသည်။ ငွေကြေးကိုလည်း နင့်ခနဲရအောင် ပြောဆိုပေးလေသည်။ သို့သော် ကျွန်တော်၏စိတ်ထဲ၌ သူ့အား အတည်မယူလို။ အထူးသဖြင့် ကျွန်တော်နှင့် ပတ်သက်၍ အခြားမိန်းမများအပေါ်တွင် သဝန်ကြောင်မှုကို ကျွန်တော် မခံမရပ်နိုင် ဖြစ်လာလေသည်။

သို့အားဖြင့် သူ့ကို ဖြတ်ဖို့ရန် ကျွန်တော် ဆုံးဖြတ်လိုက်တော့သည်။ ထိုကိစ္စကား မလွယ်လှပါ။ ကျွန်တော့်အား သူအမြဲ ချောင်းမြောင်းကာ တကောက်ကောက် လိုက်နေသဖြင့် သူ့ကို ရှောင်၍ မလွတ်နိုင်ဖြစ်နေတော့သည်။ ကံအားလျော်စွာ တစ်နေ့တွင် ရှမ်းပြည်၏ ရှုမျှော်ခင်း၊ ဆီဆေးပန်းချီကားကြီးများ ရေးဆွဲပေးရန် မျက်နှာဖြူအရာရှိကြီးတစ်ဦးက အလုပ်အပ်လေရာ ထိုကိစ္စကို အကြောင်းပြု၍ သူ့အား ဖြတ်နိုင်ရန် လမ်းစပေါ်၍ လာလေတော့သည်။

ကျွန်တော်သည် ရှမ်းပြည်က တော်တော်နှင့် မပြန်ဘဲ နေလိုက်လေသည်။ ထိုသို့ နေရင်းကပင် စော်ဘွားတစ်ဦးကို ပုံတူရေးဆွဲပေးရရာက စော်ဘွား၏ တူမချောကလေးတစ်ဦးကို တွေ့ရ၍ အငန်းမရ ပိုးပန်းချစ်ကြိုက်ကြပြီးနောက် စော်ဘွားကြီးကလည်း သဘောတူသဖြင့် သူ၏ တူမချောကလေး မနှင်းစိန်နှင့် ကျွန်တော်တို့ လက်ထပ်လိုက်ကြပါသည်။

ဤသို့ ကျွန်တော်နှင့် မနှင်းစိန်တို့ လူသိ နတ်ကြား လက်ထပ်ထားပြီး ဖြစ်သဖြင့် မမြခက် မည်သည့်နည်းနှင့်မျှ မနှောင့်ယှက်နိုင်တော့ပြီဟု ယူဆကာ ကျွန်တော်လည်း မနှင်းစိန်ကို မန္တလေးတွင် အတူနေထိုင်ကြရန် ခေါ်လာခဲ့လေသည်။



ကျွန်တော်ကား မိန်းမမှန်လျှင် ပျော်စရာ ပါးစရာလောက် သဘောထားခဲ့စေကာမူ မနှင်းစိန်ကိုမူကား တကယ်ဖြူစင်သော မေတ္တာဖြင့် နှစ်နှစ်ကာကာ ချစ်ခဲ့ပေသည်။ ဘာ့ကြောင့် သူ့အပေါ်၌ လေးလေးနက်နက် ချစ်မိသည်ကို အဖြေမရှာတတ်ပါ။ ရုပ်ရည်မက်၍လားဟု မေးရအောင်လည်း မနှင်းစိန်ထက် ချောသည့် လှသည့် မိန်းမပျိုများကိုလည်း တွေ့ဖူးသည့်တိုင်အောင် သူ့အပေါ်၌ ထားမိသည့် မေတ္တာမျိုး မရှိခဲ့ပါ။ သူ၏ ဖြူစင်သောစိတ်သည် ကျွန်တော်၏စိတ်ကို လွှမ်းမိုးနိုင်စွမ်း ရှိပုံရပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ကျင့်မှုသိက္ခာတို့သည် ကျွန်တော်၏ အကျင့်စာရိတ္တကို အတော်အတန် ပြုပြင်ပြောင်းလဲစေခဲ့ပါသည်။

ကျွန်တော်ကား မမြခက်၏ အနှောင့်အယှက်ရှိတော့မည် မဟုတ်ဟု ထင်မိသော်လည်း ထင်သလို မဖြစ်ပါ။ ကျွန်တော် မန္တလေးပြန်၍ ရောက်လာပြီဟု ကြားလျှင်ပင် မမြခက် ကျွန်တော့်အိမ်သို့ ရောက်လာပြီး မနှင်းစိန်ကို တွေ့ရ၍ သူ အလွန်မကျေမနပ်ဖြစ်ကာ ကျွန်တော်တို့နှစ်ဦး၏ စိတ်မချမ်းမသာဖြစ်ရအောင် အမျိုးမျိုးပြုလုပ်ပါတော့သည်။ ဤတွင်မှ ကျွန်တော့်မှာ မမြခက်နှင့် ကျွန်တော် ဖြစ်ပျက်ခဲ့သမျှကို ဖုံးဖိမထားတော့ဘဲ မနှင်းစိန်အား အလုံးစုံ ဖွင့်ဟပြောပြရလေတော့သည်။ မနှင်းစိန်က သဘောထားကြီးစွာနှင့်ပင် ကျွန်တော်၏ အတိတ်က အပြစ်ကို ခွင့်လွှတ်ရှာပါသည်။

ဤနေရာတွင် မနှင်းစိန်၏ လိမ္မာပါးနပ်မှုကို ကျွန်တော် ချီးကျူးရပါလိမ့်မည်။ ကျွန်တော်နှင့် မမြခက်တို့၏ အပြင်မှာ တိတ်တိတ်ပုန်းနေကြရသည့် ကိစ္စသာ ဖြစ်ပေသည်။ အများက မသက်ာဖြစ်

www.burmeseclassic.com



ကြသော်လည်း ကျွန်တော်တို့က အထင်ခံ အမြင်ခံ ဘာတစ်ခုမျှ မလုပ်ကြသဖြင့် မစွပ်စွဲကြပါ။ ဤအခြေတွင် မနှင်းစိန်က ဆူဆူပူပူ လုပ်ခဲ့လျှင် ကျွန်တော်တို့၏ ကိစ္စကို သူက အတည်ပြုပေးရာ ရောက်ပေလိမ့်မည်။ သို့သော် မနှင်းစိန်က မမြခက်ကို ကျွန်တော်၏ အသိအကျွမ်းတစ်ယောက်အနေမျှသာ အသိအမှတ်ပြုကာ အမှုမဲ့ အမှတ်မဲ့ နေလိုက်ခြင်းအားဖြင့် မမြခက်မှာ နောက်ဆုတ်၍ သွားရလေတော့သည်။

ထို့နောက်တွင် မမြခက်လည်း ရန်ကုန်သို့ ထွက်၍ သွားတော့သည်။ ကျွန်တော်လည်း အနှောင့်အယှက်ကြီးတစ်ခု ရှင်းလင်းသွားပြီ ဖြစ်ရကား ဤအချိန်မှစ၍ ကျွန်တော်သည် နာမည်ထင်ရှားကျော်ကြားသော ပန်းချီဆရာကြီးတစ်ဦးအဖြစ် ရောက်အောင် ကြိုးစားရန် အဓိဋ္ဌာန်ပြုကာ ကျွန်တော့်ကိုယ်ကိုလည်း မနှင်းစိန်၏ အချစ်ကို ခံယူထိုက်သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်လာရန် အကျင့်စာရိတ္တပြုပြင်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုသို့ မနှင်းစိန်နှင့် ကျွန်တော် လက်ထပ်ပေါင်းသင်းသည့် အချိန်ကစ၍ နောက် (၆) နှစ်အတွင်း ကျွန်တော်တို့၏ ဘဝမှာ အလွန်ပင် သာယာပျော်ရွှင်ဖွယ် ပြည့်စုံလှပါတော့သည်။ လူတိုင်းကလည်း ကျွန်တော့်အား မိန်းမရလိုက်မှပဲ လူကောင်းတစ်ယောက်ဖြစ်လာပြီဟု ပြောဆို ဝမ်းမြောက်နေကြပါသည်။ ထိုသို့ ကျွန်တော်၏ အနေအထိုင် ကောင်းလာသည်နှင့်အမျှ ကျွန်တော်၏ သုခုမပညာ ဂုဏ်သတင်းမှာလည်း ပျံ့သင်းလာကာ လေးစားခြင်းခံရသည့်အခြေသို့ ရောက်လာပေသည်။ ကျွန်တော်၏ အခြေအနေမှာ ကျွန်တော်၏



အလုပ်ကြောင့် တိုးတက်လာသည့်ပြင် မနှင်းစိန်၏ ဖခင် အနိစ္စရောက်၍ သူတစ်ဦးတည်း အမွေအနှစ်ရလိုက်ပြန်သဖြင့် ကျွန်တော်တို့မှာ တင့်တောင့်တင့်တယ်ဖြစ်၍ လာကြလေသည်။ အိမ်ထောင့်သုခအဖြစ်ဖြင့်လည်း သားကလေးနှစ်ယောက် ရရှိခဲ့ကြပေသည်။

သို့သော် ဤသို့ ခံစားရသည့် ဆိတ်ငြိမ်ချမ်းသာသုခမှာ ကျွန်တော်၏ ဂဏှာမငြိမ်မှုကြောင့် ကြာရှည်သဖြင့် မတည်မြဲခဲ့ပေ။ ခွေးမြီးကောက် ကျည်ထောက်စွပ်ထားသလို ကျွန်တော်၏ စံပြလင်လုပ်နေမှုမှာ ကြာရှည်မမြဲဘဲ တစ်ချက်ဖောက်ပြန်ခဲ့တော့သည်။

ဤအကြိမ်၌ကား ကျွန်တော်နှင့် ဖြစ်ပျက်သူမှာ ကာမပိုင်ရှိသော မိန်းမတစ်ဦးဖြစ်ပါသည်။ သူ၏ခင်ပွန်းသည်မှာ မြို့အုပ်ကြီးတစ်ဦးဖြစ်လေသည်။ ထိုမြို့အုပ်ကြီးမှာ ခေတ်ပညာအရည်အချင်းကြောင့် ထိုရာထူး ခန့်အပ်ခြင်းခံရသူမဟုတ်ဘဲ 'မင်းမျိုး စိုးမျိုးဖြစ်၍ အင်္ဂလိပ်စာလည်း အထိုက်အလျောက် တတ်ကျွမ်းသဖြင့် မြို့အုပ်ရာထူး ချီးမြှင့်ခြင်းခံရသူ' ဖြစ်ပေသည်။ သူကား အသက် (၅၀) ကျော်ခန့်ရှိ၍ သူ၏ဇနီးမှာ အသက် (၂၀) ကျော်ကျော်မျှသာ ရှိသည်။ ရုပ်ကလည်း ချောသည်။ ဂုဏ်ပစ္စည်းမက်၍သာ သူ့ထက် အသက်တစ်ပြန်မက ကြီးသောသူကို ယူရသော်လည်း သူ၏ခင်ပွန်းသည်အပေါ်၌ နှစ်သက်စွဲမက်ခြင်း မရှိချေ။

သို့သော် သူနှင့် ကျွန်တော်တို့၏ ဖောက်ပြားမှုမှာ ကြာရှည်စွာ စခန်းမသွားဖြစ်ပါ။ ထိုကိစ္စကို မြို့အုပ်ကြီး သိသွားလေရာ ကျွန်တော့်အား မယားခိုးမှုနှင့် အရေးယူရလျှင် သူ၏ နာမည်ကိုပါ ထိခိုက်မည်စိုးသဖြင့် ကျိတ်မှိတ်၍ ခံလိုက်ကာ နယ်ပြောင်းရအောင် ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားပြီး သူ၏ဖနီးသည်ကို ကျွန်တော်နှင့် ဝေးရာသို့ ခေါ်ဆောင်သွားလေတော့သည်။

ဤနောက်တွင်ကား မနှင်းစိန်သည် မိန်းမနှင့် ပတ်သက်၍ ကျွန်တော့်အား လုံးဝ လက်လျှော့ထားလိုက်သည်။ ကျွန်တော်ကလည်း ဟိုတစ်ယောက်နှင့်ဖြစ်လိုက်၊ သည်တစ်ယောက်နှင့်ဖြစ်လိုက်ဖြင့် များလာသည့်အခါတွင် သူလည်း ဘာမျှမတတ်နိုင်ရှာတော့ပေ။ လက်ပိုက်ပြီးသာ ကြည့်နေရတော့သည်။ ကျွန်တော်၏ အရှက်ကင်းမဲ့မှုတို့ကိုကား အနစ်တိ၍ ဖော်ပြခြင်း မပြုလိုတော့ပါ။ ဤအပြုအမူများကြောင့် မနှင်းစိန်မှာ အတော်ပင် စိတ်ဆင်းရဲ ညှိုးငယ်ခြင်း ဖြစ်ရရှာပေသည်။ ကျွန်တော်မှုကား သူယုတ်မာတစ်ယောက် ဟူ၍ ကျွန်တော်၏ မျက်ကွယ်တွင် သတင်းမွှေးနေပါတော့သည်။

ကျွန်တော် အသက် (၄၀) အရွယ်သို့ ရောက်စဉ်က အချိန်ကို ပြန်၍ ကြည့်လိုက်လျှင် ထိုအချိန်တွင် ကျွန်တော်မှာ ကျွန်တော်၏ ဘဝလမ်းခရီးတွင် အမြင့်ဆုံးသို့ ရောက်နေသည်ကို တွေ့ရပေသည်။ အရွယ်လည်းကောင်းတုန်း၊ ရုပ်ရည်လည်းကောင်းတုန်းအခါပင် ဖြစ်သည်။ ထိုအချိန်တွင်ကား ရန်ကုန်မှ သူဌေးကြီးများပင်လျှင် ကျွန်တော့်ထံသို့ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း၊ ဓာတ်ပုံပို့၍ လည်းကောင်း၊ ပုံတူရေးဆွဲရန် အပ်နှံကြရာတွင် တစ်လ၊ နှစ်လခန့်မျှ ကြိုတင်၍ ရက်ချိန်းတောင်းကြရလေသည်။ သူတို့ထံမှ ပုံတူရေးခကို မတန်တဆတောင်းယူခဲ့ပေသည်။ ကျွန်တော့်မှာ သူဌေးကြီးမွေးကြီးလုပ်နိုင်သည့် အခြေရှိနေသည့်အလျောက်လည်း ကျွန်တော့်အား ငွေလုံးကြေးလုံးနှင့် စကားပြောလာလျှင် 'ကျုပ်က ငွေပေးတိုင်း အလုပ်



ခိုင်းလို့ရတဲ့ လူစားမဟုတ်ဘူး၊ မရေးနိုင်ဘူး' ဟု တင်းတင်းမာမာ ပြောလွှတ်လိုက်ရသည်ကို ကျွန်တော်၏ ပါးစပ်ထဲတွင် အတော်ပင် မြိန်ရေယှက်ရေ ရှိမိပေသည်။

ကျွန်တော် အသက် (၄၂)နှစ် ရောက်သည့်အချိန်တွင် မန္တလေးမြို့ရှိ ထင်ရှားသော ဘုရားတကာမကြီးတစ်ဦး ဆောက်လုပ်လှူဒါန်းထားခဲ့သည့် သီလရှင်ကျောင်းတိုက်ကြီးတစ်ခုအတွင်းမှ ဗုဒ္ဓဝင်ကားများမှာ ဟောင်းနွမ်းပျက်စီးနေသဖြင့် အသစ်ပြင်ဆင်ရေးဆွဲရန် ထိုဘုရားတကာမကြီး၏ သားသမီးများက ကျွန်တော့်ထံ အလုပ်လာရောက် အပ်နှံကြလေသည်။

ထိုဘုရားတကာမကြီးမှာ အလွန်ချမ်းသာကြွယ်ဝလေရာ တစ်သိန်းကုန်၊ တစ်သောင်းကုန် ဘုရားကျောင်းကန်များကို ဆောက်လုပ်လှူဒါန်းခဲ့သည့်တိုင်အောင် သူ၏ ကျန်ရစ်ခဲ့သော အမွေအနှစ်များကိုသား၊ မြေး (၁၀) ဆက်တိုင်အောင် သုံးစွဲ၍ ကုန်နိုင်မည်မဟုတ်ဟု သိရပေသည်။ သို့ဖြစ်၍ ကျွန်တော်ကလည်း ပညာပူဇော်ခကို အစွမ်းကုန် တောင်းလိုက်လေတော့သည်။

သူတို့အဖို့ကား ကျွန်တော် တောင်းလိုက်သည့်ငွေမှာ ဘာမျှမဖြစ်လောက်ပေ။ သို့သော် ဤမျှလောက်သောငွေကိုကား သူတို့မပေးလိုကြပေ။ ကုသိုလ်ရေးတွင် ကုန်ကုန်ခန်းခန်း လှူဒါန်းစွန့်ကြဲကြဖို့ရန်မှာ သူတို့တွင် ဝန်မလေးသလောက် အလုပ်ကိစ္စနှင့် ပက်သက်၍ ပေးမှုကမ်းမှု၌မူကား တစ်ပြားစွန်းသွားမည်ကို သူတို့ နှမြောတွန့်တိုကြပေသည်။ မည်သို့ပင်ဖြစ်စေ သူတို့ပေးလိုသည့် အခကြေးငွေမှာကား မနည်းလှပေ။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့တွင် ဇရပ်၊ တန်ဆောင်းများ၌ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်ကားများ ရေးခွဲသော ပန်းချီဆရာအများအပြားပင်ရှိရာ ဤမျှသောငွေကို ရဖူးကြမည်ဝေးစွ၊ ရဖို့ရန် စိတ်မျှကူးဖူးကြမည် မဟုတ်ပေ။ သူတို့ထံ၌ အပ်နှံလျှင် သက်သက်သာသာနှင့် ရနိုင်မည်ကို သိပါလျက်နှင့် ကျွန်တော့်ကိုမှ ရွေးချယ်အပ်နှံခြင်းမှာ ကျွန်တော်၏ ပညာစွမ်းကို ဂုဏ်ပြုရာ ရောက်နေပေပြီ။ သူတို့ကား ပန်းချီပညာ၏ တန်ဖိုးရှိခြင်းကို သိကြသော်လည်း တန်ဖိုးကို မဆုံးဖြတ်တတ်ခြင်းကြောင့်သာ ကျွန်တော့်အား ဈေးဆစ်နေကြခြင်း ဖြစ်ပေသည်။ ထိုသို့ ဈေးဆစ်သည့်တိုင်အောင် သူတို့ကပေးသည့်ငွေမှာ ကျွန်တော်၏ ဂုဏ်ဒြပ်အရ လက်ခံနိုင်လောက်နေပေရာ သူတို့အား ကျွန်တော့်ထံသို့ ခေါ်ဆောင်လာသော ဂရုန့်ပိုင် ကျောင်းထိုင်ဘုန်းတော်ကြီးက ကျွန်တော် တောင်းသည့်ငွေနှင့် သူတို့ပေးသည့် အခကြေးငွေကို ကြားဖြတ်၍ ပေးသည့်အတွက် ကျွန်တော်ကလည်း ဝမ်းမြောက်စွာပင် လက်ခံလိုက်လေသည်။

ဤအလုပ်နှင့် ပတ်သက်၍ မနှင်းစိန်အား ပြောပြလိုက်ရာတွင် သူက ပြုံးစိစိလုပ်ကာ 'မယ်သီလရှင်တွေနဲ့တော့ဖြင့် စိတ်ချရကောင်းပါရဲ့' ဟု ပြောလိုက်ပါသေးသည်။

ထိုသီလရှင်ကျောင်းတိုက် အမည်ကိုကား ကျွန်တော် မထုတ်ဖော်လိုပါ။ သို့သော် ကျွန်တော့်အဖို့ စာရေးသားရာ၌ လွယ်ကူစေခြင်းအလို့ငှာ 'ဂုဏဝတီကျောင်း' ဟူသော အမည်ဖြင့် ကျွန်တော် ရေးသားရပေလိမ့်မည်။

ကျွန်တော်သည် အလုပ်လက်ခံလိုက်ပြီးနောက် သီတင်းတစ်



ပတ်အတွင်းမှာပင် ဂုဏဝတီကျောင်းတိုက်၌ အလုပ်စတင်၍ လုပ်ရန် သွားရလေတော့သည်။ ထိုကျောင်းတိုက်မှာ အတော်ပင် အိုမင်းနေလေပြီ။ ယင်းသို့ အိုမင်းခြင်းပင်လျှင် တည်ငြိမ်ရင့်ကျက်သောအသွင်ကို ဆောင်လျက် နေပေသည်။

ကျောင်းကြီး၏အနီးရှိ စေတီကလေးမှ တစ်လုံးတည်းမြည်နေသော ဆည်းလည်းသံကလေးမှတစ်ပါး ပတ်ဝန်းကျင်တစ်ဝိုက်တွင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိတော့၏။ ကျယ်ပြန့်အေးချမ်းသော ဗာဒံပင်ရိပ်နှင့် တံမြက်လှဲခတ်ထားသော သဲလမ်းကလေးများမှာ မကောင်းမှု အညစ်အကြေးများ၏ သန့်စင်ခြင်းကို ပြသနေသည့် အမှတ်လက္ခဏာများကဲ့သို့ ရှိလေရာ တစ်ကိုယ်လုံးတွင် ကိလေသာ အညစ်အကြေးတို့ဖြင့် လိမ်းကျံပေရေနေသော ကျွန်တော့်အဖို့မှာ ရုတ်တရက်အားဖြင့် ကျောင်းထဲသို့ ဝင်ရမည်ကို မဝံ့သကဲ့သို့ ဖြစ်မိလေသည်။

သို့သော် ကျွန်တော် ရောက်လာလိမ့်မည်ဟု အကြောင်းကြားထားသည့်အလျောက် ဂုဏဝတီကျောင်းတိုက်ကို အုပ်ချုပ်သော သီလရှင်ကြီးက ကျောင်းတံခါးမှ ဆီးကြိုနေသဖြင့် ကျွန်တော့်မှာ ကျောင်းထဲသို့ ဝင်ရပေတော့သည်။

သီလရှင်ကြီးမှာ ဥပမိရုပ် အလွန်ကောင်းလှသည်။ အသားအရေမှာ စိုပြည်ဝါဝင်းလျက် ရင့်ကျက်သော ကျက်သရေရှိကာ ဖန်ရည်ဆိုးထားသော သူ၏ အဝတ်အစားများနှင့် အထူးပန် ရလေသည်။ သူ၏မျက်နှာမှာ ဖြူစင်သော နှလုံးတွင်းမှ အရောင်ပြန်၍ ဟပ်နေလျက် ပူပင်သောက ကင်းဝေးသည့်အလား ကြည်လင်လှပေသည်။ သူကား

www.burmeseclassic.com



လောက နှိပ်စက်ညှဉ်းပမ်းမှုဒဏ်တို့ကို ခံရ၍ သာသနာ၏ အေးမြသော အရိပ်အောက်သို့ ဝင်ရောက်ခိုလှုံခြင်း ဖြစ်ပုံမရပေ။ သန့်ရှင်းစွာဖြင့် တရားအားထုတ်နေသည့် ငယ်ဖြူဖြစ်ဟန် တူပေသည်။

“ပန်းချီဆရာ မဟုတ်လား”

“မှန်ပါတယ်”

သီလရှင်ကြီးသည် စကားကို ရှည်ရှည်မပြောပါ။ သူ၏ အမူအရာမှာ ဖော်ဖော်ရွေရွေရှိသော်လည်း ဆက်ဆံမှုမှာ အလုပ်သဘောပီသလေသည်။ ဤသို့ ကျွန်တော့်အား သူက မေးမြန်းနှုတ်ဆက်ပြီးသည့်နောက် ရှေ့က လမ်းပြခေါ်ဆောင်သွားပြီး ကျောင်းတိုက်အတွင်း နံရံများတွင် ရေးဆွဲထားသော ရှေးပန်းချီကားများကို ညွှန်ပြလေသည်။

ဤဂုဏဝတီတိုက်ကျောင်းကြီးတွင် ရှေးမြန်မာပန်းချီဆရာကြီးတို့၏ အနုပညာပြောင်မြောက်လှသော ဆေးရေးကားကြီးများရှိသည်ကို ကျွန်တော် ကြားဖူးထားသော်လည်း တစ်ခါတစ်ခေါက်မျှ ဤတိုက်ကျောင်းသို့ မရောက်ခဲ့ဖူးပေ။ ယခု ရောက်ရှိ၍ ရှေးဆရာကြီးများ၏ လက်ရာများကို တွေ့ရသည့်အခါ ‘စခန်းနော် လိုရာကွန့်နိုင်တဲ့ မန်းအမော်ကိုကြာညွန့်’ ဟူ၍ စလေဦးပုညကိုယ်တိုင် ရေးစပ်ချီးကျူးခဲ့ရသော ဦးကြာညွန့်၊ ဆရာချို စသော ရှေးပန်းချီဆရာကြီးများကို ပြန်ပြောင်း သတိရမိလျက် မြင်တွေ့နေရသော ပန်းချီကားများကို စိတ်ဝင်စားကာ တမေ့တမော အံ့သြကြည့်ရှုနေမိလေသည်။

‘ပန်းချီဆရာလေး ဒီအတိုင်း ဆွဲနိုင်ပါ့မလား’ ဟု သီလရှင်ကြီးက မေးလိုက်မှ ကျွန်တော့်အလုပ်ကို သတိရတော့သည်။

“မှန်ပါ…ရေးနိုင်မယ်ထင်လို့လည်း အလုပ်ကို လက်ခံလိုက်



တာပါပဲ။ ဒါပေမဲ့ ဆေးထပ်တင်ရုံနဲ့ မဖြစ်ဘူး၊ တချို့နေရာတွေမှာ အတော်ပဲ ပျက်နေတဲ့အတွက် အသစ်ထပ်ရေးရလိမ့်မယ်၊ ဟောဟိုက ခေမာထေရီရဲ့ ရုပ်ပုံဆိုရင် လုံးဝပျက်နေပြီ” ဟု ကျွန်တော်က ပြောလိုက်ပါသည်။

‘ဂရုမစိုက်ဘဲ ပစ်ထားတာ ကြာလှပြီပဲကိုး’ ဟု သီလရှင်ကြီးက ပြောလိုက်၏။

မြန်မာ့ရှေးဟောင်းပန်းချီလက်ရာများမှာ အတော်ပင် အဆင့်အတန်းမြင့်လှပေသည်။ သို့သော် ပစ္စည်းကောင်းကို သုံးရမှန်းသိလျက် ထိန်းသိမ်းမှုမတတ်ခြင်းကြောင့် တိမ်ကောပျက်ပြားရကာ အထူးပင် နှမြောစရာ ဖြစ်ရပေသည်။ တစ်နည်းအားဖြင့်လည်း ဤထင်ရှားကျော်ကြားသော အဆောက်အအုံကြီးတွင် ကျွန်တော်၏လက်ရာများ ကျန်ရစ်ခဲ့မည့် အရေးကို တွေးမိ၍ ကျွန်တော်၏ စိတ်ထဲတွင် ဝမ်းမြောက်ခြင်းဖြင့် ဂုဏ်တက်မိပေသည်။

ထိုနေ့အဖို့မှာကား အချိန်မရတော့သဖြင့် အလုပ်ကို မစနိုင်သေးပေ။ လုပ်ငန်း၏ အခြေအနေကို အကဲခတ်ရုံသာ ခတ်နိုင်ကာ နောက်နေ့မှ စတင် လုပ်ကိုင်မည်ဟု ဆုံးဖြတ်လိုက်ရသည်။ သို့အားဖြင့် ကျွန်တော်သည် တိုက်ကျောင်းထဲမှ ပြန်ထွက်လာခဲ့ပြီးနောက် အနည်းငယ်အချိန်ရ၍ နေသေးသည်နှင့် ကျောင်းဝင်းထဲတွင် လှည့်ပတ် ကြည့်ရှုနေမိလေသည်။

ဤသာသနာ့ရိပ်သာအတွင်း၌ မျက်မှောက်ပြုရသော လောကသည်ကား ကျွန်တော်၏ အတိတ်၌ ဖြစ်ပျက် ပျော်ပါးနေထိုင်ခဲ့သော လောကနှင့် အကွာကြီး ကွာခြားလှပေသည်။ မြေကြိုက်စေတီ

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆီသို့ ဘုရားဝတ်ပြုရန် စီတန်း၍ သွားနေကြသော သီလရှင်များကို မြင်ရသည်မှာ ကြည်နူးစရာတစ်မျိုးပင် ဖြစ်ပေ၏။ ကျွန်တော်၏ မိဘဆွေမျိုးတို့မှာ ကောင်းစွာ ကျင့်သုံးဆောက်တည်သော ဗုဒ္ဓဘာသာဝင်များပင် ဖြစ်သော်လည်း ကျွန်တော့်မှာမူ ဘာသာရေးနှင့် ကင်းကွာနေခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။ ဘုရားကျောင်းကန်များသို့ သွားလာမှုကို အပိုအလုပ်တစ်ခုဟု သဘောထားခဲ့မိသည်။ ယခု အခိုက်အတန့်အတွင်း၌မူ ကျွန်တော်၏ စိတ်ထဲတွင် နှစ်သိမ့် ကြည်နူးလျက်ရှိ၍ ကျောင်းဝင်းထဲက မထွက်ချင်လိုသေးဘဲ လှည့်ပတ်ကြည့်ရှုနေမိတော့သည်။

ကျောင်းဝင်းမှာ အတော်ပင် ကျယ်ဝန်း၍ လေးဘက်လေးတန် အုတ်တံတိုင်းကြီးများ ကာရံထားပေသည်။ သီလရင် ဇရပ်များမှာလည်း တစ်ဆောင်နှင့် တစ်ဆောင် မလှမ်းမကမ်း၌ ရှိကြ၍ 'ပန်းဥယျာဉ် ရေတွင်းနှင့် သလင်းရယ်တဲ့ ခပ်သာသာ' ဆိုသလို ပန်းချီရေးဆွဲထားသည့် ကားမျိုးနှင့် တူလှပေသည်။

ထိုသို့ လှည့်ပတ် ကြည့်ရှုနေရာက တံတိုင်းကြီးတစ်ဘက်ရှိ ရေတွင်းနှင့် ပန်းခြံကလေးတစ်ခုအနီးသို့ ရောက်လာသည်တွင် ကျောက်ကာဗန်းကလေးပေါ်တွင် ပဝါဖြူကလေးခင်းကာ ဘုရားတင်ရန် ပန်းခူး၍ ထည့်နေသော မိန်းမပျိုကလေးတစ်ဦးကို မြင်ရလေ၏။

သူသည် အနီးသို့ ချဉ်းကပ်လာသော ခြေသံကို ကြားရသဖြင့် သမင်ပျိုမကလေးလန့်ဘိသကဲ့သို့ လန့်ဖျပ်သွားကာ ကျွန်တော့်အား လှည့်ကြည့်လိုက်သည်တွင် မျက်လုံးချင်း ဆုံလိုက်မိသည့် တစ်ခဏအတွင်းမှာပင် 'ဟာ… မင်းနှယ် လှလိုက်တာ' ဟု ကျွန်တော်၏



ပါးစပ်ထဲမှ လွှတ်ခနဲ စကားထွက်သွားမိတော့၏။

ဤစကား ခြောက်လုံးကား မလေးဖြူအား ကျွန်တော် ပထမဆုံး ပြောလိုက်သည့် နှုတ်ဆက်စကားများပင် ဖြစ်တော့သည်။

ကျွန်တော်ကား များလှစွာသော မိန်းမချော မိန်းမလှတို့ကို စူးစူးစိုက်စိုက် ကြည့်ခဲ့ရ၊ ပန်းချီဆွဲခဲ့ရ၊ ချစ်ကြိုက်ခဲ့ရဖူးပါလျက် ရိုးရိုးကလေး ဝတ်ထားသည့် ဖူးစ ပွင့်စ အပျိုဖော်ဝင်စ မိန်းကလေးတစ်ယောက်ကို တွေ့ရာတွင် ကြက်သေ သေကာ ငေးစိုက်နေရလောက်အောင် ဖြစ်ရခြင်းသည် ဆန်းကြယ်လှပေတော့သည်။

မလေးဖြူမှာ ကျွန်တော်၏ တစ်သက်တွင် တွေ့ခဲ့ရသမျှ 'မ,လောက' တွင် အချောဆုံး အလှဆုံးတစ်ဦးပင် ဖြစ်ပါသည်။ သူ၏ အလှကို မည်သည့်စာဆိုကျော်မျှ ပေါ်လွင်အောင် ဖွဲ့နွဲ့စီကုံးနိုင်စွမ်းရှိမည် မထင်ပါ။ ကျွန်တော့်လို လူစားတစ်ယောက်က ဖွဲ့နွဲ့ရေးသားရသော် ဟိနတ္တဒေါသ သင့်မည်ထက် သူ၏ အလှကျက်သရေကို ဖျက်ဆီးရာ ရောက်မည်ကို စိုးရိမ်မိပါသည်။ ပန်းချီမျက်စိနှင့် ကြည့်၍ ပြောရသော် ကိုယ်ကာယ အဆစ်အမြစ်၊ အလုံးအထည်၊ အချိုးအစားကို ဘယ်ဘက်ကကြည့်ကြည့် ပြေပြစ်လျက် အသားအရေညက်ညောစင်ကြယ်ပြီးလျှင် မြင်သူမှန်သမျှ ငေး၍နေရလောက်အောင် ဆွဲဆောင်နိုင်သော အညှို့ဓာတ်ပါသည့် ရုပ်ရည်ရူပကာမျိုးပင် ဖြစ်ပေသည်။ မျက်လုံးများမှာ အိတာလျံကျောက်သားပေါ်တွင် မဟူရာ... ထားသကဲ့သို့ နက်ပြောင်တောက်ပလျက် ကော့ဖြူးနေသော မျက်တောင်များက ထီးဖြူမိုးထားလေသည်။

ကျွန်တော်၏နှုတ်မှ ရုတ်တရက် ထွက်သွားသည့် အံ့သြ

www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးစကားကို ကြားရသည်တွင် မလေးဖြူ၏ မျက်နှာတွင် ရှက်ကိုးရှက်ကန်း အမူအရာကလေး ပေါ်လာပြီး ကလေးလေးပမာ မျက်လုံးကလေးများ ချာချာလည်လျက် ကျွန်တော့်အား အကဲခတ်၍ ကြည့်နေလေတော့သည်။

'ငါ မင်းကို ပန်းချီဆွဲချင်လိုက်တာ' ဟု ကျွန်တော်က ပြောလိုက်ပြန်သည်။

ထိုသို့ ပြောလိုက်သည့်အတွက် သူကလေး၏ အမူအရာမှာ သွေးမြောက်သွားပုံမရပါ။ နှစ်သက်ခြင်းကို ပြသော အပြုံးဖြင့် ပြုံးနေပါသည်။

''မင်း ဒီကျောင်းထဲမှာပဲ နေသလား''

''ဟုတ်ကဲ့ ရှင်က ဘယ်ကလဲ''

''ကျုပ်ကတော့ ပန်းချီဆရာတစ်ယောက်ပဲ၊ ဂုဏဝတီတိုက်ကျောင်းထဲက ဗုဒ္ဓဝင်ကားတွေကို အသစ်ပြန်ပြီး ပန်းချီရေးနေတယ်' ဟု ကျွန်တော့်အကြောင်းကို နားလည်အောင် ပြောပြလိုက်ပြီးလျှင် 'ဒါထက် ကိုယ်နဲ့ မဆိုင်တာကို မေးတယ်လို့လည်း မထင်နဲ့နော်။ မင်းလိုမိန်းကလေးတစ်ယောက်ဟာ အခုလို သီလရှင်ကျောင်းမှာ လာနေတာဟာ ထူးဆန်းနေတယ်။ ဥပုသ်ကြီးလာပြီးဝင်နေတာတော့ ဟုတ်နိုင်မယ် မထင်ဘူး၊ မင်းမိဘများပါ ဒီမှာ ရှိသလား' ဟု မေးလိုက်ရလေ၏။

'ကျွန်မမှာ မိဘမရှိတော့ဘူး၊ ကျွန်မ (၁၂) နှစ်သမီးက အဖေဆုံးလို့ ဘုန်းကြီးက မွေးစားထားတယ်' ဟု သူ၏ရာဇဝင်ကြောင်းကို အစချီလိုက်ရာ ကျွန်တော်က 'ဘုန်းကြီးနဲ့ ဘယ်လိုသွေးသား



တော်စပ်လို့ မွေးစားတာလဲ' ဟု စကားထောက်၍ ပေးလိုက်သည်တွင် သူ၏ အကြောင်းစုံ ပေါ်ထွက်လာလေ၏။

မလေးဖြူအား မွေးစားထားသည့် ဆရာတော် ဦးကေလာမှာ မလေးဖြူ၏ဖခင်နှင့် ငယ်စဉ်ကတည်းကပင် တစ်ဦးနှင့်တစ်ဦး အလွန်ပင် ချစ်ခင်လာခဲ့ကြသည်။ နှစ်ဦးစလုံးပင် စာပေကျမ်းဂန်၌ နှံ့သိလိုက်စားသူများ ဖြစ်ကြသဖြင့် သွေးရင်းသားရင်းကဲ့သို့ ချစ်ခင်ကြလေသည်။ အားလပ်သည့် အချိန်အခါများတွင် ဘာသာတရားနှင့် ပက်သက်၍ ဆွေးနွေးငြင်းခုံလေ့ ရှိကြကာ ရံဖန်ရံခါ၌မူ ဦးကေလာမှာ မစွန့်နိုင်သော ဝါသနာအလျောက် မလေးဖြူ၏ဖခင်နှင့် စစ်ဘုရင်ထိုးလေ့ရှိပေသည်။

ဖခင်ကြီး အနိစ္စရောက်သွားသည့်အခါတွင် မလေးဖြူမှာ ပိုက်ဆံကြေးငွေ တစ်ပြားတစ်ချပ်မျှ မရှိဘဲ ကျန်ရစ်ခဲ့ရှာပြီးလျှင် ဆွေဆင်းရဲ မျိုးဆင်းရဲတစ်ယောက်ဖြစ်နေ၍ မည်သည့် ဆွေမျိုးကမျှ လာ၍ မကြည့်ကြပေ။ ဦးကေလာမှာလည်း ဒကာ ဒကာမများက ပေးကမ်းလှူဒါန်းသမျှကို ချို့တဲ့ဆင်းရဲသူများအား ထောက်ပံ့စွန့်ကြဲတတ်သဖြင့် 'ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင်း' သာသာထဲကပင် ဖြစ်သည်။ သို့သော် မလေးဖြူတစ်ယောက်အတွက်ကိုကား ကျောင်းသို့ ခေါ်၍ ကျွေးမွေးထားမည်ဆိုက ထားနိုင်ပေသည်။ သို့ဖြစ်သည့်တိုင်အောင် မာတုကာမတစ်ယောက် ဖြစ်နေသည့်အတွက် ကျောင်းနှင့် မအပ်စပ်သောကြောင့် ဂုဏဝတီတိုက်ကျောင်းမှ သီလရှင်များအား အကျိုးအကြောင်း ပြောပြအပ်နှံထားကာ တတ်အားသမျှ ထောက်ပံ့ပေးကမ်းနေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မလေးဖြူသည် ကျွန်တော့်အား ရှေးက သီပေါင်း ကျွမ်းပေါင်း တစ်ယောက်ကဲ့သို့ သူ၏အကြောင်းကို ပြောပြလေသည်။ ထိုသို့ သူ၏အဖြစ်ကို ပြောနေရာတွင် သူ့စိတ်ထဲ၌ ထိခိုက်လှုပ်ရှားခြင်းဖြစ်ပုံမပေါ်၊ လောကဓံတရား၏ ချယ်လှယ်မှုကို မတုန်လှုပ်သကဲ့သို့ ရှိချေသည်။

"သို့ပေမဲ့ မင်းဟာ အခု ဆယ့်ရှစ်နှစ်လောက် ရှိရော့မယ်၊ ကလေးမဟုတ်တော့ဘူး။ မင်းရဲ့ ရှေ့ရေးအတွက် ဘာလုပ်မှာလဲ"

"သီလရှင်ကြီးတွေက ကျွန်မဝမ်း ကျွန်မကျောင်းနိုင်အောင် လက်မှုပညာ သင်ပေးထားကြတယ်။ စာလည်း နေ့စဉ်တက်နေရတာပဲ။ ဒါပေသိ လောကီနယ်ထဲမှာ ကျွန်မ မနေချင်တော့ဘူး။ စာအတော်အတန်တတ်ပြီးရင် သူတော်စင်လုပ်မယ်လို့ ရည်ရွယ်ထားတယ်"

'အို…ဘာပြုလို့ သီလရှင် လုပ်မှာလဲ၊ မလုပ်ပါနဲ့' ဟု ကျွန်တော့်ပါးစပ်မှ သွက်လက်စွာ ပြောလိုက်မိသည်။ ဤမျှ နုနယ်လှပသော မိန်းကလေးတစ်ဦးသည် သူ၏ဘဝကို ဆုံးစေတော့မည်ဟု ကျွန်တော်၏စိတ်တွင် ပူပန်မိကာ ထိုသို့ပြောလိုက်မိခြင်းဖြစ်ပေသည်။

မလေးဖြူသည် အနည်းငယ် တွေ၍နေလိုက်သည်။

"ကျွန်မစိတ်ထဲမှာ ဒါပဲ အကောင်းဆုံးလို့ ထင်တာပဲ။ သီလရှင်ကြီး ဒေါ်သုစာရီရော၊ ဆရာတော်ဦးကေလာရော သူတို့နှစ်ပါးစလုံးကတော့ လောကီရေးရာကို နားလည်စေချင်ကြသေးတယ်။ ဒါပေသိ ကျွန်မအဖို့တော့ တစ်ကိုယ်ရေ တကာယမို့ မထူးပါဘူး"

မလေးဖြူ၏ ရိုးသားပွင့်လင်းမှုသည် ကျွန်တော်၏ စိတ်ထဲတွင် လေးနက်စွာ စွဲနေစေတော့သည်။ သူ၏ ကြော့ရှင်းသော ကိုယ်



ခန္ဓာနှင့် ရိုးသားသော စိတ်နှလုံးတို့သည် 'အပြစ်ဟူ၍ မြူမျှမထင် ဖြူစင်သန့်ရှင်းသည်' ဟူသော စကားကို အကောင်အထည်ဖော်ထားသကဲ့သို့ ရှိလေသည်။

ထိုသို့ မလေးဖြူက သူ့အကြောင်းကို ပြောပြပြီးသည့်နောက် သူ၏လုပ်ရိုးလုပ်စဉ် နေ့စဉ် ဝတ္တရားဖြစ်သော ဘုရားပန်းကပ်ရန်သာ အာရုံပြုကာ ထွက်ခွာသွားလေသည်။ သူ့ကို ကြည့်ရသည်မှာ ပြောစရာရှိသည်ကို ပြောပြီးနောက် ကျွန်တော့်အား လုံးဝ မေ့ပျောက်ပစ်လိုက်ကာ ထွက်၍ သွားပုံရပေသည်။

ဤအမူအရာကလေးမှာ ကျွန်တော့်အား မရိုးမရွဖြစ်စေလေတော့သည်။ ကျွန်တော်က တစ်စုံတစ်ရာ အာရုံစိုက်မိသည့် မိန်းမမှန်က ကျွန်တော့်အား စွဲမက်လျှင်လည်း စွဲမက်ရမည်။ မုန်းလျှင်လည်း မုန်းရမည်။ တစ်နည်းနည်းတော့ဖြင့် အရေးစိုက်ရမြဲဖြစ်သည်။ မလေးဖြူကဲ့သို့ ပြီးပြီးပျောက်ပျောက် သဘောထားခြင်းကို ဘယ်ခါမှ ကျွန်တော် တွေ့ကြုံခံစားခဲ့ရခြင်း မရှိသောကြောင့် သူ၏ ယခုပြုမူလိုက်ပုံကလေးမှာ ကျွန်တော့်အား မရိုးမရွဖြစ်စေသည်နှင့်အမျှ စွဲလမ်း စိတ်ဝင်စားစရာ ဖြစ်ရပေသည်။

ကျွန်တော် အိမ်သို့ ပြန်၍ ရောက်လာပြီးနောက် ထိုနေ့ တစ်ညနေလုံးနှင့် တစ်ညလုံး မလေးဖြူကိုသာ တွေးမိတော့သည်။ မျက်နှာကလေးကိုလည်း မြင်ယောင်၍ နေသည်။

နောက်နေ့၌ ကျွန်တော်သည် ဂုဏဝတီတိုက်ကျေးရွာသို့ သွားကာ အလုပ်စလေတော့သည်။ ထိုသို့ အလုပ်လုပ်နေခိုက်၌လည်း မလေးဖြူကို သတိရနေကာ ခြေသံကြားတိုင်း မလေးဖြူလားဟု မျှော်

www.burmeseclassic.com



လင့်အောက်မေ့ကာ လှည့်၍လှည့်၍သာ ကြည့်မိသည်။ သို့သော် ကြည့်တိုင်း ကြည့်တိုင်း သူ့ကိစ္စ သူ့ဝတ္တရားနှင့် သွားလာနေသော သီလရှင်များကိုသာ တွေ့ရသည်။ မလေးဖြူကိုကား မတွေ့ရပေ။ ကျွန်တော် တွေ့ရသည့် သီလရှင်များကလည်း ကျွန်တော့်အား 'ဖုတ် လေသည့်ငါးပိ ရှိလေသည်' ဟူ၍မျှ မအောက်မေ့ ဂရုမစိုက်ကြ။

သို့နှင့် နေ့လည်ပိုင်းတွင် ခေတ္တနားရင်း အကြံတစ်ခုပေါ်လာကာ ကျောင်းအုပ်ချုပ်သော သီလရှင်ကြီး ဒေါ်သုစာရီကို သွား၍ တွေ့ရလေသည်။

"ကျွန်တော် ခေမာထေရီ ဘိက္ခုနီပုံကို ရေးဖို့အတွက် ပုံစံယူဖို့ မိန်းကလေးတစ်ယောက် လိုချင်ပါတယ်"

"စံပြမိန်းကလေး ဟုတ်လား၊ ဒီကိစ္စဟာ ဆရာတို့က ရှာပေးရမယ့် တာဝန်မဟုတ်ဘူးလို့ ထင်တယ်"

"မှန်ပါတယ်၊ စံပြမိန်းကလေးရဖို့ ဆရာကြီးတို့ကို ပြောရခြင်းကတော့ ဒီလိုပါ။ ခေမာထေရီဟာ အလွန်တရာမှ ချောပါတယ်။ ချောတဲ့အတွက် သူ့ရဲ့အလှဂုဏ်ကို မာနတက်နေတာကြောင့် မြတ်စွာဘုရားက သူ့ထက် အဆင်းပြင်လျာလှပတဲ့ နတ်သမီးတွေကို ဖန်ဆင်းပြီး သတိသံဝေဂရစေတယ်လို့ ကျမ်းဂန်မှာ ဆိုတဲ့အတွက် အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်ကို စံပြထားပြီး ပုံတူကူးရေးနိုင်ရင် ဒီပန်းချီကားဟာ အလွန်တန်ဖိုးရှိပါလိမ့်မယ်။ အဲဒီအတွက် စံပြမယ် အဖြစ် ထားလောက်တဲ့ မိန်းကလေးကို ကြည့်လိုက်တဲ့အခါ ဝေးဝေးမှာ ရှာမနေရဘဲ ဒီကျောင်းထဲက မိန်းကလေးတစ်ယောက်ရဲ့ ရုပ်ရည်ဟာ ခေမာထေရီအဖြစ် ပုံတူရေးဖို့ အသင့်လျော်ဆုံးဖြစ်နေတာ တွေ့



ရလို့ ဆရာကြီးကို ပြောရခြင်းပါပဲ' ဟု ကျွန်တော့်မှာ လေသံမှန်မှန်ဖြင့် ကိုယ့်လိုရာဘက်သို့ ရောက်အောင် ဆက်သွယ်ရပါတော့သည်။

'ဒကာလေးပြောတာ မလေးဖြူကို ပြောဟန်တူတယ်' ဟု ဒေါ်သုစာရီက တည်ကြည်သော မျက်နှာ၊ လေးဆေးသောအသံဖြင့် ပြောကာ ကျွန်တော့်အား စိုက်ကြည့်ပြီး ငြိမ်သက်စွာ စိုက်ကြည့် စဉ်းစားနေလိုက်ပါသည်။ သူ၏ အကြည့်မှာ ကျွန်တော်၏ ဦးနှောက်ကို ဖောက်၍ နောက်စိသို့ရောက် မွေနှောက်ရှာဖွေ အကဲခတ်နေသကဲ့သို့ မှတ်ထင်ရ၍ ကျွန်တော့်မှာ ဣန္ဒြေမပျက်အောင် မနည်းကြိုးစားနေရလေသည်။

"အင်း… သူ့ကို ပုံတူယူပြီး ရေးမှ ဖြစ်နိုင်မယ်ဆိုရင်လည်း အသုံးချနိုင်ပါတယ်၊ သူလည်း ဝမ်းသာမှာပါပဲ၊ ဒီကိစ္စကို ဆရာကြီး စီစဉ်လိုက်မယ်"

သီလရှင်သည် စကားကို တိုတိုတုတ်တုတ်နှင့်ပင် ဖြတ်လိုက်သော်လည်း ကျွန်တော့်အဖို့ မျှော်လင့်ဖွယ်ရာ ဖြစ်နေသဖြင့် ဝမ်းမြောက် မဆုံးနိုင်တော့ပေ။

'ကောင်းလှပါပြီ၊ ခွင့်ပြုပါဦး' ဟု ဆိုကာ ကျွန်တော်လည်း သီလရှင်ကြီး၏ ထံပါးမှ ခွာခဲ့ရသည်။ နောက်နေ့ နံနက်စောစောမှာပင် ကျောင်းသို့ ကျွန်တော် ရောက်ရှိသွားကာ ပန်းချီရေးသည့် ဆေးများကို အရောင်စပ်နေစဉ်မှာပင် မလေးဖြူနှင့် သီလရှင်အဘွားအိုကြီးတစ်ယောက် ရောက်၍ လာကြလေသည်။ သီလရှင်ကြီးမှာ အသက်ရှစ်ဆယ်ကျော်နေပြီဟု မှန်းရလောက်အောင် အိုမင်းလှပေပြီ။

ထိုသီလရှင်အိုကြီးမှာ ကျောင်းတိုက်တွင်းသို့ ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဘုရင်းစင်ရှေ့သို့ ကြွသွားကာ ဝတ်ပြုပြီးနောက် ဘုရားကို အာရုံပြုလျက် ပုတီးစိပ်နေလေတော့သည်။ ကျွန်တော့်အား ဂရုလည်း မစိုက်၊ စကားလည်း တစ်ခွန်းမျှ မပြောပေ။ ပန်းချီဆရာကြီး ဟူ၍ ကျွန်တော့်အား အပြင်လောကကြီးက လေးစားကြသော်လည်း ထို သီလရှင်ကြီးအဖို့မှာကား ကျွန်တော့်ကို လက်သမား၊ ရေနံ့သုတ်သမား အနေမျိုးလောက် သဘောထားလေသလား မသိပါ။ ဤကဲ့သို့ ကျွန်တော့်အား အညတြတစ်ဦးပမာ ဂရုစိုက်ခြင်း မခံရသဖြင့် ကျွန် တော့်စိတ်ထဲမှာတော့ ပညာသည်ပီပီ အောင့်၍ သွားပါသည်။

မလေးဖြူကမူ ကျွန်တော့်အား ဝတ်ကျေဝတ်ကုန်ပင် ဖြစ် စေကာမူ ဣန္ဒြေရစွာ ပြုံး၍ နှုတ်ဆက်ပြီးသည့်နောက် သူ့ထိုင်ရန် အတွက် ကျွန်တော် နေရာချပေးသော ကုလားထိုင်တွင် ထိုင်ကာ လက်ကလေးနှစ်ဖက်ကို ပေါင်ပေါ်တွင် ယှက်၍ထားလိုက်လေသည်။ ထိုသို့ ထိုင်နေရာက သူ၏ လှပသော မျက်တောင်ကလေးများကို ပင့်၍ ကျွန်တော့်အား ကြည့်လေ့ရှိရာ ထိုသို့ ကြည့်လိုက်တိုင်း ကျွန် တော့်မှာ အသက်ရှူမှား၍ သွားပါတော့သည်။

သို့နှင့် ကျွန်တော်သည် နံရံ၌ ပန်းချီရေးရာတွင် လက်လှမ်း မီနိုင်စေရန် နံရံဘေးတွင် ကပ်၍ ထောင်ထားသော ခုံမြင့်ပေါ်သို့ တက်၍ မလေးဖြူ၏ အနေအထားကို အကဲခတ်လိုက်ပြီးလျှင် ကျွန် တော် အလိုရှိသည့် အနေအထားမျိုး မရသဖြင့် ခုံပေါ်မှ ဆင်းလာ ပြီး မလေးဖြူ၏ ပါးနှင့် မေးကလေးကို လက်နှစ်ဖက်စလုံးဖြင့် ကိုင် ၍ ကြိုက်သလို လှည့်ယူလိုက်ပါသည်။ သို့ပြုလုပ်လိုက်စဉ် ဘုရား ဝတ်ပြုနေသော သီလရှင်အိုကြီး၏ လှုပ်ရှားသံ ကြား၍ လှည့်ကြည့်



လိုက်ရာ ကျွန်တော်တို့အား လှည့်၍ အကဲခတ်နေသည်ကို တွေ့ရပြီး နောက် သူ့မျက်နှာ ပြန်၍ လှည့်သွားကာ 'နတ္ထိ လောကေ ရဟောနာမ၊ ပါပကမ္မံ ပကြုဗ္ဗတော၊ ပဿန္တိ ဝနဘူတာနိ၊ တံဗာလော မညတေရ ဟော…' ဟူ၍ တတွတ်တွတ် ရွတ်နေလေတော့၏။

ကျွန်တော်သည် ငယ်စဉ်ကပင် ရာဟုလောဝါဒသုတ်ကို ကျက်မှတ်ခဲ့ရဖူး၍ ယခုတိုင် ရွတ်ဆိုနိုင်သေးသဖြင့် သီလရှင်ကြီးရွတ် ဆိုသော ဂါထာမှာ ထိုသုတ်ထဲက ဖြစ်သည်ကို သိရသည်။ ထိုဂါ ထာအားလုံး၏ အနက်ကိုကား ကျွန်တော် မပြန်တတ်တော့ပါ။ သို့ သော်… 'လောကဌ် ဆိတ်ကွယ်ရာအရပ်ဟူ၍မရှိ' ဟူသော အဓိပ္ပာယ် ရှိသည်ကို အချုပ်အားဖြင့် ကျွန်တော် သိရှိသည့်အလျောက် ထိုသို့ ရွတ်ဆိုသံ ကြားရသည်တွင် ကျွန်တော့်မှာ ရှက်ကိုးရှက်ကန်းဖြစ်၍ သွားမိပေသည်။ သီလရှင်ကြီးကား ရွတ်ဖတ်သရဇ္ဈာယ်ရင်းပင် အသံ တိတ်ကာ ငုတ်တုတ်အိပ်ပျော်သွားပုံရပါသည်။

မလေးဖြူသည် သီလရှင်ကြီးအား လှမ်း၍ ကြည့်လိုက်ပြီး နောက် 'ဒီဖွားသီလရှင်ကြီးဟာ ဒီကျောင်းမှာ အသက်အကြီးဆုံးပဲ၊ သူပြောတာဆိုတာတွေ ဗွေမယူပါနဲ့၊ တစ်ခါတလေ သူငယ်ပြန်ချင် တယ်' ဟု ပြောပြပါသည်။

"ဒီမှာ နေရတာ ပျင်းစရာမကောင်းဘူးလား။ ဒါနဲ့များ သီလရှင်လုပ်ချင်သေးသလား"

"ကျွန်မတော့ဖြင့် ဒီလိုနေရတဲ့ဘဝကိုပဲ အင်မတန်ပျော်ပိုက် မိတာပဲ။ အပူအပင် အင်မတန် ကင်းတယ်။ သိပ်ပြီး အေးချမ်းတယ်။ အခုလို ကုသိုလ်ပါရမီဖြည့်မှလည်း နိဗ္ဗာန်နဲ့ နီးမယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်၍ ထားလိုက်ရပါသည်။ ကျွန်တော်ကား ဘာသာတရားနှင့် ကင်းဝေးခဲ့သည်မှာ ကြာပြီဖြစ်လေရာ တမလွန်ကို ယုံကြည်စိတ်မရှိတော့ပါ။ ကံကိုလည်း မယုံ။ ကုသိုလ် အကုသိုလ်ကိုလည်း မယုံ။ သို့ဖြစ်၍ မလေးဖြူပြောသည့် စကားများမှာ ကျွန်တော့်အား ရယ်ချင်စိတ် ဖြစ်ပေါ်စေပါတော့သည်။ ထို့ကြောင့် ကျွန်တော်၏ ပြုံးစိစိမျက်နှာကို သူမမြင်စေရန် ကျောခိုင်းလိုက်ရပါသည်။

ကျွန်တော်သည် မလေးဖြူ၏ပုံကို ရက်အနည်းငယ်မျှနှင့် ကူးဆွဲ၍ ပြီးနိုင်ပါသော်လည်း ခြောက်ရက်တိတိ အချိန်ဆွဲထားလိုက်ပါသည်။ မလေးဖြူက ကျွန်တော်၏ အကြံကို မသိရှာပေ။ ကျွန်တော် ပန်းချီရေးဆွဲသည့်ပုံကို စိတ်ဝင်စားနေသည့်အတွက် မညည်းမညူ နေ့စဉ် မှန်မှန်လာ၍ ထိုင်ပေးပါသည်။ ထိုသို့လာ၍ ထိုင်သည့်အခါတိုင်း ဖွားသီလရှင်ကြီးလည်း လာ၍ စောင့်ထိန်းလေ့ရှိပါသည်။ သို့သော် သူ၏ထုံးစံအတိုင်း ပုတီးစိပ်ရင်း အိပ်ပျော်သွားလေ့ရှိရာ ထိုအခါကျတိုင်း မလေးဖြူနှင့် ကျွန်တော် လွတ်လွတ်လပ်လပ် စကားပြောကြရပါသည်။

ကျွန်တော်တို့မှာ တစ်နေ့ထက်တစ်နေ့ ရင်းနှီးလာကြသည့်အလျောက် မလေးဖြူက သူ၏အကျိုးအကြောင်းနှင့်တကွ ဆရာဘုန်းတော်ကြီး ဦးကေလာ၏အကြောင်းကို အကျယ်တဝင့် ပြောပြလေသည်။

"ဆရာတော် ဦးကေလာရဲ့ အသက်ဟာ ခြောက်ဆယ်ကျော်နေပြီ။ ဒါပေသိ ဒါလောက် အသက်ကြီးပြီလို့ မထင်ရသေးဘူး။



သန်တုန်းမြန်တုန်းပဲ။ စိတ်လည်း အင်မတန်တိုတယ်။ အခုတစ်လောတော့ ဒီမှာ မရှိဘူး၊ သူ့တူတစ်ယောက်က ပင့်လို့ ပုပ္ပားကို ကြွသွားတာ တစ်နှစ်လောက်ရှိနေပြီ။ ပြန်လာဖို့တော့ နီးနေပါပြီ။ ဟိုမှာ သိပ်ကြာကြာတော့ နေမယ် မဟုတ်ပါဘူး။ ဒီမှာ သူရှိနေတဲ့အခါဆိုရင်ဖြင့် ကျွန်မဆီကို မကြာမကြာ လာလာပြီး ကြည့်လေ့ရှိတယ်။ ပေးစရာ၊ ကမ်းစရာရှိရင်လည်း ပေးကမ်းသွားတာပဲ' ဟူ၍ တစ်ခါတစ်ရံ စိတ်ရှည်လက်ရှည် ပြောပြလေ့ရှိပေသည်။

'အဖေ မမာစဉ်တုန်းကလည်း ဆရာတော်ကိုယ်တိုင်ပဲ ကြည့်ရှုပြုစုခဲ့တာပါပဲ။ အဖေ့ရောဂါမသက်သာမှန်း သိရတဲ့အခါ ဒီသမီးကလေးအတွက်တော့ မပူနဲ့ သူ အသက်ရှင်နေသရွေ့ ကာလပတ်လုံးတော့ ဒုက္ခမရောက်စေရဘူး။ မှည့်တစ်ပေါက်မှ မစွန်းစေရဘူးလို့ ကတိပေးသွားတယ်' ဟု ဆရာတော့်အပေါ်တွင် အလွန်အားထားသည့် စကားများကိုလည်း ဖွင့်ပြောလေသည်။

ကျွန်တော်သည် မလေးဖြူအပေါ်တွင် အရူးအမူးချစ်နေပြီဟု ဆိုပါလျှင် ထိုစကားကို လျှော့လျှော့ပေါ့ပေါ့ပြောသည့် စကားလောက်ပင် ဖြစ်ပေလိမ့်မည်။ အာကာကို လှာပုံပြု၍ မေရုကို စုတ်တံချိပြီး ကျွန်တော်၏ အချစ်ကို စာဖွဲ့ရသော် မေရု တတောင်လုံးတုံး၍သာ ကုန်သွားပေလိမ့်မည်။ ကျွန်တော်၏ အချစ်ကို ကုန်အောင်ရေးရန် ကံ့ကူဆံအဖြစ် မေရုတောင် နှစ်လုံးလောက် နောက်ထပ်လိုပေလိမ့်မည်။

သို့အားဖြင့် ကျွန်တော့်အပေါ်တွင် မလေးဖြူ မေတ္တာသက်ဝင်၍လာအောင် နည်းအမျိုးမျိုး ကြံစည်ခဲ့ရာ တစ်ခုမျှ မအောင်မြင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေ့နေကျ သာမန်မိန်းကလေးမျိုးသာ ဖြစ်ပါမူ ကျွန်တော့်လို မိန်းမကျမ်းကျေနေသူတစ်ယောက်အဖို့ ဘာမျှ ခဲယဉ်းစရာမရှိပေ။ ယခုမူ ရိုးသားဖြူစင်သော မိန်းကလေးတစ်ယောက်ဖြစ်ပြီး ကျွန်တော့်အပေါ်တွင် သူတော်ကောင်းတစ်ယောက်အနေနှင့် လေးစားလျက်ရှိလေရာ ကျွန်တော်က သူ့အား အတိအလင်း ချစ်သေနင်္ဂဇုန်ဟာ ဆင်ခဲ့သော် လန့်၍ ပြေးပေတော့မည်။ ထို့ထက် ကျွန်တော့်အပေါ်တွင် တစ်ခါတည်းပင် စက်ဆုပ်ရွံရှာခြင်း ဖြစ်ချင်ဖြစ်သွားပေလိမ့်မည်။

ကျွန်တော့်၌ မိန်းမရှိသည်ကို သူ ကောင်းစွာ သိပေသည်။ ထိုသို့ သိရခြင်းမှာလည်း ဒေါ်သုစာရီက ကျွန်တော်၏ ဇနီးနှင့် သားသမီးများ ကျန်းကျန်းမာမာရှိကြရဲ့လားဟု မေးမြန်းခြင်းကြောင့် ဖြစ်ပေသည်။ ထိုသို့ မမေးလည်း သူ ရိပ်မိတန်ကောင်းပေသည်။ ဒီအရွယ်ရောက်ခါမှ အမြီးမပေါက်လျှင် ဘာမျောက်လဲ ဟူ၍ စကားပုံရှိသည်ကို သူသိပေလိမ့်မည်။ သို့ဖြစ်၍ သူသည် ကျွန်တော့်အပေါ်တွင် ဘယ်ခါမျှ စိတ်ကူးဖြင့် ပြစ်မှားမိဖို့ဝေးစွ၊ သူ့အပေါ်၌ ကျွန်တော်က မရိုးဖြောင့်သော စိတ်ထားရှိနေခြင်းကိုပင် မသင်္ကာစိတ်မရှိဘဲ ရိုးသားလှပေတော့သည်။

ကျွန်တော်ကား အလုပ်ကို ရက်ဆွဲ၍ လုပ်နေသည်သာမက နေ့စဉ်လည်း လိုအပ်သည်ထက် ပို၍ အချိန်ဆွဲပြီး အလုပ်လုပ်လျက်ရှိရာ ဒေါ်သုစာရီသည် ကျွန်တော့်အပေါ်တွင် သင်္ကာမကင်းရှိလာပုံရလေသည်။ ပုံဆွဲစက ကျွန်တော်တို့၏ အနားသို့ လာလေ့မရှိသော်လည်း၊ သုံးလေးရက် ကြာသည့်အခါတွင် လုပ်ရိုးလုပ်စဉ် ဝေယျာ



ဝစ္စအလုပ်ဝတ္တရား လုပ်ကိုင်ရန် ဝင်ထွက်သွားလာသကဲ့သို့ အမှုမဲ့အမှတ်မဲ့ ရောက်လာတတ်ပေသည်။

ခေမာထေရီ၏ မျက်နှာကို အပြီးရေးဆွဲမည့်နေ့တွင် ဖွားသီလရှင်ကြီးကို မထည့်တော့ဘဲ သီလရှင်ငယ်ငယ်တစ်ဦး အစောင့်အရှောက်ပါ၍ လာလေရာ သူ၏ အမြဲအကဲခတ်နေမှုကြောင့် ကျွန်တော့်မှာ မလေးဖြူနှင့် လွတ်လွတ်လပ်လပ် စကားမပြောရတော့ပါ။ အလုပ်ကိုသာ အာရုံစိုက်၍ လုပ်နေရတော့သည်။

ခေမာထေရီ၏ မျက်နှာကို ရေးဆွဲပြီးသည့်အခါတွင် မလေးဖြူလာရန် မလိုတော့ပါ။ ကိုယ်ပိုင်းနှင့်တကွ အခြားရုပ်ပုံများကို အလွတ်ရေးဆွဲဖို့ပင် ရှိပါတော့သည်။ သို့ဖြစ်၍ ကျွန်တော့်မှာ မလေးဖြူကို တစ်ခါတည်း မတွေ့ရတော့ဘဲ ရှိသဖြင့် အလှရတနာကလေးတစ်ဦးကို သီလရှင် လောကကြီးထဲတွင် အရှင်လတ်လတ် မြှုပ်နှံလိုက်ကြလေပြီလောဟု ထင်မိပေသည်။ သွားရင်းလာရင်း တစ်စိတစ်စောင်းကြည့်ရှုရှာဖွေပါသော်လည်း အရိပ်အရောင်ကလေးမျှ မမြင်ရပါ။

နောက်ဆုံးတွင် တိုက်ဇရပ်တစ်ခုလုံးတွင် အရုပ်ကားများရေးဆွဲလက်စသတ်၍ ပြန်တော့မည် ပြုသည့်အချိန်မှ သူ့အား ထိုတိုက်ကျောင်းတွင်းမှာပင် ပက်ပင်းပါ တွေ့ရတော့သည်။ ထိုသို့တွေ့လိုက်ရသည်တွင် ကျွန်တော်၏ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ခုန်၍နေလေသည်။

'မလေးဖြူ ဘယ်သွားနေသလဲ' ဟု ကျွန်တော်က သူလည်းဖျပ် ထွက်ပြေးမည်ကို စိုးရိမ်သည့်အလား မရဲတရဲ မေးလိုက်မိလေ၏။

သူသည် ကျွန်တော်၏ အသည်းဆိုင်ကို ဆွဲကိုင်လှုပ်ရှားလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် အကြည့်ကလေးဖြင့် လှပသော မျက်လုံးကလေးများကို လှန်၍ ကြည့်ကာ 'ကျွန်မ ဒီမှာ အရှိသားပဲ' ဟု ဖြေလိုက်လေသည်။

''ရှိတယ်သာဆိုတယ် မမြင်ပါကလား''

''ကျွန်မ လာဖို့လိုသေးလို့လား ကျွန်မရုပ်ပုံကို ကူးဆွဲပြီးမှုပဲ''

မှန်ပေသည်။ သူနှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ သူ့အဖို့၌ သူ့အလုပ်ပြီးလျှင် ပြီးနေပေပြီ။ သူ့အဖို့ ကျွန်တော့်အား မေ့မေ့ပျောက်ပျောက်ပင် ထားလိုက်သည်။ ကျွန်တော်ကသာ တစ်ဖက်သတ် စွဲလမ်းနေရပေသည်။ သို့ဖြင့် ကျွန်တော်က စကားဆက်မည်ကြံကာ စကားစရှာနေစဉ်မှာပင် ဒေါ်သုစာရီက သူ့အား ခေါ်သွားသဖြင့် သူက ကျွန်တော့်အား ခေါင်းညိတ်၍ နှုတ်ဆက်သွားဟန်ကလေးကိုသာ ငေးစိုက်ကြည့်နေလိုက်ရပြီးလျှင် စိတ်ထဲတွင် မချင့်မရဲနှင့်ပင် ဤသာသနာ့ရိပ်သာထဲက ထွက်ခွာခဲ့ရတော့၏။

ကျွန်တော်သည် သာသနာ့ရိပ်သာနှင့် လမ်းစပြတ်သွားပြီးသည့်နောက်တွင် မလေးဖြူကိုပါ မေ့ပျောက်သွားနိုင်လိမ့်မည်ဟု ထင်ခဲ့မိသည်။ သို့သော် ကျွန်တော် ထင်သလိုမဟုတ်၊ သူ့ကို မေ့၍မရပါ။ ထိုသို့ မေ့ပျောက်မရနိုင်ရှိသဖြင့် သူ့ကို နောက်ထပ် မတွေ့ရစေကာမူ ကျွန်တော်၏ ဇနီးသည် မနှင်းစိန်အပေါ်တွင် ကျွန်တော်၏ သဘောထားပုံ၊ ပြုမူပုံတို့မှာ ရှေးကနှင့်မတူ အမူကွဲပြားနေသဖြင့် မနှင်းစိန်မှာ အတော်ပင် စိတ်မချမ်းမသာ ဖြစ်ရရှာလေသည်။ သို့သော် ကျွန်တော့်ကိုကား ဘာမျှ နှုတ်လှန်ထိုးခြင်း မပြု၊ မကျေနပ်မှုကိုမပြ၊ သူ၏စိတ်ဒုက္ခကို ကျိတ်၍သာ ခံခဲ့ရှာလေသည်။



လောက၌ ဆင်းရဲဒုက္ခအပေါင်းတွင် စိတ်ဖြင့် ခံစားရသော ဒုက္ခမှာ အဆိုးရွားဆုံးဖြစ်သည့်အလျောက် ထိုဒုက္ခကို နှစ်ရှည်လများ ကျိတ်မှိတ်၍ ခံစားခဲ့ရသော မနှင်းစိန်ခမျာမှာ ထိုနှစ် နွေဦးပေါက်လောက်မှာပင် စိတ္တဇရောဂါဖြင့် အနိစ္စရောက်သွားရှာလေတော့သည်။

မနှင်းစိန်ဆုံးသွားသည့်အခါတွင် ကျွန်တော့်မှာ အတော်ကလေး နောင်တတရား ရမိပေသည်။ လူ့ဘဝခရီးတွင် နှစ်၊ ကာလများစွာ တစ်ဦးကို တစ်ဦး အဖော်ပြု၍ လာခဲ့ကြရစဉ်က သူ့အပေါ်တွင် မလေးစားခဲ့သော်လည်း ယခုကဲ့သို့ အဖော်ကင်းမဲ့သွားသည့်အခါ၌ကား ကြီးစွာသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်သည်ကို တွေ့ရှိရကာ နှစ်လိုတမ်းတ ယူကျုံးမရ ဖြစ်ခဲ့ရပေသည်။

ကျွန်တော်နှင့် မနှင်းစိန်မှာ သားနှစ်ယောက်ရခဲ့ရာ သားအကြီး မောင်လှမိုးမှာ ငယ်စဉ်ကပင် ဆုံးခဲ့လေသည်။ သားအငယ် မောင်မြတ်သူမှာ အစစအရာရာ ကျွန်တော်နှင့် လုံးဝမတူ၊ အမေ့သားဟု ဆိုရလောက်အောင် စိတ်နေသဘောထား အလွန်သိမ်မွေ့သူဖြစ်၍ ကျွန်တော်၏ အပြုအမူတို့ကို သူ အနည်းငယ်မျှ မနှစ်သက်ပေ။ ကျွန်တော်ကလည်း အဘခြေရာနင်းမည့် သားတစ်ယောက် မဟုတ်ဟူ၍ သူ့အပေါ်၌ သံယောဇဉ်မကြီးလှပေ။ ယခု မနှင်းစိန် သေဆုံးသွားသည့်အခါ သူ့အပေါ်တွင် သံယောဇဉ် ခင်တွယ်လာရပေတော့သည်။

မနှင်းစိန် မရှိသည့်နောက် ကျွန်တော်တို့၏ နေရေးထိုင်ရေးမှာ အိုးနှင့် အိမ်နှင့် နေရသည်နှင့် မတူတော့ပေ။ သို့အားဖြင့် သူ့အား ကျောင်းအိပ် ကျောင်းစားပို့ထားလိုက်ပြီးလျှင် ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြေလက်ပျောက်ရှိစေရန် ပုဂံညောင်ဦးဘက်ရှိ ရာဇဝင်ထင်ရှားသော အဆောက်အအုံများကို လှည့်ပတ် ပန်းချီဆွဲရန် မန္တလေးမှ ထွက်ခဲ့လေသည်။

ယင်းသို့ ပရိဒေဝ မီးပူခနေသည့် အခိုက်အတွင်းဝယ် ကျွန်တော့်မှာ မလေးဖြူကို မေ့ပျောက်သွားခဲ့ပါသည်။ ယခင်ကမူ ကျွန်တော်သည် မလေးဖြူကို အနုနှင့် မရလျှင် အကြမ်းဖက်ရန်အထိ စိတ်ကူးခဲ့မိကာ အကြံအစည် ထုတ်ထားပြီး ဖြစ်ပေသည်။ ယခု ကျွန်တော်၏ ဇနီး ဆုံးလိုက်သဖြင့် ထိုအာရုံပြတ်ကာ ရောက်မိရောက်ရာ ထွက်လာခဲ့မိခြင်း ဖြစ်ပေသည်။

အချိန်သည် ဝေဒနာကို ကုစားပပျောက်စေသည့်အတိုင်း ရက်အနည်းငယ် ကြာလျှင်ပင် ကျွန်တော်၏ ပူဆွေးမှု ကင်းပျောက်လာကာ ကျွန်တော့်မှာ လွတ်လပ်သူတစ်ယောက် ဖြစ်နေပေပြီ ဟူသော သိမှုဝင်စားလာသည်နှင့်အမျှ ယခုအခါတွင် မည်သူ၏ ကဲ့ရဲ့မှုကိုမျှ မခံရတော့ဘဲ မိန်းမတစ်ယောက်ကို လွတ်လပ်စွာ လက်ထပ်ယူနိုင်ပေပြီဟု တွေးမိလေသည်။ ထိုသို့ တွေးမိလျှင်ပင် မလေးဖြူကို ပြေး၍ သတိရကာ အချစ်မီးတောက်လောင်၍ လာပြန်လေတော့သည်။

မလေးဖြူ၏ စကားအရ သူသည် ဝတ်ကြောင်ကို စွန့်လွှတ်တော့မည်ဟု ဆိုထားရာ ကျွန်တော် အချိန်ဆွဲနေလျှင် သူ့ကို လက်လွှတ်ရပေတော့မည်။ သို့သော် သူနှင့် ပြန်၍ ဆက်မိရန် ဘယ်ကဲ့သို့ အကွက်ဆင်ရမည်ကို ကျွန်တော် တွေးလို့မရပေ။ ဤအချိန်မှာပင် ယခင်က မလေးဖြူပြောသော စကားအရ သူ့အား အုပ်ထိန်း



ထားသည့် ဆရာတော် ဦးကေလာ ပုပ္ပားမှာ ရှိသည်ကို သတိရကာ ဆရာတော်နှင့် သွားရောက်တွေ့ဖို့ရန် စိတ်ပိုင်းဖြတ်ကာ ပုဂံညောင်ဦးဘက်၌ လှည့်လည်နေသည့် ခရီးစဉ်ကို ဖျက်ကာ ပုပ္ပားသို့ ရောက်အောင် သွားရတော့သည်။

ပုပ္ပားသို့ ရောက်လျှင် ရောက်ချင်း ဆရာတော်ကို စုံစမ်း၍ မရသေးပါ။ နှစ်ရက်ခန့်ကြာမှ ဆရာတော်ရှိရာအရပ်ကို မေးမြန်းသိရှိရကာ ထိုရွာသို့ လှည်းနှင့် သွားရောက်ခဲ့ရပေသည်။

ဆရာတော်ကို တွေ့လိုက်ရသည့်အခါတွင် ကျွန်တော့်မှာ ရုတ်တရက် ဘာစကားမျှ မလျှောက်ထားဝံ့သကဲ့သို့ ဖြစ်သွားမိသည်။ ဦးကေလာမှာ မလေးဖြူပြောသည့်အတိုင်း အသက် (၆၀) ခန့်မျှရှိစေကာမူ အရပ်ပုပြတ်၍ ကိုယ်လုံးကိုယ်ထည် ခိုင်မာတောင့်တင်းခွန်အားဗလကောင်းစွာ ပြည့်စုံလျက် ရှိသေးသည်ကို တွေ့ရပေသည်။

"တပည့်တော်အား လျှောက်ထားခွင့် ပေးသနားတော်မူပါဘုရား"

ဦးကေလာသည် တံပူတံကို ဝါးရင်း ကျွန်တော့်အား အကဲခတ်နေပြီးနောက်မှ 'လျှောက်စမ်း' ဟု ခပ်တိုတိုပင် ခွင့်ပြုလေ၏။

"တပည့်တော် လျှောက်ထားတဲ့ စကားများမှာ အပြစ်ရှိရင် ခွင့်လွှတ်တော်မူပါဘုရား။ တပည့်တော်လျှောက်လိုတဲ့ စကားများကတော့ စင်စစ်အားဖြင့် ရဟန်းသံဃာတို့နဲ့ သက်ဆိုင်တဲ့ ကိစ္စမဟုတ်သော်လည်း အခုကိစ္စမှာတော့ အရှင်ဘုရားကို တိုက်ရိုက်လျှောက်မှ ဖြစ်မယ့်ကိစ္စမှန်တဲ့အတွက် စွန့်စားလျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



“နေပါဦး ဒကာက ဘယ်အရပ်ကလဲ”

ကျွန်တော့်မှာ လန့်ဖျပ်၍ပင် သွားမိပြီးမှ ‘မှန်ပါ တပည့်တော် မန္တလေးကပါဘုရား’ ဟု စိတ်တင်း၍ ဖြေလိုက်ရသည်။

“ဒကာက ဘာအလုပ်နဲ့ ဒီရောက်လာသလဲ”

‘တပည့်တော်အလုပ်ကတော့ ပန်းချီဆရာပါ’ ဟု ဆို၍ စကားဆက်မည်အပြု…

‘နာမည်ဆိုစမ်း’ ဟု ဖြတ်မေးလိုက်သဖြင့်…

‘ဘအိုပါဘုရား’ ဟု ပြောပြရလေသည်။

“မင်းလားဟဲ့ ဘအိုဆိုတာ”

“မှန်လှပါဘုရား”

“ကဲ… ကိစ္စကို ပြောပါဦး”

“တင်ပါသည်ဘုရား…။ မန္တလေး ဂုဏဝတီတိုက်ကျောင်းတွင်းက ဗုဒ္ဓဝင်ကားတွေ မှေးမှိန်ပျက်စီးနေလို့ တပည့်တော်ကို အသစ်ရေးဆွဲပေးဖို့ လိုအပ်တဲ့အတွက် ရေးဆွဲခဲ့ရပါတယ်။ အဲဒီကားတွေထဲမှာ ခေမာထေရီပုံကို ရေးဆွဲတဲ့အခါ ပုံတူစံပြမယ် လိုနေတဲ့အတွက် ကျောင်းတိုက်ထဲမှာ နေတဲ့ မိန်းကလေးတစ်ယောက်ကို စံပြထားပြီး ပုံဆွဲခဲ့ရပါတယ်။ အဲဒီမလေးဖြူဟာ အရှင်ဘုရား ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ မလေးဖြူဖြစ်ပါတယ်”

“ဘယ်သူ…”

“မလေးဖြူပါဘုရား”

“အိမ်း… အဲဒါ ဘာဖြစ်သလဲ”

“မှန်ပါ ဒီကိစ္စဟာ အရှင်ဘုရားကိုသာ ဦးတိုက်လျှောက်



ထားမှ ပြီးမယ့်ကိစ္စဖြစ်လို့ အပြစ်လွှတ်တော်မူပါဘုရား၊ နားနဲ့မနာဖဝါးနဲ့ နာတော်မူပါ”

‘တော်…တော်… မဆက်နဲ့တော့ ငါသိပြီ’ ဟု ဆရာတော်က ကျွန်တော့်အား ဟန့်တားလိုက်ပြီးလျှင် ရုတ်တရက် ဒေါသထွက်သွားသကဲ့သို့ ရှိကာ ထိုဒေါသပြေပျောက်စေရန် ခေါက်တုံ့ခေါက်ပြန် လျှောက်၍ နေလိုက်လေသည်။ အတန်ကြာမှ ရပ်ပြီး ကျွန်တော့်အား စိုက်ကြည့်နေပါသည်။

‘နားထောင် ဒကာ၊ ငါဟာ ဘုန်းကြီးပင် ဖြစ်သော်လည်း လူ့ဘောင်လူ့လောကထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ အကုန်သိတယ်။ ဒကာဟာ ပန်းချီပညာဘက်မှာတော့ တစ်ဖက်ကမ်းခပ်တယ်လို့ ဆိုလောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်ဆိုတာ ဘုန်းကြီးသိတယ်။ ဒုစရိုက်မှုတွေလုပ်တဲ့ အရာမှာလည်း တစ်ဖက်ကမ်းခပ်တယ်ဆိုတာလည်း ဘုန်းကြီး သိတယ်။ ဒကာဟာ ကိုယ့်သားမယားအပေါ်မှာ သစ္စာမရှိတဲ့လူတစ်ယောက်ဖြစ်တယ်။ ဒီလိုလူတစ်ယောက်အပေါ်မှာ မလေးဖြူက နှစ်သက်တွယ်တာစရာဖြစ်လောက်တဲ့ အချက်တစ်ခုကို ပြစမ်းပါ။ ဒကာရဲ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာ ဒုစရိုက်အတိပြီးနေတယ်။ မလေးဖြူနဲ့ ထိုက်တန်တဲ့ အရည်အချင်း နှမ်းတစ်စိစာလောက်မှ မရှိဘူး’ ဟု ဆိုပြီးလျှင် ခေတ္တရပ်နား စဉ်းစားနေလိုက်ပြီးမှ ‘ကဲ… ကြားပြီလား သွားပေရော့ ဒကာ့မိဘများရဲ့ မျက်နှာရဲ့ဂုဏ်သိက္ခာထောက်ထားလို့ ဒါလောက်သည်းခံပြီး စကားပြောနေတာလို့ မှတ်ပေရော့၊ မင်းကိုတော့ဖြင့် လူညွှန့်တုံးနေသူတစ်ယောက်လို့ပဲ သဘောထားတယ်’ ဟု ပြင်းပြင်းထန်ထန် ပြောလွှတ်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကျွန်တော်ကား ကိုတ်မိုတ်၍သာ ခံခဲ့ရပါသည်။ စိတ်ထဲတွင်ကား ဒေါသယမ်းအိုး ပေါက်ကွဲလျက်ရှိကာ 'ဒါလောက်တောင်ရှိလှတာ တစ်နေ့သိစေရမယ်' ဟု ကြုံးဝါးလိုက်မိတော့သည်။

အမှန်အားဖြင့် ကျွန်တော်သည် မလေးဖြူကိုသာ ရလျှင် တစ်သက်လုံး သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းဖို့ရန် ရည်စူးမိပါသည်။ ထို့ကြောင့်လည်း ဝတ္တရားရှိသည့်အလျောက် မလေးဖြူအား စောင့်ရှောက်ထားသူအနေဖြင့် ဆရာတော် ဦးကေလာအား လျှောက်ထားခြင်းဖြစ်ပေသည်။ ယခုမူ ကျွန်တော်၏ ဝတ္တရားကုန်ပေပြီ။ မလေးဖြူကိုကား အနုနှင့်ရရ အကြမ်းနှင့်ရရ အရယူတော့မည်ဟု ဆုံးဖြတ်လိုက်မိပေတော့သည်။ ဤဆုံးဖြတ်လိုက်မှုမှာ ဒေါသအာဃာတတရားပါ၍ နေလေတော့သည်။

ကျွန်တော်လည်း မကြာမီပင် မန္တလေးသို့ ပြန်၍ရောက်ခဲ့လေသည်။ ထိုသို့ ပြန်ရောက်၍ မကြာမီပင် ကျွန်တော်၏ အကြံအစည်မှာ အောင်မြင်စရာ လမ်းစပေါ်၍ လာလေသည်။

တစ်နေ့တွင် ကျွန်တော်သည် ကျုံးထောင့်တွင် လမ်းလျှောက်နေစဉ် ရှေ့တူရူမှ မောင်းလာသည့် မြင်းရထားတစ်စီးအနီးသို့ ရောက်လာသည်။ ရထားထဲတွင် ပါလာသူမှာ နှစ်ပေါင်းများစွာကွဲနေသော မမြခက်ဖြစ်သည်ကို တွေ့ရလေသည်။ ကျွန်တော်တို့သည် တစ်ယောက်ကို တစ်ယောက် လွန်သွားပြီးမှ ပြန်လှည့်ကြည့်မိကြကာ ကျွန်တော်လည်းရပ် သူလည်း ရထားရပ်ခိုင်းလိုက်ပြီး ရထားပေါ်မှ ကျွန်တော့်အား လက်ယပ်ခေါ်လိုက်ပါသည်။



မမြခက်မှာ ရှေးကကဲ့သို့ပင် လှမြဲလှနေပါသေးသည်။ ယခင်က ရုပ်မှာ လုံးဝပြောင်းမသွားပါ။ သူသည် ကျွန်တော့်ထက် အသက်ကြီးသော်လည်း သူ့ကိုယ်သူ နုပျိုအောင် အမြဲသနေသည့်ပြင် မိန်းမတို့၏ အတတ်ပညာအလျောက် လုပသော ကိုယ်နေကိုယ်ထား အချိုးအစား ပျက်မသွားအောင် ပြုပြင်ထားနိုင်ပေသည်။

တစ်ယောက်နှင့်တစ်ယောက် ကွဲသွားကြသည်မှာ ကြာပြီဖြစ်ရာ ယခုလို ပြန်၍ တွေ့ရသည့်အခါ သူအတော်ဝမ်းမြောက်ပုံရလျက် သူစီးလာသည့် ရထားနှင့်ပင် ကျွန်တော့်အား သူ့အိမ်သို့ခေါ်သွားပါသည်။

'မောင့် ကြည့်ရတာ တယ်ပြီး မျက်နှာမရွှင်လှဘူး' ဟု သူက ရှေးကသုံးနေကျ စကားအတိုင်း ပြောလိုက်ပါသည်။

''စိတ်မရွှင်တော့ မျက်နှာလည်း မရွှင်နိုင်ဘူးပေါ့။ ကျုပ်စိတ်ထဲမှာ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောဆိုတဲ့ ချစ်ဒုက္ခဖြစ်နေပြန်ပြီ''

မမြခက်မှာ ဘာကို တွေးမိသည်မသိ ကျွန်တော့်စကားကိုကြား၍ ပြုံးတုံးတုံး လုပ်နေလေသည်။

'မနှင်းစိန်ကို ဒါလောက်တောင် ဆွေးနေတုန်းပဲလား၊ တစ်ပင်လဲမှ တစ်ပင်ထူပေါ့' ဟု လေးနက်သော အဓိပ္ပာယ်ဆောင်၍ ပြောလိုက်ပါသည်။

''သေသူကို မေ့ရတာက လွယ်တယ်၊ ရှင်သူကို မေ့ရတာက ခက်တယ်။ အခု ဖြစ်နေတာက ရှင်နေသူကို မရလို့ ဒုက္ခမျိုးပဲ မမြခက်ရဲ့''

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောလိုက်ရာတွင် သူ့မျက်နှာပေါ်တွင် စိတ်ပါဝင်စား သော အသွင်ပြကာ 'ဘယ်သူများလဲ ပြောစမ်းပါဦး' ဟု သွက်လက် စွာ မေးလေတော့သည်။

သူ့ကား သူ့အပေါ်တွင် ကျွန်တော့်စိတ် ပြန့်၍လည်လာသဖြင့် သွယ်ဝိုက်၍ ပြောနေသည် ထင်ဟန်တူပေသည်။

'သူ့နာမည်က မလေးဖြူတဲ့၊ ဂုဏဝတီတိုက်ကျောင်းမှာ နေတယ်။ ဗုဒ္ဓဝင်ကားတွေ သွားပြီးရေးရင်း တွေ့ခဲ့ရတာပဲ' ဟု ပြော ပြလိုက်ရာတွင် သူ၏ မျက်နှာမှာ အသွေးအရောင်တစ်မျိုး ပြောင်း သွားတော့၏။

သို့သော် သူမမျှော်လင့်သော အကြောင်းကို ပြောပြလိုက် ခြင်းကြောင့်ပင် ပို၍ စိတ်ဝင်စားကာ ရှေ့ဆက်၍ မေးသဖြင့် ကျွန် တော်ကလည်း မလေးဖြူအပေါ်တွင် အရူးအမူးချစ်နေသလောက် လက်ငင်းအခြေအနေအရ မျှော်လင့်ချက်ကင်းနေပုံကို ဖွင့်၍ အန့်ချ လိုက်ရပေ၏။

"မောင် သူ့အပေါ်မှာ ဒါလောက်တောင် တကယ်ပဲ စွဲနေ သလား"

"အို··· ကျွားကိုက်ပါတယ်ဆို နာတာရှည်လား မေးတာ ကျနေပါဘိ၊ တကယ်စွဲနေရင် ဘယ်လိုလုပ်ရမလဲ၊ မမြခက် ကူပေး မလား"

"ဒါမျိုးဟာ မိန်းမနဲ့ လှည့်ကြံမှရတာ၊ သူ့ကိုရလို့ မောင် စိတ်ချမ်းသာမယ်ဆိုရင် ကူရတာပေါ့"

မမြခက်က ကျွန်တော့်အား စစ်နိုင်သူတစ်ဦး၏ အကြည့်မျိုး



ဖြင့် ကြည့်နေလေသည်။ ထိုသို့ ကြည့်ပုံမှာ ကျွန်တော့်အဖို့ အမျိုး မျိုး တွေးစရာရှိနေပါသည်။ စင်စစ်အားဖြင့် သူနှင့် ကျွန်တော်မှာ မကာင်းရှင်းခဲ့ရာ မနှင်းစိန်မရှိ၍ လွတ်လပ်နေသောအခါတွင် ကျွန်တော့် အား တစ်နည်းတစ်လမ်းနှင့် သူ့ဘက်ကို ဆွဲ၍ ယူပေတော့မည်။ သို့သော် ကျွန်တော့်မှာ လောလောဆယ်အားဖြင့် မလေးဖြူအား စွဲ မက်သော အချစ်စိတ်မွှန်နေသည့်အတွက် သူ၏ မာယာစက်ကွင်းထဲ သို့ ဝင်အောင်ကျူးသွင်း၍ မရနိုင်သေးကြောင်း ရိပ်စားမိပေသည်။ ထို့ကြောင့် မိန်းကလေးကို ကျွန်တော့်လက်ထဲရောက်အောင် ကြံဆောင် ပေးပြီးသည့်နောက် ကျွန်တော်၏ အာသာရမ္မက် ငန်းငန်းတက်နေခြင်း မှာ ပြည့်ဝသည်နှင့် ငြီးငွေ့သွားမည်ဖြစ်ရာ ထိုသို့ ငြီးငွေ့စပြုသည်နှင့် သူ့လက်ထဲရောက်အောင် အရယူဖို့ရန် ရည်ရွယ်၍သာ မနာလို ဝန် တိုခြင်းကို မပြဘဲ ဤသို့ အကူအညီပေးရန် အသင့်ရှိခြင်းပင် ဖြစ် ရမည်ဟု ကျွန်တော်တွေးလိုက်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ကား မလေးဖြူကို ရဖို့ရန် တစ်ခုသာ အာရုံရှိနေသည်။

"ဒါဖြင့်ရင် ဘယ်လိုလုပ်မှာလဲ၊ မမြခက်ရဲ့ အကြံကို ပြောပြ ပါဦး"

မမြခက်၏အကြံမှာ ခက်ခက်ခဲခဲကြီး မဟုတ်လှပေ။ မလေး ဖြူထံ ဆရာဘုန်းတော်ကြီး ဦးကေလာ အသည်းအသန် ဖြစ်နေသဖြင့် အသင့်လွှတ်လိုက်သော မြင်းရထားနှင့် တစ်ပါတည်း လိုက်လာရန် စာပေးခေါ်ယူပြီးနောက် မြို့ပြင်ရှိ မမြခက်နှင့် ရေးက အဆက်မကင်း ခဲ့သူတစ်ဦး၏ နေအိမ်သို့ ခေါ်ဆောင်သွားရန်ပင် ဖြစ်ပေသည်။ မလေး ဖြူကို ခေါ်လာရန်မှာ မမြခက်၏ တာဝန်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြံမှာ ရိုးရိုးကလေးပင် ဖြစ်သော်လည်း အချက်ပိုင်လှပေသည်။ လျှို့ဝှက်နက်နဲစွာ ကြံစည်လုပ်ကိုင်ကြမည်ဆိုလျှင် မယုံသင်္ကာဖြစ်စရာရှိ၍ အောင်မြင်မည် မဟုတ်ပေ။

သို့အားဖြင့် ကျွန်တော်၏လုပ်ငန်းမှာ မြို့ပြင်ရှိ အိမ်ကြီးသို့ ဦးစွာ ရွှေ့ပြောင်းကာ လျှို့ဝှက် သိပ်သည်း၍ ယုံကြည်စိတ်ချရသော အစေအပါးများ ရှာဖွေထားရလေသည်။ အိမ်ကြီးမှာ လမ်းနှင့်အနည်းငယ် ကွာလှမ်းသည့် ခြံကြီးထဲတွင် ရှိသောကြောင့် ကျွန်တော်တို့၏ အသွားအလာများကို သူတစ်ပါးရိပ်မိသွားလေမည်လားဟု စိုးရိမ်ရန် မရှိပေ။

ကျွန်တော်၏ အကြံမှာ မလေးဖြူ ကျွန်တော်၏ လက်ထဲရောက်သည်နှင့် လွတ်ရာသို့ ခေါ်၍ ပြေးရန် ဖြစ်ပေသည်။ သို့သော် ထိုအကြံကို မမြခက်အား ထုတ်၍ ပြောမထားပါ။ သူကား မလေးဖြူအပေါ်တွင် သဝန်ကြောင်သည့်စိတ်ဖြင့် တစ်မျိုးတစ်မည် အကောက်ကြံကာ တံခါးပိတ်ပြီး နှိပ်စက်ရန် ကြံကောင်း ကြံထားပေမည်။

ကျွန်တော်တို့သည် အိမ်ကိစ္စကို အားလုံးအသင့်ပြင်ဆင်ပြီးကြသည့်နောက် မလေးဖြူအား မမြခက်ကိုယ်တိုင် သွား၍ခေါ်လေ၏။ ကျွန်တော်ကား စိတ်အာရုံစောနေသည့်အတွက် အငြိမ်မနေနိုင်ပေ။ သူတို့အလာကို စောင့်စားနေရသည့် အချိန်အတွင်း လှောင်ချိုင့်ထဲရောက်နေသော သားရဲတိရစ္ဆာန်ကဲ့သို့ အိမ်ခန်းတွင်းဝယ် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိလေသည်။

ညနေဘက်သို့ ရောက်လာသည့်အချိန်တွင် ကောင်းကင်တစ်ပြင်လုံး မဲမှောင်သော မိုးသားများ တက်၍လာကာ လေမုန်တိုင်းကြီးလာတော့မည့် အရိပ်နိမိတ်များပြ၍ နေလေရာ ကျွန်တော့်မှာ အလိုလို စိတ်လေးလာမိလေသည်။ ကျွန်တော်တို့၏ အစီအစဉ်မှာ အောင်မှအောင်မြင်ပါမည်လား၊ မလေးဖြူကို သီလရှင် ဒေါ်သုစာရီက လိုက်ခွင့်ပြုမှ ပြုပါမည်လားဟု ပူပန်မိလေသည်။ ကောင်းကင်ပြင်ကား မှောင်၍ ပိန်းနေလေပြီ။ လေမုန်တိုင်းကြီးကား မကျလာသေးချေ။

ထိုအချိန်မှာပင် မြင်းရထားသံကို ကြားရသဖြင့် ဝမ်းမြောက်သွားကာ အိမ်တွင်းမှ အပြင်သို့ လှမ်းကြည့်လိုက်ရာ ခြံကြီးထဲသို့ ဝင်လာသော မြင်းရထားတစ်စီးကို တွေ့ရပြီးလျှင် အိမ်ရှေ့တွင် ရထားရပ်၍ ရထားပေါ်မှ ဆင်းလာကြသော မမြခက်နှင့် မလေးဖြူတို့ကို မြင်ရလေ၏။

ထိုခဏတွင် မိုးချုန်းသံများကို ကြားရလေရာ အဝေးမှ မိုးချုန်းသံများလား၊ ကျွန်တော်၏ ရင်ထဲမှ မြည်ဟိန်းနေသံများလားဟု ယောင်ယောင်ဝါးဝါး ဖြစ်လာမိတော့သည်။ ချက်ချင်းပင် သူတို့နှစ်ဦး အိမ်တွင်းသို့ ရောက်လာကြလေတော့သည်။

မလေးဖြူသည် ကျွန်တော့်ကိုမြင်လျှင် မလှုပ်မယှက်ရပ်၍ ကြည့်နေလိုက်လေသည်။

"ဘုန်းဘုန်း ဒီမှာ ရောက်နေသလား၊ ဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်၍ ပြလိုက်လေသည်။

"အံ့ဩစရာပဲရှင် လွန်ခဲ့တဲ့ ဥပုသ်နေ့ကတောင် ကျွန်မတို့လာပြီး ကြည့်သေးတယ်။ အဲဒီတုန်းက မာမာကျန်းကျန်းပဲ ဘယ်နှယ်ဒီရောက်နေပါလိမ့်၊ ဒေါ်သုစာရီကလည်း ဆရာတို့အိမ်မှာ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်လို့တောင် မပြောလိုက်ဘူး''

'ကျုပ်လည်း ဒီကို မရည်ရွယ်ဘဲနဲ့ ရောက်လာပြီး ဆရာတော်ကို လာတွေ့ရတာ' ဟု ကျွန်တော်က ပြောလိုက်ပြီး မမြခက်ဘက်သို့ အဓိပ္ပာယ်ပါသောအကြည့်ဖြင့် ကြည့်လိုက်လေ၏။

မမြခက်ကလည်း ကျွန်တော်၏ အရိပ်အကဲကို ကြည့်ကာ ကျွန်တော်နှင့် မလေးဖြူတို့ အသိဖြစ်နေကြခြင်းကို သူ မသိသကဲ့သို့ အံ့ဩသည့် အမူအရာကို ပြကာ 'ဪ... ဒီလို သိနေကြမှန်းမှ မသိဘဲကိုး၊ သိရင် ဒေါ်သုစာရီကို ပြောပြမှာပေါ့' ဟု ပြောလေသည်။

မလေးဖြူက ကျွန်တော်တို့၏ အမူအရာ အပြောအဆိုတို့ကို အာရုံမစိုက်နိုင်။ ဦးကေလာအတွက်သာလျှင် ပူပန်မကင်းရှိနေကာ မျက်ရည်ကလေးများ ရစ်ဝဲလျက် 'ဆရာတော့်အတွက် ကျွန်မ သိပ်စိတ်မကောင်းဘူး၊ ကျွန်မရဲ့အပေါ်မှာ အမိဆိုလည်း ဟုတ်တယ်၊ အဘဆိုလည်း ဟုတ်တယ်။ ဆရာတော် တစ်ခုခုဖြစ်သွားရင် ကျွန်မ လက်ရုံးနှစ်ဖက် ပြုတ်တာနဲ့ အတူတူပါပဲ။ တစ်ဆိတ် ကျွန်မ ဆရာတော့်ကို အမြန်ဆုံး ကြည့်ပါရစေ' ဟု တုန်တုန်ယင်ယင် ပြောရှာလေ၏။

ကျွန်တော်နှင့် မမြခက်တို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ မျက်ရိပ်မျက်ခြည်ဖြင့် စကားပြောကြရလေသည်။

''ဒီမှာ မလေးဖြူ... စောစောက ဆရာဝန် လာကြည့်သွားတယ်၊ ဆရာတော့်ကို ဘာမှ အနှောင့်အယှက် မဖြစ်စေရဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပါစေတဲ့...မလေးဖြူကို တွေ့လိုက်ရင် သူ့စိတ်ထဲမှာ



လှုပ်ရှားသွားပြီး ဝေဒနာဖောက်ပြန်လာမှာ စိုးရတယ်' ဟု ကျွန်တော်က ဝင်၍ ကာလိုက်လေသည်။

''ဘယ်လိုဖြစ်လို့လဲရှင်''

''ကျောင်းတုန်းက ဒေါ်သုစာရီကို ပြောပြခဲ့တဲ့အတိုင်းပဲ၊ ဆရာတော် လှည်းပေါ်က ကျလို့ သတိမရတာနဲ့ ဒေါ်ဒေါ့အိမ်ထဲ ယူလာပြီး ပြုစုထားရတာ၊ မနက်ဖြန် မနက်ဆိုရင် သက်သာလာစရာ ရှိတယ်။ အဲဒီတော့မှ ကြည့်တာပေါ့။ ဒီညတော့ မိုးနဲ့ လေနဲ့မို့ ဒီမှာပဲ အိပ်ပေတော့ ဒေါ်ဒေါ်လည်း အရှိသားပဲ' ဟု မမြခက်ကလည်း ထပ်၍ အယုံသွင်းလိုက်ပြန်လေ၏။

'ဟုတ်ကဲ့...စောင့်ပါမယ်'ဟု မလေးဖြူက လေးတွဲ့သောအသံဖြင့် ပြောပြီးလျှင် 'ကျွန်မ ဆရာတော့်ကို ချက်ချင်းတွေ့ရမလားလို့ လိုက်လာတာ၊ မနက်ဖြန်တော့ဖြင့် ကြာကြာမနေနိုင်ဘူး၊ ကျွန်မ သီလရှင်အဝတ်ကို ဝတ်တော့မယ်၊ ဒီအကြောင်းကို ဆရာတော်လည်း သိပါတယ်' ဟု ပြောပြလေသည်။

''ကဲလေ... သူတော်ကောင်းဘဝကို ကူးပြောင်းခါနီး စိတ်ချမ်းချမ်းသာသာ ထားပါလေ၊ လာလာ အိမ်ပေါ်တက်ရအောင်၊ မလေးဖြူအတွက် အိပ်ရာအခန်း အဆင်သင့်ပဲ'' ဟု မမြခက်က ပြောကာ မလေးဖြူအား အိမ်ပေါ်ထပ်သို့ ခေါ်သွားလေ၏။

လေမုန်တိုင်းကား ဆင်စပြုလာလေပြီ။

ကျွန်တော်ကား ကျွန်တော်၏ ရဲတင်းမှုကို ပြန်၍ တွေးမိကာ ကြက်သီးများပင် ထ,မိလေတော့သည်။ ယခု အပြုအမူနှင့် ရှင်းစာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် ရေးက ကျွန်တော် ပြုလုပ်ခဲ့သည့် အပြစ်တို့မှာ ဘာမျှ စာမဖွဲ့လောက်ပေ။ ယခု အပြုအမူမှာ သူတော်စင်ဘဝသို့ ကူးမည့်ဆဲဆဲ ဖြစ်သော မိန်းကလေးတစ်ဦး၏ အချစ်ကို ဓားပြတိုက်၍ ယူရမည် ဖြစ်လေရာ အောင်မြင်သည့်တိုင်အောင် ကျွန်တော့်အဖို့မှာ အနုပညာ သည်ကြီးတစ်ယောက်အဖြစ်ဖြင့်ကား နာမည်ပျက်ရချေတော့မည်။ အနုပညာသည် လောကတွင် ကျွန်တော်၏ဘဝမှာ နစ်မွန်းရပေမည်။ မိန်းကလေးတစ်ယောက်သည် ဤသို့ကျူးသွင်းခံခဲ့ရသည်ကို သိရသည်နှင့် တစ်ပြိုင်နက် မည်သို့ ခုခံကာကွယ်မည်ကိုလည်း ကျွန်တော် ကြိုတင်၍ မသိနိုင်ပေ။ ဤအထဲတွင် ကျွန်တော်သည် မန္တလေး၌ ဦးကေလာ မရှိဟု ထင်၍ ဤအကြံကို ကြံခဲ့မိရာ အကယ်၍ ဦးကေလာသည် မလေးဖြူအား ကျွန်တော် ခိုးထုတ်မပြေးနိုင်မီအတွင်း ဂုဏဝတီကျောင်းသို့ ရောက်ရှိ၍ အကြောင်းသိသွားပါက ရှေ့တွင် မည်သို့ ဖြစ်ချေမည်နည်း။ ကျွန်တော့်အား ထိတ်စရာ၊ လန့်စရာအတွေးတို့က တစ်ခုပြီးတစ်ခု ခြိမ်းခြောက်နေကြလေတော့သည်။

လေမှာ တဖြည်းဖြည်း ပြင်းထန်လာကာ အခန်းထဲမှ လသာ မှန်အိမ်မှာ လေတိုက်၍ မီးငြိမ်းသွားလေ၏။ ကျွန်တော်လည်း ပြူတင်းပေါက်များကို လိုက်၍ပိတ်ရာ ပြတင်းတစ်ခုကို အပိတ်တွင် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်ကို မြွေပေါက်လိုက်သကဲ့သို့ လျှပ်ပန်းလျှပ်နွယ်များ ထိုးစိုက် မိုးကြိုးပစ်လိုက်ရာ ကျွန်တော့်မှာ လန့်ပြီး နောက်ဆုတ်လိုက်မိလေသည်။

ကျွန်တော့်မှာ သာမန်အားဖြင့် မိုးကြိုးပစ်ခြင်း၊ လျှပ်စစ်ပြက်



ခြင်းတို့ကို ကြောက်ရွံ့တတ်သူ မဟုတ်သော်လည်း ထိုညအဖို့မှာကား အပြစ်ရှိနေသူတစ်ယောက် ဖြစ်သည့်အလျောက် သွေးလန့်၍ နေလေ၏။ လျှပ်စစ်မုန်တိုင်းများကလည်း ကျွန်တော်၏ တစ်သက်တွင် မကြုံစဖူး ပြင်းထန်လှပေသည်။

ထိုအခိုက်တွင် အိမ်ရှေ့တံခါးကို တုတ်နှင့် ခေါက်သံကြားရာ ကျွန်တော့်မှာ ခေါင်းနပန်းကြီး၍ သွားလေသည်။

"အိမ်ရှင်တို့... အိမ်ရှင်တို့ မရှိကြဘူးလား"

ဟု အပြင်မှ ခေါ်သည့်အသံမှာ တုန်ယင်နေလျက် အဘိုးကြီးတစ်ယောက်၏ အသံဖြစ်ကြောင်း သိရပေ၏။

"အချိန်မတော်ကြီးမှာ ဘာကိစ္စလဲ"

"လမ်းသွားရင်း လေတွေ၊ မိုးတွေ မိနေလို့ တဆိတ်မိုးခိုပါရစေ"

ကျွန်တော့်မှာ ဤအချိန် ဤအခါမျိုးတွင် မည်သူ့မျှ အဝင်မခံလိုသော်လည်း ဒုက္ခသည် အဘိုးကြီးတစ်ယောက်ကိုကား မောင်းထုတ်ပစ်ရအောင် ရက်စက်ခက်ထန်သော စိတ်မထားနိုင်သဖြင့် တံခါးကို ဖွင့်ပေးလိုက်ရာ အဝေးမှ လက်လိုက်သော လျှပ်စစ်အလင်းရောင်အားဖြင့် ခေါင်းဆောင်းမပါ။ တစ်ကိုယ်လုံး မိုးရေစိုရွှဲလျက် တောင်ဝှေးကို အားပြုထားရသော သူအို၏သဏ္ဌာန်ကို မကွဲမပြား မြင်လိုက်ရပေသည်။

သူ့အား အိမ်ထဲသို့ ဝင်စေပြီးနောက် တံခါးပြန်၍ ပိတ်လိုက်ရာ အခန်းတွင်း၌ မီးငြိမ်းနေသည့်အတွက် တစ်ယောက်ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်အောင် ရှိလေ၏။

"မှောင်လိုက်တာလဲ မဲလို့ပါကလား"

"လေတိုက်လို့ မီးငြိမ်းသွားတယ်၊ မီးထွန်းလိုက်ပါဦးမယ်"

ကျွန်တော့်မှာလည်း မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် မီးခြစ်ကို တွေ့အောင် မနည်းရှာပြီး မီးထွန်းရန် ခြစ်လိုက်ရာ မီးလင်းသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ တစ်ကိုယ်လုံးမှာ မလှုပ်ရှားနိုင်ဘဲ လောင်နေသော မီးခြစ်ဆံကို ကိုင်ရင်းတန်းလန်း ကြက်သေသေ၍ နေမိပေတော့သည်။ ထိုသို့ဖြစ်ရခြင်းမှာ အိမ်ထဲသို့ ရောက်နေသော အသိုးကြီးမှာ 'လူ' မဟုတ်ဘဲ၊ ဆရာတော် ဦးကေလာဖြစ်နေသည်ကို မီးခြစ်၏ အလင်းရောင်တွင် တွေ့ရခြင်းကြောင့်ပင် ဖြစ်ပေတော့သည်။

ကျွန်တော့်မှာ မီးခြစ်ဆံ လက်ကိုလောင်မှ ခါချလိုက်ရကာ ကြက်သေ သေနေရာက သတိရလာလေတော့သည်။

"အ··· အရှင်ဘုရား ဘာလုပ်ဖို့ လာတာလဲ"

"မီးထွန်းလိုက်ပါဦးလေ၊ မှောင်ထဲမှာ စကားပြောလို့ မကောင်းပါဘူး"

ကျွန်တော်ကား အိပ်မွေ့ချခံထားရသူကဲ့သို့ ဆရာတော်၏ အမိန့်အတိုင်း လိုက်နာရလေတော့သည်။

ဆရာတော်မှာ တစ်ကိုယ်လုံး စိုရွှဲ၍ တုန်တုန်ယင်ယင် ဖြစ်နေသည်ကို မီးရောင်အောက်တွင် တွေ့ရသဖြင့် 'ဆရာတော် အဝတ်လဲထားပါလား' ဟု ကျွန်တော်က ပြောလိုက်မိလေသည်။



"ဒီမှာ လဲစရာ မင်းအဝတ်ပဲရှိမယ်၊ ငါဝတ်နေတာ အရဟတ္တဓဇသင်္ကန်းလို့ ခေါ်တယ်။ မင်းလိုဒုစရိုက်တွေများတဲ့ လူတစ်ယောက်ရဲ့ ကိုယ်ပေါ်မှာ ဝတ်ပြီး ဒုစရိုက် အငွေ့အသက်တွေ ကူးနေတဲ့ အဝတ်ကို ငါဝတ်လို့ဖြစ်နိုင်မလား"

ဆရာတော်၏စကားမှာ ဒေါသဖြစ်စရာကောင်းလှသော်လည်း ကျွန်တော့်မှာ ဒေါသဖြစ်နိုင်ဖို့ဝေးစွ၊ ထိုစကားကြောင့်ပင် တုန်လှုပ်ချောက်ချားခြင်း ဖြစ်မိပေသည်။ ဦးကေလာကား တည်ကြည်စူးရှသော မျက်လုံးများဖြင့် ကျွန်တော့်အား စိုက်၍ ကြည့်နေလေသည်။ ဤနေရာတွင် ကျွန်တော်သည် ဦးကေလာအား ထ၍ သတ်မည်၊ လုံးမည်ဆိုလျှင် အသက်အရွယ် အရပ်အမောင်းချင်း ယှဉ်လိုက်က ကျွန်တော်သာလျှင် နိုင်ရပေမည်။ သို့သော် ကျွန်တော့်၌ သူ့အား အန်တုခြင်း၊ အာခံခြင်းပြုရန် သတ္တိအရည်အချင်းပျက်သုဉ်းနေသကဲ့သို့ ဖြစ်နေပါတော့သည်။

"ဒကာ ဘအို···မင်းကြည့်ရတာ တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေပုံ ရတယ်။ တစ်ခုတည်းမကဘူး အများကြီးပဲ ကြောက်ချင် ကြောက်နေလိမ့်မယ်။ မင်းအခုလို ကြောက်နေတာတွေဟာ ဘာတစ်ခုမှ ကြောက်စရာ အစစ်မဟုတ်ဘူး။ မင်းစိတ်ထဲက တွေးပြီး ကြောက်နေတာ တကယ်ကြောက်စရာကောင်းတာက မင်းစိတ်ထဲမှာ ကြောက်စရာရယ်လို့ မတွေးမိတဲ့ သံသရာမှာ ခံရမယ့် အပြစ်တွေပဲ"

ဆရာဘုန်းတော်ကြီး ပြောနေသည့် စကားများမှာ ကျွန်တော်၏နားထဲသို့ တစ်လုံးမျှ မဝင်ပါ။ နားရှိ၍သာ ကြားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စိတ်ထဲ၌ကား လေမုန်တိုင်း ရပ်စဲသွားပြီး သူ မြန်မြန် ပြန်သွားစေရန်သာ လိုလားတောင့်တမိပေသည်။

"အရှင်ဘုရား မိုးတိတ်သွားရင် ဘယ်ကိုကြွမလို့ပါလဲ၊ တပည့်တော် လိုက်ပို့ပါ့မယ်"

'မိုးတိတ်တော့မှ ဒီကိစ္စကို ပြောတာပေါ့ကွယ်' ဟု ဆိုပြီး နောက် ဆရာတော်သည် အိမ်တွင်း၌ ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်ကာ 'ဒီအိမ်ကြီးဟာ အရင်ကအတိုင်းပါပဲကလား၊ လက်ရာခြေရာတွေ ဘာမှ မပြောင်းလှဘူး' ဟု ဆိုလိုက်လေသည်။

"မှန်ပါ၊ အရှင်ဘုရား ဒီကို ရောက်ဖူးပါသလား"

'ရောက်ဖူးတယ် ဆိုပါတော့...။ ဒီအိမ်မှာ ငါ့မိတ်ဆွေ ငါ့ဒကာတစ်ဦးရဲ့ မိန်းမကို မျက်နှာဖြူအရေးပိုင်တစ်ယောက်က ကြာခို ပြီး ဒီမှာ လာထားတယ်။ စင်စစ်တော့ မိန်းမကိုယ်တိုင်က ဖောက်ပြန်ပြီး လာနေတဲ့ကိစ္စပဲ။ အင်မတန်မိုက်မဲတဲ့ မိန်းမ။ အခုထက်ထိ ရှိသေးတယ်။ ငါ့မိတ်ဆွေကတော့ ရှက်လွန်းလို့ သူ့နာမည်ကိုတောင် ပြောင်းလိုက် ပြီး ငါကျောင်းထိုင်တဲ့ ရွာကလေးနားမှာပဲ လာပြီး သူ့သမီးကလေး နဲ့အတူ မထင်မရှား နေရရှာတယ်။ သူ အခု ဆုံးရှာပြီ။ သူ့သမီး ကလေးဟာ ငါအုပ်ထိန်းထားတဲ့ ကလေးမပေါ့။ ဂုဏဝတီကျောင်း မှာ ခေမာထေရီရဲ့ပုံကို ရအောင် မင်းပုံတူရေးရတဲ့ မလေးဖြူပေါ့။ မနက်ဖြန်ပဲ သူ့သီလရှင်ဝတ်တော့မယ်"

'ဩ' ဟု ကျွန်တော်၏ ပါးစပ်ထဲမှ စကားတစ်လုံးတည်းသာ ထွက်နိုင်လေသည်။



"ကဲ...လာစမ်း... ဟောဒီဘက် အခန်းထဲဝင်ပြီး ကြည့်ရ အောင်"

ကျွန်တော်ကား ဦးကေလာအပေါ်တွင် တဖြည်းဖြည်း မသင်္ကာဖြစ်၍ လာလေတော့သည်။ အကယ်၍ ဦးကေလာ တစ်စုံ တစ်ခု ပြုလုပ်လျှင် ခံမည်မဟုတ်တော့ပါ။ သို့သော် ဘုန်းတော်ကြီး အား အနှာတရ ဖြစ်စေမှုကိုတော့ဖြင့် ကျွန်တော် လုပ်မည်မဟုတ်။ ကျွန်တော်နှင့် မလေးဖြူတို့၏ အကြားတွင် ဝင်ရောက်နှောင့်ယှက် နိုင်ခြင်းမရှိအောင် ပြုလုပ်မည်သာ ဖြစ်ပေသည်။ မတတ်သာ၍ လုပ် ရလျှင် ဦးကေလာအား အခန်းထဲတွင် တုပ်နှောင်ပိတ်လှောင်ထားကာ ကျွန်တော်တို့၏ လွတ်မြောက်ရေးကို ရှာမည်ဖြစ်ပေသည်။

သို့ဖြင့် ဦးကေလာ ဝင်လိုသော အခန်းထဲသို့ ကျွန်တော်က မီးအိမ်မြှောက်ပြ၍ လိုက်ရလျက် ဦးကေလာကား တောင်ဝှေးကို ဆွဲ၍ ဝင်ခဲ့လေသည်။

အခန်းထဲသို့ရောက်၍ ကျွန်တော်၏ လက်ဆွဲမီးအိမ်ကို စား ပွဲတစ်လုံးပေါ်သို့ ချလိုက်လျှင်ပင် ဦးကေလာ၏ မျက်နှာ အမူအရာ မှာ ပြောင်းလဲသွားကာ ခက်ထန်တင်းမာလာသည်ကို အကဲခတ်လိုက် မိပေသည်။

ဦးကေလာသည် တစ်စုံတစ်ရာ မပြောသေးမီ အခန်းတံခါး ကို သူကိုယ်တိုင် ပိတ်လိုက်လေ၏။

"ဟေ့... မောင်ဘအို၊ မင်းကို ဒီအခန်းထဲ ခေါ်လာတာ သိရဲ့လား၊ မင်းကို သတ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



ဦးကေလာ၏ မျက်နှာတင်းမာသလောက် အသံမှာလည်း ခက်ထန်လှပေသည်။ ကျွန်တော်လည်း ထိုစကားကို ကြားလိုက်ရသဖြင့် မွန်ထူသွားလေတော့သည်။

"သတ်ရဲရင်လည်း သတ်ပေါ့ဘုရား၊ တပည့်တော်မှာလည်း လက်နဲ့ ခြေနဲ့ပဲ"

"သို့ပေမဲ့ မင်းကို သတ်ပစ်တာထက် မှတ်လောက်သားလောက်အောင် ဆုံးမတာက ပိုပြီး အရာရောက်မယ်ဆိုတာ ငါတွေးမိလို့ သတ်ဖို့ကိုတော့ ငါစိတ်ပြောင်းလိုက်ပါပြီ။ ကဲ... မင်းအပြစ်ကို မင်းဝန်ခံစမ်း"

"ဘာမှ ဝန်ခံစရာမရှိဘူး ဘုရား"

"လောကမှာ မကောင်းမှုဆိုတာ ဝှက်ထားလို့ မရဘူး။ သမ္မာဒေဝ နတ်မြတ် နတ်ကောင်းတွေဟာ သူတော်ကောင်းကို အမြဲစောင့်မနေတယ်။ ဒါကြောင့် မင်းဟာ မလေးဖြူကို ဖျက်ဆီးဖို့ ကြံပေမယ့် မရဘူး။ သူ့ကို မင်းတို့လှည့်ဖြားပြီး ထုတ်သွားတာနဲ့ တစ်ပြိုင်နက် ငါ့ကို နတ်ကောင်း နတ်မြတ်တွေက တိုက်တွန်းလိုက်သလိုပဲ ဂုဏဝတီကျောင်းကို ငါရောက်သွားပြီး မလေးဖြူကို မိန်းမတစ်ယောက်လာခေါ်သွားတယ် ဆိုတာ ငါသိရတယ်။ တိုတိုပြောမယ်ကွယ်...၊ မင်း ပုပ္ပားကို လိုက်လာကတည်းက မင်းဟာ ဒီအထိ ကြံတော့မှာပဲဆိုတာ ငါရိပ်မိပြီး ငါလည်း မန္တလေးအမြန်ပြန်လာခဲ့တယ်။ ရောက်ကတည်းက မင်းရဲ့ အသွားအလာတွေ ငါစုံစမ်းထားပြီးသားဖြစ်တော့ မလေးဖြူ ပျောက်သွားတာနဲ့ ဘယ်လိုရှာရမယ်ဆိုတာ



သိလို့ ဒီလိုက်လာခဲ့တာပဲ'ဟု ဆိုရာက လက်ထဲက တောင်ဝှေးကို လက်နှစ်ဖက်နှင့် ကိုင်၍ ညွှတ်ကွေးစမ်းသပ်ကြည့်လိုက်လေသည်။

'ကဲ... မင်းအပြစ်ကို မင်းသိပြီ၊ အဲဒီတော့ ငါကလည်း လူသိ နတ်ကြား ရာဇဝတ်ကြောင်းတွေ ဘာတွေလုပ်မနေဘူး။ ရှေးဘုန်းကြီးပီပီ ငါကိုယ်တိုင် ငါ့လက်နဲ့ ဆုံးမရမှ ကျေနပ်တာ' ဟု ပြောရာက ကျွန်တော့်အား စိုက်ကြည့်နေပြီးမှ 'ကဲ... ဘအို မင်း အင်္ကျီကို ချွတ်လိုက်...' ဟု အမိန့်ပေးလေတော့၏။

"ဒါ ကိုယ်တော့်အလုပ် မဟုတ်ပါဘူး"

"ဟော့...ချွတ်ဆို ချွတ်လိုက်"

ဦးကေလာ၏ မျက်လုံးများမှာ နဂါးမျက်စောင်းကဲ့သို့ ကျွန်တော့်အား ပြာကျသွားစေတော့မည်လားဟု ကြည့်ရင်း ကြည့်ရင်း ထင်မြင်လာရကာ ကျွန်တော့်မှာ မော်ဆရာ၏ အမိန့်ကို မလွန်ဆန်နိုင်သကဲ့သို့ အင်္ကျီကိုချွတ်ပြီး သူ့ရှေ့တွင် မတ်မတ်ကြီး ရပ်တန့်နေမိတော့၏။

"ရှမ်း"

ကျွန်တော့်မှာ မျက်စိထဲက မီးများ ပွင့်ထွက်သွားသလားဟု ထင်မိသည်။ ဦးကေလာမှာ အသက် (၆၀) ကျော်နေပြီဖြစ်ရာ ခွန်အားမရှိတော့ပြီဟု ကျွန်တော်ထင်မိရာ ကြိမ်လုံးတောင်ဝှေး၏ ဒဏ်ကို ပထမတစ်ချက် ခံလိုက်ရရုံနှင့် သူ၏ အင်အားကို သိရပေတော့သည်။

ကြိမ်ချက်များကား မိုးသီးမိုးပေါက်ပမာ ကျွန်တော်၏ ကိုယ်ပေါ်သို့ ကျရောက်ကာ အချို့နေရာများတွင် အသားထဲသို့ နစ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။ ကျွန်တော်ကား ခုခံနိုင်စွမ်းမရှိဘဲ ကြိတ်မှိတ်၍ ခံနေရသည်။ ထိုအခိုက်မှာပင် ကျွန်တော်၏ ကိုယ်မှ သွေးများ စိုထွက်လာသည်ကို တွေ့ရရာ ကျွန်တော်၏ အပြစ်များကို သွေးဖြင့် ဆေးကြောလိုက်ရပြီဟု ထူးခြားသော တွေ့သိ ခံစားမှုကိုလည်း ဖြစ်လိုက်မိပေသည်။ သို့သော် ဆက်လက်ကျရောက်နေသော ကြိမ်ချက်တို့ကို မခံနိုင်တော့ပြီ ဖြစ်သဖြင့် တစ်ချက်တွင် ညာဘက်လက်နှင့် ဆီး၍ ခံလိုက်ရာ လက်ဖျားနှင့် ခံမိသဖြင့် လက်ချောင်းသုံးချောင်းကို ကြိမ်ထိကာ မျက်စိထဲမှ မီးဝင်းဝင်းတောက်သွားပြီး ရှေ့သို့ ထိုး၍ လဲကျလေတော့၏။

ဆရာတော်လည်း ကျွန်တော်၏ လက်ကို ထိကာ လက်ချောင်းများ ကျိုးသွားသည်ကို သိရသဖြင့် ရပ်လိုက်ပြီးလျှင်...

"အင်း... မင်းလက်ကိုတော့ ငါရိုက်ဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမဲ့ ဒီလိုထိမှပဲ မင်းအဖို့ အေးတော့မယ်' ဟု ဆိုကာ အဖျားများ ဖွာ၍သွားသော ကြိမ်လုံးကို ပစ်ချလိုက်လေတော့သည်။

ကျွန်တော်ကား ပြန်၍ ထရန် ကြိုးစားသော်လည်း မထနိုင်တော့ပါ။ ကျောနှင့် ပခုံးပေါ်က ဒဏ်ရာဒဏ်ချက်များ ပြင်းပြလှသည် ဆိုသော်လည်း လက်၌ထိသည့် ဒဏ်ရာနှင့်စာလျှင် မဖြစ်လောက်ပေ။ လက်သုံးချောင်း ကျိုးသွားသည့် ဒဏ်ရာမှာ လက်တွင်သာမက အသည်းနှလုံးပါ ထိခိုက် နာကျည်းကာ မချိမဆံ့ခံရပေတော့သည်။ သို့အားဖြင့် ကျွန်တော့်မှာ နောက်တစ်ချီ ကြိုးစား၍ အထတွင် လက်မထောက်နိုင်ဘဲ ရှေ့သို့ တိုး၍ လဲပြီး မေ့မြောသွားလေတော့သည်။



နောက်နေ့ နံနက်စောစောအချိန် ကျွန်တော် သတိရလာခိုက် ဆရာဝန်တစ်ဦး ရောက်လာပြီး ကျွန်တော်၏ ကျိုးနေသော လက်ဆစ်ကလေးများကို ကျပ်စည်းပေးသွားလေသည်။ ကျွန်တော်၏ ကိုယ်တွင်ကား အိမ်ရှိ အနိုင်းအစေများက ငှက်ပျောသီးနှင့် နယ်ပေးကြရသည်။ ကျွန်တော့်မှာ ဆရာဝန်ကောင်းကောင်းနှင့် လက်ချောင်းများကို ကုသလိုက်ရလျှင် မိမွေးတိုင်း ဖမွေးတိုင်း ပြန်၍ ဖြစ်လာနိုင်ပေမည်။ သို့သော် ကိုယ့်အပြစ်နှင့်ကိုယ် ကျိတ်၍ ကုသရလေရာ ဆရာဝန်၏ အပြုအစုမကောင်းသည့်အတွက် လက်ကျိုးရသည့်အဖြစ်သို့ ရောက်ကာ ထိုအချိန်မှစ၍ ကျွန်တော်၏ လက်များမှာ ဟန်းချီစုတ်တံနှင့် ကင်းကွာရသည့်အဖြစ်သို့ ရောက်ခဲ့ရပေတော့သည်။

နေ့လယ်လောက်တွင် ကျွန်တော်၏ အခန်းထဲသို့ မမြခက် ဝင်ရောက်၍လာကာ ကျွန်တော့်အား ဒေါသဟုန်းဟုန်းတောက်နေသော မျက်လုံးများနှင့် ကြည့်ပြီး 'မောင်ဟာ အင်မတန် အကြံပက်စက်ပါကလားဟင်' ဟု ဆိုလေတော့သည်။

ကျွန်တော့်မှာ မချိပြုံးပြုံးလိုက်ရရာက 'ဘယ်သူ့အကြံလဲ မမြခက်ရယ် သူခိုးက လူဟာစ်မနေပါနဲ့' အသံသဲ့သဲ့ဖြင့် ပြန်၍ ပြောလိုက်ရသည်။

"မလေးဖြူဟာ မြရဲ့ သမီးရှင့် မြရဲ့သမီး"

'ဘာ..'

'မြရဲ့သမီးအရင်း...။ သူ့ကိုမွေးပြီး မကြာခင် သူ့ရော သူ့အဖေရော မြ ပစ်ပြီး ပြေးခဲ့တာ။ သူ့ကို သေပြီလို့အောက်မေ့ထား

www.burmeseclassic.com

www.burmeseclassic.com



တာ ဆရာတော် ပြောပြမှ သိရတော့တယ်’ ဟု ပြောရာက မျက်ရည်များ ယိုစီးလာကာ ‘ကိုယ့်သမီးအရင်း ကိုယ်ပြန်တွေ့ရပေမဲ့ ဆရာတော်က စကားမပြောရဘူးဆိုလို့ သမီးရယ်လို့မှ မခေါ်လိုက်ရဘူး။ ဆရာတော်က မြကို အင်မတန်မိုက်မဲတဲ့ မိန်းမ၊ ဒီလိုသမီးမျိုးနဲ့ အမိယုတ်နဲ့ မတော်ဘူးဆိုပြီး စကားတောင် မပြောရဘူး’ဟု ပြောလေ၏။

“နို့ မလေးဖြူကော ဘယ်မလဲ”

“မိုးလင်းတာနဲ့ တစ်ပြိုင်နက် ဆရာတော်ခေါ်သွားပြီ”

“မလေးဖြူကကော အမေဆိုတာ သိမသွားဘူးလား”

“ဘာမှအသိပေးမသွားဘူး။ မောင်တို့အကြံဆိုးနဲ့ သူ့ကို ဒီခေါ်လာတယ်ဆိုတာတောင် သူမသိစေရဘူး။ ဆရာတော်က သူ ဒီမှာ ရှိနေတယ်၊ အခု နေကောင်းလာပြီလို့ သူ့ကို ပြောပြပြီး ပြန်ခေါ်သွားတယ်။ ဒီကနေ့ပဲ သူ့ကို သီလရှင်အဖြစ် သွတ်သွင်းလိုက်တော့မယ်။ မောင်တို့အကြံတွေ သူ ဘာမှသိမသွားရအောင် ဆရာတော်က ဖုံးလိုက်တယ်”

ကျွန်တော်ကား စကားများများ မပြောနိုင်သဖြင့် မမြခက်က ကျွန်တော် တစ်ဦးတည်းအပေါ်၌ အပြစ်ပုံ၍ ချနေသည်ကိုပင် မဖြေရှင်းဘဲ သက်ပြင်းချလိုက်ရလေတော့သည်။

“မြတော့ဖြင့် သမီးတစ်ယောက် ဆုံးရပြီ”

‘မထူးပါဘူး မမြခက်ရယ်၊ ကျုပ်မှာလည်း လက်သုံးချောင်းကို အသုံးမပြုနိုင်တော့ဘဲ ပညာသည်ဘဝကို ဆုံးရပါပြီဗျာ’ဟု သူ့ကို စကားပိတ်အောင် ပြောလိုက်ရလေတော့သည်။



မှန်ပေသည်။ ကျွန်တော်ကား အသက်ရှင်လျက် လူ့ဘဝဆုံးရပေပြီ။ ယင်းသို့ ကျွန်တော် အလွန်မြတ်နိုးလှသော ပညာသည်ဘဝကြီး ဆုံးရှုံးရမည်ကို နှမြောလှသဖြင့် ထင်ရှားသော ဆရာဝန်ကြီးများနှင့် ကုသပါသော်လည်း ခဏာမျှလောက်သာ ပြန်ကောင်းပြီး ကျိုးမြဲ ပြန်၍ ကျိုးလေတော့သည်။

ကျွန်တော့်အဖို့မှာ ဤလက်ချောင်းများကို အသုံးမချနိုင်လျှင် ကျွန်တော်၏ ဘဝကြီးကို အသုံးချ၍ မရနိုင်တော့ပါ။

ကျွန်တော် ကြားဖူးပါသည်။ ထင်ရှားကျော်ကြားသော စာရေးဆရာကြီးအချို့မှာ အရက်သောက်လွန်းသည့်အတွက် လက်များတုန်ယင်ကာ ကလောင်တံကို မကိုင်နိုင်သည့်အဖြစ်သို့ ရောက်ရသည်ဟု ကြားရဖူးပါသည်။ ထိုဆရာကြီးများမှာ ကျွန်တော်တဲ့သို့ ပညာသည်ကြီးများ ဖြစ်သော်လည်း ကျွန်တော့်လို အဖြစ်မဆိုးပါ။ စာရေးရာတွင် လက်နှိပ်စက်ကို သုံးလိုက သုံးနိုင်ပါသည်။ နှုတ်က ပြောပေး၍ အခြားသူအား လိုက်၍ ရေးခိုင်းက ရေးနိုင်ပါသည်။ ကျွန်တော်၏အလုပ်မှာ ကျွန်တော့်လက်ချောင်းများဖြင့် စုတ်တံကို ကိုင်၍ ခြယ်လှယ်ပါမှ ပညာစွမ်း ထွက်ပေါ်နိုင်ပါသည်။

ယခုကား ကျွန်တော်၏ဘဝမှာ ခါးတစ်ပိုင်းကျိုးခဲ့ရပါပြီ။ အရွယ်ကောင်းတုန်း ထက်မြက်တုန်းတွင်မှ ဤသို့ဖြစ်ရသည်နှင့်အမှ ကျွန်တော်၏ဘဝတစ်ခုကို စာအုပ်ပိတ်လိုက်ရလေပြီ။

သို့အားဖြင့် ကျွန်တော်သည် ကျွန်တော်၏ အပြစ်များကြောင့် သားဖြစ်သူအား မနစ်မွန်းစေရန် ကျွန်တော်၏ပစ္စည်းဟူသမျှ သား၏

www.burmeseclassic.com



နာမည်ဖြင့် လွှဲထားခဲ့ပြီးလျှင် မန္တလေးမှ တစ်ခါတည်း ထွက်ခွာ၍ လာခဲ့ပါတော့သည်။

သို့သော် ကျွန်တော်၏ ယခုဘဝကား စုတ်တံနှင့် မကင်းသေးပါ။ နံရံကပ်ပိုစတာများကို ကပ်ရသည့်အလုပ်မှာ ကော်သုတ်သည့်စုတ်တံကို လက်လွှတ်၍ မရပါ။ မည်သို့ပင်ဖြစ်စေ ပိုစတာကပ်သည့်ဘဝမှာပင် ကျွန်တော်၏ အလုပ်၌ ထူးခြားခြင်း၊ အလုပ်ရှင်များအား မည်သည့်ပိုစတာမျိုးသည် တန်ဖိုးရှိမည်ဟု အကြံဉာဏ်ပေးနိုင်ခြင်းတို့ကြောင့် အလုပ်ရှင်များက ကျွန်တော်၏ အလုပ်ကို များစွာနှစ်ခြိုက်သဘောကျကာ "ဦးဘအိုလို အနုပညာစိတ်ကူးရှိတဲ့ လူတစ်ယောက်ဟာ ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်၊ ဘယ့်နှယ် ပိုစတာကပ်စားနေရပါလိမ့်မလဲ" ဟု ဆိုကြပါသည်။

ကျွန်တော်ကား… ထိုသို့ပြောတိုင်း မချိပြုံး,ပြုံး၍ နေလိုက်ရပါတော့သတည်း။ ။

* * *

ဇေယျ

www.burmeseclassic.com